ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

ပွားစီးတိုးအောင် အားထုတ်

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုး ဖြစ်ထွန်းစေအုံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိအကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏)

အတ္ထဝဂ်(၈မူပဒ-၁၆၆)

၁၃၈၀ ပြည့်နှစ် ပထမဝါဆိုလပြည့်ကျော် ၁၁ ရက်၊ တနင်္ဂနွေနေ့။ Sunday 8 July 2018 ၉၃၄၁

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြား

နေပြည်တော် ဇူလိုင် ၇

၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သမဝါယမဦးစီးဌာန ရုံးအမှတ်(၁၆)၌ ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာအောင်သူ၊ ဦးသိန်းဆွေ၊ နိုင်သက်လွင်နှင့် ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဦးလှကျော်၊ နေပြည်တော်ကောင်စီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဗဟိုသမဝါယမအသင်းလီမိတက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌများနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ INGO၊ NGO များ၊ သမဝါယမအသင်းသူ အသင်းသားများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ရှေးဦးစွာ ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သမဝါယမဦးစီးဌာနရုံးရှေ့မှက်နှာစာ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒုတိယဝန်ကြီး ဦးလှကျော်၊ ဗဟိုသမဝါယမအသင်းဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အထိမ်းအမှတ် အရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အခမ်းအနားကို သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻**

အာဇာနည်နေ့တွင် အာဇာနည်ပိမာန်၊ ပိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)၊ ပိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်(နတ်မောက်)နှင့် ဝန်ကြီးများရုံး(ယခင်အတွင်းဝန်ရုံး)တို့ကို အများပြည်သူများ ကြည့်ရှုလေ့လာနိုင်ရန် ဖွင့်လှစ်ပြသမည်

နေပြည်တော် ဇူလိုင် ၇

၂၀၁၈ ခုနှစ် ဇူလိုင် ၁၉ ရက် (၇၁)နှစ်မြောက်အာဇာနည်နေ့တွင် အာဇာနည်ပိမာန်၊ ပိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်)၊ ပိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်(နတ်မောက်) နှင့် ဝန်ကြီးများရုံး(ယခင်အတွင်းဝန်ရုံး)တို့ကို အများပြည်သူများ ကြည့်ရှုလေ့လာနိုင်ရန် အတွက် ဖွင့်လှစ်ပြသသွားမည်ဖြစ်သည်။

အာဇာနည်ပိမာန်ကို မွန်းတည့် ၁၂ နာရီမှ ညနေ ၆ နာရီအထိ လည်းကောင်း၊ ပိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)နှင့် ပိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်(နတ်မောက်) တို့ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ လည်းကောင်း၊ ဝန်ကြီးများရုံး(ယခင်အတွင်းဝန်ရုံး)ကို နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိလည်းကောင်း ဖွင့်လှစ်ထားမည်ဖြစ်သည်။

ထို့ပြင် အာဇာနည်ပိမာန်၊ ပိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)၊ ပိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်(နတ်မောက်)နှင့် ဝန်ကြီးများရုံး(ယခင်အတွင်းဝန်ရုံး)တို့ကို အများပြည်သူများ ကြည့်ရှုလေ့လာနိုင်ရန် ဇူလိုင် ၁၉ ရက်အပြင် ဇူလိုင် ၂၀ ရက်မှ ၂၁ ရက်အထိ နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ဆက်လက်ဖွင့်လှစ်ပြသသွားမည်ဖြစ်၍ အများပြည်သူများ လာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

နေပြည်တော် ဇူလိုင် ၇

ယနေ့ ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှူးဦးစီးဌာနက ထုတ်ပြန်သည်။

ကြေးမုံ

စည်းကမ်းတကျ လွတ်လပ်မှု

အမျိုးသားခေါင်းဆောင်ကြီး၊ လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း လွတ်လပ်ရေးကြိုးပမ်းမှုကာလက ပြောကြားခဲ့မှုများသည် ထိုစဉ်ကာလက နိုင်ငံရေးသမားများနှင့် ပြည်သူလူထုတို့အား မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရေး၊ နိုင်ငံပြန်လည်ထူထောင်ရေးအတွက် နိုင်ငံသားများ ကိုယ်စီထားရှိ ကြိုးပမ်းအားထုတ်ရမည့် သဘောထားအမြင်များကို ပွင့်ပွင့်လင်းလင်း မီးမောင်းထိုးပြခဲ့ပါသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် ကြိုးပမ်းအားထုတ်ခဲ့ရာ၌ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများအတွင်း နိုင်ငံရေးသမားများအပါအဝင် တိုင်းသူပြည်သားအားလုံးတို့မှာ တစည်းတလုံးတည်း လက်တွဲဝန်းရံခဲ့ကြသော်လည်း လွတ်လပ်ရေး ကြိုးပမ်းမှုကာလ၊ လွတ်လပ်ရေး ရရှိလုနီးနီး အချိန်၌ ပြည်သူများ အထူးသဖြင့် နိုင်ငံရေးသမားများ တကွဲတပြားဖြစ်ခဲ့ရာ ထိုစဉ်အချိန်က ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သည့် ယာယီအစိုးရအဖွဲ့သည်ပင် ဆန်စဉ်ရာ ကျည်ပွေ့မလိုက် နိုင်သကဲ့သို့ ဖြစ်ခဲ့ရသည်။ နောက်ဆုံးတွင် ဂိုဏ်းဂဏ ကွဲပြားမှု၊ အမျိုးသား သစ္စာဖောက်မှုများနှင့် ကြုံတွေ့ရသဖြင့် လွတ်လပ်ရေး ဗိသုကာကြီး ဗိုလ်ချုပ်ဆောင်ဆန်းနှင့်တကွ အမျိုးသားခေါင်းဆောင်ကြီးများ လုပ်ကြံခံရသည့် အဖြစ်ဆိုးနှင့် ကြုံတွေ့ရသည့်အဖြစ်မျိုးပင် ရောက်ခဲ့ရသည်။

ထိုကာလက ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် တိုင်းပြည်နှင့် လူမျိုးတွင် ရှိအပ်သော ဂုဏ်အဂါရပ်များနှင့် ထားရှိရမည့် စိတ်ထားအခြေအနေများမှာ လွတ်လပ်ရေး အကြိုကာလအတွက်သာမက မျက်မှောက်ကာလ ပကတိအနေအထားများနှင့်ပါ ထင်ဟပ်ပေါ်လွင်ကိုက်ညီနေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံ၏အနာဂတ်ကို မြော်တွေးသုံးသပ်နိုင်သော အသိဉာဏ်နှင့် တွေးခေါ်မြော်မြင်မှုများကို ကျွန်ုပ်တို့ မျက်မှောက်ကာလ ပြည်သူလူထုအပေါင်းတို့က လေးစားဂုဏ်ပြု မှတ်သားလိုက်နာကြရမည်ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် မိန့်ခွန်းများအနက် ရွှေတိဂုံဘုရား အလယ်ပစ္စယံတွင် ပြည်သူလူထုအား ပြောကြားခဲ့သော အချက်များမှာ ယနေ့မျက်မှောက်ကာလ အခြေအနေအပေါ် ထင်ဟပ်နေသည်ကို မြင်တွေ့ရပါသည်။ ဗိုလ်ချုပ်အောင်ဆန်းက မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကို တစ်နှစ်အတွင်း ရရှိစေရမည်ဟု အသိပေးပြောကြားခဲ့ပြီး ညီညွတ်မှု၊ စည်းကမ်းလိုက်နာမှု၊ လွတ်လပ်ရေးနှင့်ထိုက်တန်အောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှု၊ ကျင့်ကြံပြုမူနေထိုင်မှုတို့ မရှိပါက ရရှိထားသော လွတ်လပ်ရေး အချည်းအနီးဖြစ်နိုင်ပုံကို သတိပေးပြောကြားခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်း၏ ရွှေတိဂုံဘုရား အလယ်ပစ္စယံမိန့်ခွန်းတွင် လွတ်လပ်ရေးဆိုတိုင်း ပဒေသာပင် မြေက မပေါက်နိုင်ကြောင်း၊ လွတ်လပ်ရေးရလျှင်ပင် ပဒေသာပင် မြေက ပေါက်လာလိမ့်မည်ဟု ထင်မြင်နေကြကြောင်းဖြင့် အချောင်သမားစိတ်ဓာတ်ကို သတိပေးခဲ့သည်။ ထို့အပြင် သူတစ်ပါးနိုင်ငံ၏ လွတ်လပ်ရေးကို နှောင့်ယှက်ခြင်းသည် လွတ်လပ်ရေးမဟုတ်၊ ရမ်းကားမှုသာဖြစ်သည်ဟု လွတ်လပ်ရေးနှင့် ပတ်သက်၍ သတိထားရမည့်အချက်ကို ပြောကြားခဲ့သည်။ နိုင်ငံသူနိုင်ငံသားများ စိတ်ဓာတ်နှင့်စည်းကမ်း လိုက်နာရေးအတွက် လွတ်လပ်ရေးရပြီဆိုပြီး ဟင်ဟားတဘက်တွင် လမ်းမပေါ်တက်၍ ဆေးရိုးလှမ်းနေသည်ကို မြင်တွေ့ခဲ့ရကြောင်း၊ ကိုယ်တစ်ဦးတစ်ယောက် ကောင်းစားရန်အတွက် ဖြစ်စေ၊ ကိုယ့်အမျိုး ကောင်းစားရေးဖြစ်စေ လုပ်သည့်အခါတွင် အများအကျိုးကို မထိခိုက်ဖို့၊ နိုင်ငံအကျိုးကို မထိခိုက်ဖို့လိုကြောင်း ပြောကြားခဲ့သည်။

သို့ဖြစ်ရာ လွတ်လပ်ရေးရရှိပြီးသည်မှာ နှစ်ပေါင်း ၇၀ ရှိပြီဖြစ်သော်လည်း ကျွန်ုပ်တို့ နိုင်ငံသူ၊ နိုင်ငံသားများ ဗိုလ်ချုပ်အောင်ဆန်း သတိပေးပြောကြားသကဲ့သို့ ညီညွတ်မှု၊ စည်းကမ်းလိုက်နာမှု၊ နိုင်ငံ၏ အချုပ်အခြာအာဏာကို ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုရှိ၊ မရှိတို့ကို ပြန်လည်ဆန်းစစ်သုံးသပ်ဝေဖန်ပြီး နိုင်ငံနှင့်လူမျိုး အကျိုးကို ဝိုင်းဝန်းသယ်ပိုး ထမ်းဆောင်သွားကြရန် လိုအပ်ပါကြောင်း။ ။

ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီအဖွဲ့ဝင်များနှင့်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၇

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်သည် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်၊ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီအဖွဲ့ဝင်များကို ယမန်နေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ယခင်က တိုင်းရင်းသားများ၏ အမျိုးသားနေ့များနှင့် နေ့ထူးနေ့မြတ်များအား ကျင်းပရာတွင် အခက်အခဲများ ရှိခဲ့သော်လည်း ယခုအခါ အဆိုပါ အခမ်းအနားများအား အဆင်ပြေချောမွေ့စွာဖြင့် ကျင်းပနိုင်ပြီဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အဆိုပါ အခမ်းအနားများတွင် ပြည်ထောင်စုဝန်ကြီး ကိုယ်တိုင် တက်ရောက်ခြင်း၊ သဝဏ်လွှာများ ပေးပို့ခြင်း၊ ထောက်ပံ့ကြေးများ ပေးအပ်ခြင်းများ ပြုလုပ်၍ ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနစသည့် ဝန်ကြီးဌာနများအပြင် အခြားဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍ တိုင်းရင်းသားလူမျိုးများ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းရင်းသားလူမျိုးများ၏ အခက်အခဲများ၊ လိုအပ်ချက်များကို ဝန်ကြီးဌာနအနေဖြင့် အလုံးစုံသိရှိနိုင်ရန် လိုအပ်ချက်များ ရှိသဖြင့် ကိုယ်စားလှယ်တော်ကြီးများမှလည်း ပူးပေါင်းပါဝင်၍ အကြံပြု ဆွေးနွေးစေလိုကြောင်း ပြည်ထောင်စုဝန်ကြီးက တစ်ပါတည်း ပြောကြားသည်။

ဆက်လက်၍ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမင်းအေးကိုက ဝန်ကြီးဌာန၏ ဖွဲ့စည်းဆောင်ရွက်မှု၊ မျှော်မှန်းချက်များ၊ မူဝါဒများ၊ ရည်မှန်းချက်များ၊ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်၊ တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာ ကော်မတီအဖွဲ့ဝင်များမှ သိရှိလိုသည်များ မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ပိုးသတ်ဆေးအမျိုးပေါင်း ၆၃၈ မျိုးကို နည်းပညာအချက်အလက်များ အတည်ပြုနိုင်ရေးဆွေးနွေး

နေပြည်တော် ဇူလိုင် ၇

ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၏ (၂၈) ကြိမ်မြောက်အစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တိကျစွာလိုက်နာ

အစည်းအဝေးတွင် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ ဥက္ကဋ္ဌဒုတိယဝန်ကြီး ဦးလှကျော်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် နိုင်ငံ၏ စားနပ်ရိက္ခာဖူလုံ ပိုလျှံရေးနှင့် ပြည်ပပို့ကုန်သီးနှံများကို တိုးတက်ထုတ်လုပ်နိုင်ရေးတို့အတွက် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိရာ သီးနှံအရည်အသွေးနှင့် အထွက်နှုန်းတိုးတက်ရေးသာမက စားသုံးသူ ဘေးကင်းလုံခြုံရေးနှင့် နိုင်ငံတကာစံချိန်စံညွှန်းမီထုတ်လုပ်နိုင်ရေးတို့အတွက် အရည်အသွေးစစ်မှန်သော ပိုးသတ်ဆေးများသုံးစွဲရေး၊ အတုအပကင်းစင်ရေးနှင့် ပိုးသတ်ဆေးများတင်သွင်း၊ ထုတ်လုပ်၊ သိုလှောင်၊ ဖြန့်ချိမှုများကို တရားဝင်ဆောင်ရွက်ရန် ထိန်းကျောင်းကြပ်မတ် ဆောင်ရွက်နေမှုအပေါ် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ တောင်သူများနှင့် သက်ဆိုင်သူ အားလုံးတို့က ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တိကျစွာလိုက်နာ ဆောင်ရွက်ပေးကြရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ အတွင်းရေးမှူး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ဆွေးနွေးဆုံးဖြတ်ရမည့် လုပ်ငန်းတစ်ခုချင်းအလိုက် တင်ပြရာ တက်ရောက်လာကြသူများက ပိုးသတ်ဆေးမှတ်ပုံတင်ခြင်း ကိစ္စရပ်နှင့် ပတ်သက်သော နည်းပညာအချက်အလက်များဆိုင်ရာများနှင့် အတည်ပြုဆုံးဖြတ်နိုင်ရေး ပိုင်းဝန်းဆွေးနွေးကြသည်။

အတည်ပြုနိုင်ရေးဆွေးနွေး

ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့အနေဖြင့် ပိုးသတ်ဆေးမှတ်ပုံတင်ခြင်းလုပ်ငန်းများ၊ ပိုးသတ်မှိုင်းတိုက်ခွင့်လိုင်စင်၊ ပိုးသတ်ဆေးဖော်စပ်ရောင်းချခွင့်လိုင်စင်နှင့် ပိုးသတ်ဆေး ပြန်လည်ထုပ်ပိုးခွင့်လိုင်စင်ခွင့်ပြုခြင်းများကို ပိုးသတ်ဆေးဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိရာ (၂၇) ကြိမ်မြောက် ပိုးသတ်ဆေးမှတ်ပုံတင်အစည်းအဝေး ပြီးဆုံးသည့်ကာလအထိ ပိုးသတ်ဆေး ၃၃၅၃ မျိုးကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး ယခုအစည်းအဝေးတွင် ပိုးသတ်ဆေးအမျိုးပေါင်း ၆၃၈ မျိုး၏ နည်းပညာအချက်အလက်များကို အတည်ပြု ဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ညီညီသန်း(နေပြည်တော်)**

စာပေပိမာန်စာအုပ်အသင်း စာအုပ်ပြန့်ဖြိုး

နေပြည်တော် ဇူလိုင် ၇

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေပိမာန်အသင်းမှ ၂၀၁၅ ခုနှစ် စာပေပိမာန်စာမူဆု၊ သုတပဒေသာ (သိပ္ပံနှင့်အသုံးချသိပ္ပံ) ပထမဆုရ "အောင်စိုး" (တိရစ္ဆာန်ဆေးကုဆရာဝန်) ရေးသားသည့် "မြန်မာ့သိပ္ပံနည်းကျ တိရစ္ဆာန်ဆေးကုပညာ" စာအုပ်ကို စာအုပ်အသင်း၏ ၂၀၁၈ ခုနှစ် ဇူလိုင်လ အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိပါသည်။

ပေးပို့လျက်ရှိ

ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေပိမာန် စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးများမှတစ်ဆင့် လည်းကောင်း၊ စာတိုက်မှ တစ်ဆင့်လည်းကောင်း ပေးပို့လျက်ရှိပါသည်။

စာပေပိမာန်အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေပိမာန် စာအုပ်အသင်း အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၅၁၀၆၅၅ ဆီသို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

မိုးကောင်းမြို့၌ အဆင့်မြင့် ဖူဆယ်အားကစားရုံသစ်ဖွင့်

မိုးကောင်း ဇူလိုင် ၇

ကချင်ပြည်နယ် မိုးကောင်းမြို့၌ အဆင့်မြင့်ဖူဆယ်အားကစားရုံဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၆ ရက် နံနက် ၈ နာရီက အထက်ရှမ်းစုရပ်ရှမ်းမျိုးနွယ်စုမှောရုံဝင်း၌ ပြုလုပ်ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးဝင်းနိုင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြသွေးစံ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်နိုင်ထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းမြင့်အောင်နှင့် မြို့နယ်ပညာရေးမှူး ဆရာကြီးဦးသန်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ အဆင့်မြင့်ဖူဆယ်အားကစားရုံအတွင်း တည်ဆောက်ထားသည်များကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါအားကစားရုံမှာ အလျား ပေ ၁၁၀၊ အနံ ၆၆ ပေ၊ အမြင့် ၁၅ ပေဖြစ်ပြီး မိုးကောင်းမြို့ နတ်ကြီးကုန်းရပ်ကွက် ချမ်းမြေ့ဦးဆောက်လုပ်ရေးကုမ္ပဏီမှ ကျပ်သိန်း ၅၀၀ ကျော် အကုန်အကျခံကာ ၂၀၁၈ ခုနှစ် မေလဆန်းပိုင်းက စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး အဆင့်မြင့်မြက်ခင်းတုအပေါ် ရော်ဘာဘောစေ့များ ခင်းထားခြင်းကြောင့် အားကစားသမားများ ထိခိုက်ပွန်းပဲ့ခြင်းမရှိနိုင်ကြောင်း သိရသည်။

ဝင်းနိုင်(ကချင်မြေ့)

MYANMAR Digital News Presented by NPE
www.mdn.gov.mm

ရေကြည်မှန်

ခေတ္တစာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလဲ့သင်း

သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်မြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)မြင့်
ကြေးပုံသတင်းစာတိုက်က ထုတ်ဝေသည်။

ရေကြည်မှန် Mirror Established in 1917
၁၉၃၇ခုနှစ် ဝန် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်မုံရွာ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅ ဒီဇိုင်း/ဌေးရောင်း ၀၁-၂၉၁၄၇၄၊ မြန်မာ့ဈေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၅

ကိုယ့်ဝတ္တရားကိုယ် ကျေပွန်အောင်ထမ်းဆောင်

အစိုးရအရာထမ်း၊ အမှုထမ်းတွေဟာ မိမိတို့အပေါ်ကို တရားသဖြင့်ကျရောက်လာတဲ့ တာဝန်ဝတ္တရားတွေကို လူထုနဲ့တိုင်းပြည်မျက်နှာ ကိုထောက်ထားပြီး ပြတ်ပြတ်သားသားဆောင်ရွက်စေချင်တယ်။ ဒီလိုမှ ပြတ်ပြတ်သားသားမဆောင်ရွက်ဝံ့ကြရင်လည်း ဆောင်ရွက်ဝံ့တဲ့ လူတွေကို နေရာဖယ်ပေးကြစေချင်တယ်။ အစိုးရအမှုထမ်း၊ အရာထမ်းဆိုတာ အမှန်စင်စစ်တော့ ကိုယ့်ဝတ္တရားကိုယ် ကျေပွန်အောင် ထမ်းဆောင်ဖို့ပဲ။ ကိုယ့်ဝတ္တရားကိုယ်ကျေပွန်ရင် ဘယ်သူ့မှလည်း ကြောက်ဖို့မလိုဘူး၊ ဘယ်သူကမှလည်း လက်ဖျားနဲ့မှ မတို့နိုင်ဘူး ဆိုတာ မှတ်ထားကြပါ။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့ အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် တာဝန်ရှိသူများ အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အထိမ်းအမှတ်ပြခန်းများအား လှည့်လည်ကြည့်ရှုစဉ်။

✱ ရှေ့ပုံးမှ

ယနေ့ကျင်းပသည့် အခမ်းအနားသည် မြန်မာနိုင်ငံတွင် (၂၄)ကြိမ်မြောက် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အခမ်းအနားဖြစ်ပါကြောင်း။

ယနေ့ကမ္ဘာတွင် လူသားများသည် ဆင်းရဲချမ်းသာကွာဟချက်များအပါအဝင် လူမှုရေးနှင့် စီးပွားရေးမညီမျှမှုများကို စိန်ခေါ်မှုအဖြစ် နေ့စဉ်ကြုံတွေ့နေကြရပါကြောင်း၊ ထိုပြင် စစ်မက်ဖြစ်ပွားမှု၊ အစားအစာငတ်မွတ်ခေါင်းပါးမှု၊ သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းမှုနှင့် သဘာဝဘေးဆိုးများကျရောက်မှု၊ ရောဂါဆိုးဖြစ်ပွားမှု၊ လူကုန်ကူးမှု၊ လူမျိုးရေးပဋိပက္ခများဖြစ်ပွားမှု၊ အလုပ်လက်မဲ့ဖြစ်မှုနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများဖြစ်ပွားမှု စသဖြင့် များစွာသော ပြဿနာများကို ရင်ဆိုင်နေကြရကြောင်း၊ ထိုသို့သောမညီမျှမှုများနှင့် ပဋိပက္ခ စိန်ခေါ်မှုများ လျော့ပါးသက်သာစေရန် သမဝါယမအသင်းအဖွဲ့များကလည်း တစ်ဖက်တစ်လမ်းက ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

ဦးစားပေးဆောင်ရွက်မည်

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ချမှတ်ထားသည့် ၂၀၃၀ ပြည့်နှစ်အထိ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးပန်းတိုင် ၁၇ ရပ်ကို ကမ္ဘာ့နိုင်ငံအသီးသီးက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေကြပါကြောင်း၊ အပြည်ပြည်ဆိုင်ရာသမဝါယမအဖွဲ့ချုပ် (International Cooperative Alliance -ICA) အနေဖြင့် ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင် ၁၂ တွင်ပါရှိသည့် စဉ်ဆက်မပြတ်စားသုံးခြင်းနှင့် ထုတ်လုပ်ခြင်းပုံစံများဖြစ်ပေါ်စေရေးကို သိသာပေါ်လွင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ကြရန် ကမ္ဘာ့သမဝါယမအသင်းအဖွဲ့များသို့ တိုက်တွန်းနှိုးဆော်ထားသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ အဆိုပါပန်းတိုင် ၁၂ ကို အကောင်အထည်ဖော်ရာတွင် "ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် လုပ်ဆောင်နိုင်စွမ်းကို ထည့်သွင်းစဉ်းစားပြီး နိုင်ငံအားလုံးပါဝင်သည့် စဉ်ဆက်မပြတ်စားသုံးခြင်းနှင့် ထုတ်လုပ်ခြင်းပုံစံများပါဝင်သည့် မူဘောင်ချမှတ်ရေး၊ ၂၀၃၀ ပြည့်နှစ်တွင် သဘာဝအရင်းအမြစ်များကို အကျိုးရှိထိရောက်စွာအသုံးချနိုင်ရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုနှင့် ဘဝနေထိုင်မှုအတွက် သတင်းအချက်အလက်ကို နေရာတိုင်း၌ လူတိုင်းရရှိရေး"တို့ကို ဦးစားပေးဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

ဝန်ကြီးဌာန၏ မြန်မာ့သမဝါယမကဏ္ဍအနေဖြင့်လည်း လက်ရှိရရှိထားသည့် အောင်မြင်မှုအရှိန်အဟုန်အတိုင်း ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ သမဝါယမဦးစီးဌာနနှင့် သမဝါယမအသင်းအဆင့်ဆင့်တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် သမဝါယမအသင်းသားတောင်သူဦးကြီးများသို့ အသေးစားအရင်းအနှီးချေးငွေများ ထုတ်ချေးနေသည်ကို တွေ့ရှိရပါကြောင်း။

ဆက်လက်ထုတ်ချေးပေးလို

ပြန်လည်ပေးဆပ်ပြီးသည့် စိုက်ပျိုးရေး သမဝါယမအသင်းသားများအတွက် (၁၀) ကြိမ်မြောက်အဖြစ် အသေးစားအရင်းအနှီးချေးငွေကျပ် ၅၄၂ ဒသမ ၇၈၂ ဘီလီယံ၊ စက်မှုလယ်ယာစနစ်သို့အဆင့်မြှင့်တင်ရန် လယ်ဧက ၂၄၉၀၁ ဒသမ ၈၀ အတွက် ချေးငွေကျပ် ၇ ဒသမ ၁၈၇ ဘီလီယံနှင့် မျိုးစေ့ထုတ်သမဝါယမအသင်းများသို့ချေးငွေကျပ် ၁ ဒသမ ၁၅၈ ဘီလီယံတို့ကို ဗဟိုသမဝါယမအသင်းမှတစ်ဆင့် အသင်းစုချုပ်များသို့ ချေးငွေများပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ အဆိုပါချေးငွေများကို မိမိတို့တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းရှိ သမဝါယမအသင်းသားများသို့ အသင်းအဆင့်ဆင့်လမ်းကြောင်းမှတစ်ဆင့် စနစ်တကျအမြန်ဆုံး ဆက်လက်ထုတ်ချေးပေးသွားစေလိုပါကြောင်း။

လယ်ယာကဏ္ဍမူဝါဒနှင့် လုပ်ငန်းစဉ်များတွင် သမဝါယမ ကဏ္ဍကို ပါဝင်အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းသည် တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနေပါကြောင်း၊ ကမ္ဘာနိုင်ငံများတွင် သမဝါယမလုပ်ငန်းများ အောင်မြင်ဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးအထောက်အကူပြုလျက်ရှိနေသည်ကို တွေ့မြင်ကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ သမဝါယမကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုအခန်းကဏ္ဍများတွင် သမဝါယမအသင်းများအနေဖြင့် ယခုလက်ရှိအနေအထားထက် ပိုမိုလုပ်ဆောင်ပေးကြစေလိုပါကြောင်း၊ မျိုးစေ့ထုတ်လုပ်ရေးသမဝါယမအသင်း၊ လယ်ယာအထောက်အကူပြုဝန်ဆောင်မှုသမဝါယမအသင်းတို့အနေဖြင့် လယ်ယာသွင်းအားစုများ ရောင်းချခြင်းလုပ်ငန်းကို တောင်သူဦးကြီးများ၏ ဆန္ဒနှင့်အညီ တိုးချဲ့ဖွဲ့စည်းသွားရန်နှင့် လယ်ယာထုတ်ကုန်သီးနှံတိုးမြှင့်ထုတ်လုပ်ရေး ကွင်းဆက်တစ်လျှောက် ကူညီပံ့ပိုးဆောင်ရွက်သွားကြစေလိုပါကြောင်း၊ လူမှုစီးပွားဘဝများ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မြန်မာ့သမဝါယမများအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပြီး လက်တွဲညီညီဆက်လက်လျှောက်လှမ်းကြရန် တိုက်တွန်းအပ်ပါကြောင်း ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုသမဝါယမအသင်းဥက္ကဋ္ဌ ဦးခင်မောင်အေးက အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်မှပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒုတိယဝန်ကြီး ဦးလှကျော်၊ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးရန်လင်း၊ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ ဥက္ကဋ္ဌ ဦးကျော်မြင့်၊ အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်ကြည်ညွန့်၊ အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီဥက္ကဋ္ဌ ဦးဘမျိုးသိန်း၊ ဗဟိုသမဝါယမအသင်းဥက္ကဋ္ဌ ဦးခင်မောင်အေး၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်၊ အမြဲတမ်းအတွင်းဝန် ဦးကျော်ငွေနှင့် ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဖြူတို့က တိုင်းဒေသကြီး၊ ပြည်နယ်များသို့ အသေးစားအရင်းအနှီးချေးငွေများ၊ လယ်ယာမြေအဆင့်မြှင့်တင်နိုင်ရေးအတွက် ပံ့ပိုးငွေများ၊ မြို့နယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးချေးငွေများ၊ စက်ကိရိယာချေးငွေနှင့် မျိုးစေ့ထုတ်သမဝါယမအသင်းများအတွက် ပံ့ပိုးငွေများနှင့် သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းဆောင်ရည်အမြင့်မားဆုံးဆုရ သမဝါယမအသင်းစုချုပ်များနှင့် ကုန်ထုတ်၊ ဝန်ဆောင်၊ ကုန်သွယ်မှုတွင် ဘက်စုံထူးချွန်ဆုရ အသင်းများကို ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

အချိတ်အဆက်မိမိ

အပြည်ပြည်ဆိုင်ရာသမဝါယမအဖွဲ့ချုပ် (International Cooperative Alliance-ICA)ကို နိုင်ငံတကာရှိ သမဝါယမအသင်းများအချင်းချင်း ချစ်ကြည်ရင်းနှီးစွာ ပေါင်းသင်းဆက်ဆံရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာရေးတို့ကို ရည်ရွယ်၍ ၁၈၉၅ ခုနှစ်တွင် ဖွဲ့စည်းထူထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ၁၉၉၄ ခုနှစ်တွင် ကျင်းပသည့် (၄၉)ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက နှစ်စဉ်ဇူလိုင်လ ပထမပတ် စနေနေ့ကို အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အဖြစ် ဂုဏ်ပြုသတ်မှတ်ပေးခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ဆောင်ပုဒ်ဖြစ်သည့် "စဉ်ဆက်ဖွံ့ဖြိုးပြည့်အကျိုး၊ ထိုးဖောက်ဆောင်ရွက် ပူးပေါင်းလက် - Sustainable societies through cooperation"နှင့်အညီ သမဝါယမအသင်းအဖွဲ့များအနေဖြင့် အသင်းသား၊ အသင်းဝင်များအချင်းချင်း၊ အသင်းအချင်းချင်း အလျားလိုက်၊ ဒေါင်လိုက် အချိတ်အဆက်မိမိ ပူးပေါင်းကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော အသင်းအဖွဲ့များ ဖွဲ့စည်းထူထောင်သွားကြရန် အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်ကြီးက တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။

သတင်းစဉ်

စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေး

တောင်ငူ ဇူလိုင် ၇

နိုင်ငံတော်မှ ချမှတ်ထားသော မူဝါဒများတွင်ပါဝင်သည့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုစီမံကိန်း အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၆ ရက်က တောင်ငူမြို့ ခေပေါင်းခန်းမတွင် ကျင်းပသည်။

ဆွေးနွေးပွဲတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးထွန်းနေအောင်က ဆွာချောင်းဆည်ရေသောက်စနစ်ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်မည့်အခြေအနေများကို ဆွေးနွေးတင်ပြရာတွင် တူးမြောင်းမကြီးတစ်ခု ၁၆ ဒသမ ၆၇ မိုင်၊ လက်တံမြောင်း ရှစ်ခု ၄၁ ဒသမ ၉၄ မိုင်ဖြင့် ဆည်ရေများပေးဝေလျက်ရှိရာ ရေတာရှည်မြို့နယ်နှင့် တောင်ငူမြို့နယ်အတွင်း နွေစပါးလျာထားစိုက်ပျိုးဧက ၂၃၂၄ ဧကရှိသည့်အနက် ဧက ၂၀၀၀၀ ကို ရေများပေးဝေလျက်ရှိပါကြောင်း၊ လက်ရှိတွင် ရေပေးဝေရေးမြောင်းများသည် မြေသားမြောင်းများဖြစ်ခြင်း၊ စိုက်ပျိုးဧကများစွာ ရေပေးဝေနေရခြင်းများကြောင့် မြောင်းမကြီးများတွင် ကွန်ကရစ်လိုင်နင်ပြုလုပ်ခြင်းဖြင့် ရေသယံဇာတနိုင်စွမ်းတိုးတက်လာပါက လက်တံခွဲမြောင်းများ ရေပိုမိုထည့်ပေးနိုင်မည့်အပြင် ရေလေလွင့်ဆုံးရှုံးမှုလျော့နည်းနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။ ဆက်လက်၍ သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးကြသည်။

ကိုလွင်(ဆွာ)

✻ အမျိုးသားလွတ်တော်မှ

ပို့ပေးသော ပန်းချီပြိုင်ပွဲဖြစ်သည့်အတွက် အားလုံးကိုကျေးဇူးတင်ပါကြောင်း၊ ယခုလိုပွဲမျိုးကိုလည်း နှစ်စဉ်နှစ်တိုင်း လုပ်စေချင်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဝန်ကြီးများရုံးဟောင်းပြုပြင်ထိန်းသိမ်းရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်သိမ်းက ပန်းချီပြိုင်ပွဲနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားပြီး ပန်းချီပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား အမျိုးသားလွတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များက ဂုဏ်ပြုဆုများချီးမြှင့်ပြီး ပန်းချီကားများကို အကဲဖြတ်ပေးသော ဒိုင်လူကြီးများအား ဂုဏ်ပြုလက်ဆောင်များပေးအပ်ကြသည်။

အဆိုပါ အာဇာနည်ပုံရိပ်လွှာပန်းချီပြိုင်ပွဲသည် ရန်ကုန်မြို့ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၃၈၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြခြင်းဖြစ်ပြီး ပန်းချီနယ်ပယ်မှ ကျွမ်းကျင်အနုပညာရှင်များ၊ ပညာရေးအဖွဲ့အစည်းမှ သက်ဆိုင်ရာတာဝန်ရှိသူများက ဆုရရှိသူ ကျောင်းသား ကျောင်းသူ ၂၀ အား စိစစ်အကဲဖြတ် ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ-အေးမင်းသူ၊ ဇာနည်မောင်

ဝန်ကြီးများရုံးပြင်ဆင်မှုပြီးစီးပါက အာဇာနည်ပြတိုက်အဖြစ် ထားရှိသွားမည်

ရန်ကုန် ဇူလိုင် ၇

ဝန်ကြီးများရုံးအား ပြုပြင်မွမ်းမံပြင်ဆင်မှုပြီးစီးပါက အများပြည်သူများ လေ့လာကြည့်ရှုနိုင်ရန် အာဇာနည်ပြတိုက်အဖြစ် ထားရှိသွားမည်ဖြစ်ကြောင်း ဝန်ကြီးများရုံးဟောင်း ပြုပြင် ထိန်းသိမ်းရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်သိမ်းက အာဇာနည်နေ့အတွက် ပြင်ဆင်ထားရှိမှုများနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အာဇာနည်နေ့အတွက် ပြင်ဆင်ထားရှိမှုများနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယနေ့ နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ဝန်ကြီးများရုံး၌ ကျင်းပခဲ့ပြီး အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များက အာဇာနည်နေ့အတွက် ပြင်ဆင်ထားရှိမှုများအား လိုက်လံကြည့်ရှုကြသည်။

"ပြင်ဆင်မှုတွေပြီးသွားတဲ့အခါ ရည်ရွယ်ချက်က ဗိုလ်ချုပ်နဲ့အာဇာနည်တွေကို ဂုဏ်ပြုတဲ့အနေနဲ့ အာဇာနည်ပြတိုက်ဆိုပြီး ထားပါမယ်။ နောက်တစ်ခုက မြန်မာပြည်ရဲ့ ပထမဆုံး လွှတ်တော်ဖြစ်ခဲ့တဲ့ ဒီဝင်းထဲက လွှတ်တော်ကို လွှတ်တော်ပြတိုက်ဆိုပြီး နာမည်ပေးပါမယ်။ နောက်တစ်ခုက မြန်မာ့ယဉ်ကျေးမှုနဲ့ ပတ်သက်တဲ့ ပြခန်းတွေထားပါမယ်။ တိုင်းရင်းသားတွေရဲ့ ဝတ်စားဆင်ယင်မှုတွေ၊ အသုံးအဆောင်ပစ္စည်းတွေ အဲဒါတွေကို ပြခန်းသဘောမျိုးထားပါမယ်။ ပုဂ္ဂလိကပြတိုက်အနေနဲ့ ထားရှိသွားမှာပါ။ ဝင်ကြေးနဲ့ပြသမှာပါ။ မြန်မာနိုင်ငံသားတွေ လာရောက်လေ့လာစေချင်သလို နိုင်ငံခြားသားတွေကိုလည်း လာကြည့်စေချင်ပါတယ်။ လွတ်လပ်ရေးလှုပ်ရှားမှုသမိုင်း၊ အာဇာနည်သမိုင်းကို သိစေချင်တယ်။ ပြည်သူတွေအပန်းဖြေလို့ ရအောင်လည်း ပန်းခြံအဖြစ်နဲ့ ဖွင့်ပေးထားပါမယ်" ဟု ဒေါက်တာမောင်မောင်သိမ်းက ပြောသည်။

ဝန်ကြီးများရုံး ဧရိယာအကျယ် အဝန်းမှာ ၁၆ ဧကရှိပြီး အဆောက်အအုံပြင်ဆင်ပြီးစီးမှု ရာခိုင်နှုန်းသည် လက်ရှိအချိန်တွင် ၃၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ်မတ်လပိုင်းတွင် ပြင်ဆင်မှုပြီးစီးမည်ဖြစ်ပြီး ပြင်ဆင်မှုကုန်ကျစရိတ် အမေရိကန်ဒေါ်လာ သန်း ၂၀ ကျော်ကုန်ကျမည်ဖြစ်ကြောင်း၊ အဆိုပါ အဆောက်အအုံသည် ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံ၌သာ ပုံစံတူနှစ်ခုကျန်ရှိတော့ကြောင်း၊ ထို့ကြောင့် ပြင်ဆင်ပြီးပါက အာဇာနည်ပြတိုက်အဖြစ် ဖွင့်လှစ်သွားမည်ဖြစ်ပြီး နောင်လာနောက်သားများအနေဖြင့် လွတ်လပ်ရေးလှုပ်ရှားမှုသမိုင်း၊ အာဇာနည်သမိုင်းများကို လာရောက်လေ့လာသင့်ကြောင်းကို ၎င်းက ဆက်လက်ပြောသည်။

"ဒီနှစ်ကျင်းပမယ့် အာဇာနည်နေ့နဲ့ ပတ်သက်လို့ အရင်နှစ်က ဗိုလ်ချုပ်တို့ လုပ်ကြံခံရတဲ့ ခန်းမကို တက်ခွင့်ပြုခဲ့ပါတယ်။ အာဇာနည်တွေရဲ့ ကိုယ်ပိုင်ပစ္စည်း ၂၈ မျိုးကိုပါ ပထမဆုံးအကြိမ် ပြသထားတယ်။ လာရောက်လေ့လာတဲ့လူတွေလည်း အလွန်များပါတယ်။ လာရောက်တဲ့အခါ တက်တဲ့လှေကားကို ဩစတြေးလျှံနိုင်ငံက အင်ဂျင်နီယာတွေ အကူအညီနဲ့ ငွေကုန်ကြေးကျခံပြီးတော့ ခိုင်ခံ့အောင် တည်ဆောက်ခဲ့ပါတယ်။ ဒါပေမယ့် လူတွေအလွန်များတော့ လှေကားက ဟနေတာကို တွေ့ရတယ်။ ဒါကြောင့် ဒီနှစ်မှာတော့ တက်ခွင့်မပြုဘူး။ ဗိုလ်ချုပ်ပြတိုက်မှာလည်း တက်ခွင့်မပြုဘူး။ ဘာလို့လဲဆိုတော့ အန္တရာယ်ရှိလို့ပါ။ အောက်မှာ LED ဘုတ်တွေနဲ့တော့ ပြသသွားမှာပါ"ဟု ဒေါက်တာမောင်မောင်သိမ်းက ရှင်းလင်းပြောကြားသည်။

သတင်းနှင့်ဓာတ်ပုံ
အေးမင်းသူ၊ ဇာနည်မောင်

အာဇာနည်နေ့အကြိုဟောပြောပွဲများ ကျင်းပ

သီပေါ

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ (၇၁)နှစ်မြောက်အာဇာနည်နေ့အကြိုဟောပြောပွဲကို ဇူလိုင် ၇ ရက် နံနက် ၁၀ နာရီက အဆိုပါ စာကြည့်တိုက်ခန်းမဆောင်၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ သီပေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်နီလာစိုးနှင့် ဝန်ထမ်းများ၊အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာသိန်းနှင့်ကျောင်းသား ကျောင်းသူများ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်နီလာစိုးက အမှာစကားပြောကြားပြီး စာရေးဆရာထွန်းမျိုးဌေး၊ စာရေးဆရာနန္ဒဝင်း(ဆေး-၁)နှင့် သီပေါကိုလတ်တို့က အာဇာနည်ကြီးများနှင့်အာဇာနည်နေ့အကြောင်းများကို ဟောပြောကြသည်။

ထို့နောက် တက်ရောက်လာသူများနှင့်ကျောင်းသား ကျောင်းသူများက အာဇာနည်နေ့အထိမ်းအမှတ်ပြခန်းကိုကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

ကိုနေ(သီပေါ)

ရန်ကုန်

(၇၁)နှစ်မြောက် အာဇာနည်နေ့အကြို စာပေဟောပြောပွဲကို ဇူလိုင် ၅ ရက်နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ပညာဒီပံအခမဲ့ အထက်တန်းကျောင်း စာသင်ခန်းမဆောင်၌ ကျင်းပရာ ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တ ဇေယျာနန္ဒကိုယ်စား ကျောင်းတာဝန်ခံ ဆရာဦးဇေယျာဝင်းက အမှာစကားပြောကြား၍ အင်းစိန်မြို့နယ် သတင်းစာဆရာအသင်းနှင့် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာပိုလ်သံမဏိ-တောင်တွင်းကြီး)၊ အင်းစိန်မြို့နယ် စာရေးဆရာအသင်း အမှူဆောင် ဆရာရန်မိုးအောင်(အင်းစိန်)နှင့် မြို့နယ်စာရေးဆရာ မောင်ပန်းဝေ (ညောင်တုန်း)တို့က အာဇာနည်နေ့အကြောင်း သိကောင်းစရာများနှင့် မျိုးချစ်စိတ်ဓာတ်တက်ကြွဖွယ် ဗဟုသုတရေးရာ အဖြာဖြာတို့ကို ဟောပြောကြသည်။

(ဒီဂ)

အသိပေးကြေညာချက်

အာဇာနည်ဗိမာန်သို့ ဂါရဝပြု လာရောက်ကြသည့် ဗိဘပြည်သူများ အနေဖြင့် အောက်ပါ ပစ္စည်းများကို ယူဆောင်၍ အာဇာနည်ဗိမာန်သို့ ဝင်ရောက်ခွင့် မပြုကြောင်း ကြိုတင်အသိပေး ကြေညာအပ်ပါသည်-

- ပန်းခွေ၊ ပန်းစည်း၊ ပန်းခြင်းအမျိုးမျိုး
- ကင်မရာအမျိုးမျိုး
- လက်ကိုင်ဖုန်းအမျိုးမျိုး
- ဗီဒီယိုအမျိုးမျိုး
- ပုလင်း/ဘူးအမျိုးမျိုး
- အလံအမျိုးမျိုး
- အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့် သံပိုက်/ကော်ပိုက်များ
- လက်ကိုင်အိတ်အမျိုးမျိုး
- မီးခြစ်အမျိုးမျိုး

၂၀၁၈ ခုနှစ်၊ (၇၁)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီ

ကာမိုင်း-ဖားကန့်သွားကားလမ်းရေကျော်မှုပိုမိုဆိုးရွားလာ ခရီးသွားယာဉ်များသွားလာမှုရပ်တန့်ထား

ကာမိုင်း ဇူလိုင် ၇

ကာမိုင်း-ဖားကန့်သွားကားလမ်းမကြီးပေါ်ရှိ ကာမိုင်းမြို့နှင့် မအူပင်ကျေးရွာကြား ခြောက်မိုင်ကားလမ်းပေါ်သို့ ရေကျော်မှုမှာ ယနေ့နံနက် ၉ နာရီခန့်တွင် ရေအနက် ၃ပေကျော်ခန့်ရှိလာပြီး ကားလမ်းအရှည်ပေ ၁ ထောင်ကျော်ခန့်ရေများဖုံးလွှမ်းလျက်ရှိရာ ရေများဆက်လက်မြင့်တက်လာနေကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်ကြောင့် ယနေ့နံနက် ၈ နာရီခန့်က ခြောက်ဘီးယာဉ်တစ်စီး လမ်းမှားမောင်းမိ၍လမ်းချော်တိမ်းစောင်းသွားခဲ့ကြောင်း၊ ကာမိုင်း-ဖားကန့်ကားလမ်းမပေါ်သို့ ဇူလိုင် ၄ ရက်မှစတင်၍ ရေကျော်လာခဲ့ရာ ရေစတင်ကျော်သည့်နေ့က အနက် ၁ပေခန့်နှင့် ပေ၂၀၀ ကျော်ထိသာ ရေဖုံးလွှမ်းခဲ့ရာ ခရီးသွားယာဉ်များအန္တရယ်ကင်းစွာသွားလာနိုင်ခဲ့ကြောင်း သိရသည်။

ယင်းဖြစ်စဉ်ကြောင့် ခရီးသွားယာဉ်များ ဖြတ်သန်းသွားလာရန် အန္တရာယ်ရှိသည့်အတွက် နံနက် ၉ နာရီခွဲ ခန့်မှစ၍ ယာဉ်သွားလာမှုကို ရပ်တန့်ထားကြောင်း၊ ခရီးသွားယာဉ်များ အန္တရာယ်ကင်းရှင်းရေးနှင့် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးနိုင်ရန် ကာမိုင်းမြို့နယ်မြေခံ စခန်းမှ ဒု-ရဲအုပ်နှင့်တပ်ဖွဲ့ဝင်များ၊ မီးသတ်ဦးစီးဌာနမှ ဦးစီးမှူးနှင့်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများက အသင့်စောင့်ကြပ်လျက်ရှိကြောင်း သိရသည်။

ယခုကားလမ်းရေကျော်မှုမှာ အထက်ဘက်မိုးရွာသွန်းမှုမှ နန့်ကောင်းချောင်းရေမြင့်တက်လာခြင်းကြောင့် ဖြစ်ကြောင်း၊ ကာမိုင်းမြို့၌ ဇူလိုင် ၂ ရက်မှ ယနေ့အထိ မိုးသည်းထန်စွာရွာသွန်းမှုမရှိကြောင်း၊ ရေလျော့ကျနိုင်မည့်အခြေအနေမရှိသေးကြောင်း ဒေသခံများ၏ပြောကြားချက်အရ သိရသည်။

ကာမိုင်း (မြန်/ဆက်)

❖ မြန်မာအမျိုးသမီးမှ

ဂိုးရပြီး နောက်ပိုင်းတွင် မြန်မာအသင်း ပိုဖိကစားနိုင်ခဲ့ပြီး ၂၂ မိနစ်တွင် ရီရီဦးနှင့် ၄၁ မိနစ်တွင် နီလာဝင်းတို့က ဂိုးများထပ်မံသွင်းယူခဲ့သောကြောင့် ပထမပိုင်းအပြီးတွင် မြန်မာအသင်းက သုံးဂိုးပြတ်ဖြင့် ဦးဆောင်နေသည်။ ဒုတိယပိုင်း ၅၄ မိနစ်တွင် နီလာမြင့်၊ ၇၁ မိနစ်တွင် ခင်မိုးဝေ၊ ၇၆ မိနစ်တွင် ဂျူလိုင်ကျော်နှင့် ၈၉ မိနစ်တွင် ခင်မိုမိုထွန်းတို့က သွင်းယူခဲ့သည်။

အုပ်စု(ခ)အခြားပွဲတွင် ဗီယက်နမ်အသင်းက ဖိလစ်ပိုင်အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ယခုပွဲအပြီးတွင် အုပ်စုနှစ်ခုစလုံးမှ ဆီမီးဖိုင်နယ်တက်ရောက်သည့် အသင်းများ ထွက်ပေါ်လာပြီဖြစ်ပြီး အုပ်စု(က)တွင် ဩစတြေးလျှယူ-၂၀ အသင်းနှင့် ထိုင်းအသင်း၊ အုပ်စု (ခ) တွင် ဗီယက်နမ်နှင့် မြန်မာအသင်းသည် တစ်ပွဲကစားရန် ကျန်သေးသော်လည်း ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်သည်။

ရဲရင့်ရွှင်း

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ ပေကျင်းမြို့တွင် ကျင်းပသည့် လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးအစည်းအဝေးသို့ တက်ရောက်

နေပြည်တော် ဇူလိုင် ၇

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနဝန်ကြီး H. E. Mr. Zhao Kezhi ၏ ဖိတ်ကြားချက်အရ တရုတ်နိုင်ငံ ပေကျင်းမြို့၌ ကျင်းပသည့် (၆)ကြိမ်မြောက် လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးသို့တက်ရောက်ခဲ့ပြီး ယနေ့ နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇူလိုင် ၃ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနဝန်ကြီး H. E. Mr. Zhao Kezhi နှင့်အတူ ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် ပေကျင်းမြို့ Diaoyutai State Guest House ၏ အထူးအစည်းအဝေးခန်းမဆောင်၌ ကျင်းပသည့် (၆)ကြိမ်မြောက်လုံခြုံရေးနှင့် တရားဥပဒေ စိုးမိုးရေးဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးသို့ တက်ရောက်၍ မြန်မာ-တရုတ်နှစ်နိုင်ငံအကြား အကြမ်းဖက်မှု၊ မူးယစ်ဆေးဝါးနှင့် ပရီကာဆာများ ထုတ်လုပ်သယံဇာတောင်ရောင်းဝယ်မှု၊ လူကုန်ကူးမှု၊ လောင်းကစားမှုနှင့် ဆိုက်ဘာမှုခင်းများ တိုက်ဖျက်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသ လူဝင်လူထွက်မှုများ ထိန်းချုပ်ရေး၊ သတင်းအချက်အလက်ဖလှယ်ရေးတို့နှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးသည်။

အဆိုပါ ဝန်ကြီးအဆင့်အစည်းအဝေးအပြီးတွင် ညှိနှိုင်းဆွေးနွေးခဲ့သည့် အချက်များအပေါ် နှစ်ဖက်စလုံးက ထိရောက်စွာပူးပေါင်းဆောင်ရွက်သွားရန် သဘောတူညီခဲ့သည့် အချက် ၁၁ ချက် ပါရှိသည့် အစည်းအဝေးမှတ်တမ်းနှင့် မြန်မာ-တရုတ် အကြမ်းဖက်မှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုနားလည်မှုစာချွန်လွှာတို့အား နှစ်နိုင်ငံဝန်ကြီးများက လက်မှတ်ရေးထိုးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၄ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် Diaoyutai State Guest House အတွင်းရှိ သံတမန်ဆောင်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးနှင့် ဥပဒေရေးရာ ဗဟိုကော်မတီအထွေထွေအတွင်းရေးမှူး Mr. Guo Sheng Kun အား သွားရောက်တွေ့ဆုံ၍ ဝန်ကြီးအဆင့် အစည်းအဝေးရလဒ်များ၊ ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများနှင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုပိုမိုမြှင့်တင်ခိုင်မြဲစေရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေနှင့်အဖွဲ့သည် တရုတ်နိုင်ငံခရီးစဉ်အတွင်း ယူနန်ပြည်နယ် ကူမင်းမြို့၊ ကျန်းစူးပြည်နယ် နန်ကျင်းမြို့နှင့် ကွမ်တုန်းပြည်နယ် ကွမ်ကျိုးမြို့များသို့ ရောက်ရှိခဲ့ပြီး ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ဒုတိယအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံ၍ ဝန်ကြီးအဆင့် အစည်းအဝေးတွင် ဆွေးနွေးသဘောတူညီခဲ့သည့် ရလဒ် များအား ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဒေသများအကြား သတင်းအချက်အလက် ဖလှယ်ရေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးတို့တွင် ပြည်နယ်အဆင့်များနှင့် ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေနှင့် တရုတ်ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနဝန်ကြီး H. E. Mr. Zhao Kezhi တို့ မြန်မာ-တရုတ် အကြမ်းဖက်မှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုနားလည်မှုစာချွန်လွှာအား လက်မှတ်ရေးထိုးကြစဉ်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း သုံးခုခွင့်ပြု

ရန်ကုန် ဇူလိုင် ၇

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ တင်ပြလာသည့် အဆိုပြုချက်များအပေါ် ဆွေးနွေးစိစစ်ရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏(၉/၂၀၁၈) ကြိမ်မြောက် အစည်းအဝေးကို ယနေ့တွင် ရန်ကုန်မြို့၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးသောင်းထွန်းနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အဖွဲ့ဝင်ရှစ်ဦး တက်ရောက်ကြသည်။

အဆိုပါအစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံသူက တင်ပြလာသော ခွင့်ပြုမိန့်နှင့် အတည်ပြုမိန့် လျှောက်ထားလွှာများကို စိစစ်ခြင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုမိန့်ရရှိပြီးသော ကုမ္ပဏီများမှ တင်ပြလာသည့် အထွေထွေကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ယနေ့အစည်းအဝေးမှ အဆိုပြုလွှာ တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ခွင့်ပြုမိန့်သုံးခုနှင့် အတည်ပြုမိန့်သုံးခုခွင့်ပြုရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ရခိုင်ပြည်နယ်၌ အခြေခံမြားပစ်သင်တန်းဖွင့်ပွဲ ကျင်းပ

စစ်တွေ ဇူလိုင် ၇

မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်နှင့် ရခိုင်ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံမြားပစ်သင်တန်း(၈/၂၀၁၈) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် စစ်တွေမြို့ ဧည့်ဝတီ အားကစားရုံ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်က မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်မှ ယခုဖွင့်လှစ်သော သင်တန်းသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရှစ်ကြိမ်မြောက်ဖွင့်လှစ်သော သင်တန်းဟု သိရပါကြောင်း၊ မြားပစ်အားကစားကို စနစ်တကျ လေ့လာတတ်မြောက်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် မြားပစ်အားကစားပြိုင်ပွဲများတွင် အဆင့်မီစွာပါဝင်ယှဉ်ပြိုင်နိုင်ရန်နှင့် ရခိုင်ပြည်နယ်မှ ထူးချွန်ထက်မြက်သည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွက်လာစေရန်ရည်ရွယ်ပြီး ယခုသင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယအမြဲ တမ်းအတွင်းဝန် မြန်မာနိုင်ငံမြားပစ် အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ဦးက မြားပစ်အားကစားနည်း သင်တန်းဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က အားကစားပစ္စည်းများကိုပေးအပ်ရာ အားကစားနှင့် ကာယပညာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးအောင်စောမြက လက်ခံရယူသည်။

အဆိုပါသင်တန်းသို့ ရခိုင်ပြည်နယ် ၁၇ မြို့နယ်မှ သင်တန်းသား သင်တန်းသူ ၃၇ ဦးတက်ရောက်ကြပြီး မြန်မာနိုင်ငံ အားကစားနှင့် ကာယပညာဦးစီးဌာနမှ မြားပစ်အားကစားကျွမ်းကျင်ဆရာများက တစ်လကြာစာတွေ့ လက်တွေ့ သင်ကြားပေးသွားမည် ဖြစ်ကြောင်း သိရသည်။

တင်ထွန်း(မြန်/ဆက်)

☆ **ကျော်ဖုံးမှ**

UPDJC အစည်းအဝေးကတော့ အဆုံးအဖြတ်ဖြစ်လာမှာပါ။ နောက်စီးပွားရေးမှာလည်း အလားတူပဲ Option တွေများတယ်။ တစ်ချက်ပဲ သဘောတူနိုင်တယ်။ ကျန်တာတွေက Option အနေနဲ့ တက်လာတော့ UPDJC မှာပဲ ဖြတ်ရမယ်။ နောက်မြေယာမှာလည်း အနည်းငယ်တော့ရတယ်။ သို့သော် နောက်ထပ် ထပ်ပြီးတော့ Option တွေ ထပ်ဖြစ်လာတယ်။ နောက်ဆုံး လူမှုရေးမှာလည်း အလားတူပဲ ထပ်ပြီးတော့ ဆွေးနွေးရမယ့်ဟာတွေ ဖြစ်လာတော့ UPDJC မှာပဲ ဖြတ်ရတော့မှာပါ။ ဒါပေမယ့် ငြိမ်းချမ်းရေးညီလာခံအတွက် အဓိကဆုံးဖြတ်ကြတာက အခု တနလင်္ဂနေ့မှာ ကျင်းပမယ့် UPDJC ရယ်၊ နောက် ညီလာခံကာလ ငါးရက်မြောက်နေ့မှာ ကျင်းပမယ့် UPDJC ပေါ့။ အဲဒီအပေါ်မှာ အဓိကမူတည်သွားမှာပါ။ ပြီးရင်တော့ ကျွန်တော်တို့ ရသလောက် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း ၂ ကို ချုပ်ဆိုဖို့ အဲဒါ ဆက်သွားမှာပါ"ဟု ပြောကြားသည်။

အလားတူ စိုင်းကျော်ညွန့်က "မူဝါဒအဆိုပြုချက် နိုင်ငံရေးမှာဆို ခုနစ်ချက်ရှိပါတယ်၊ စီးပွားရေးမှာဆိုရင် ၁၁ ချက်၊ လူမှုရေးမှာဆိုရင် ကိုးချက်၊ မြေယာနဲ့သဘာဝပတ်ဝန်းကျင်ဆိုင်ရာမှာဆိုရင် ငါးချက်၊ လုံခြုံရေးကတော့ ဆွေးနွေးချက်ပဲရှိပြီးတော့ မူဝါဒအဆင့်အထိ အဆိုပြုချက်မရှိပါဘူး။ ဒီအဆိုပြုချက်တွေထဲမှာကလည်း တချို့အချက်တွေဆိုရင်တော့ အစုအဖွဲ့အားလုံးက သဘောတူထားတဲ့ အချက်အလက်တွေလည်းပါပါတယ်။ တချို့ အစုအဖွဲ့တွေကတော့ အစုအဖွဲ့အားလုံး သဘောမတူထားသေးဘူးဆိုတော့ Option အနေနဲ့ တပ်မတော်က ဘယ်လို၊ တိုင်းရင်းသားလက်နက်ကိုင်က ဘယ်လို၊ နိုင်ငံရေးပါတီကဘယ်လို အဆိုပြုတယ်ဆိုပြီးတော့ အဆိုပြုချက်အပြိုင်တွေ အဲဒီလိုပုံစံနဲ့ စုစည်းထားတာရှိပါတယ်။ ပြီးတော့ လုပ်ငန်းကော်မတီရဲ့ လုပ်ငန်းလမ်းညွှန်အရလည်း လုပ်ငန်းကော်မတီက အပြီးသတ် ဆုံးဖြတ်ချက်ချမှတ်ဖို့မဟုတ်ပါဘူး။ ရှိတဲ့သဘောတူထားတဲ့ဟာပါမယ်။ မတူသေးတဲ့ဟာကိုလည်း UPDJC ကို တင်သွင်းပြီးတော့ ဆက်လက်အတည်ပြုချက် ရယူရမှာဖြစ်ပါတယ်။ အခု ၉ ရက်နေ့မှာ ကျင်းပမယ့် UPDJC အစည်းအဝေးကို လုံခြုံရေးကဏ္ဍကတော့ သူတို့ရဲ့ဆောင်ရွက်မှုတွေပဲ တင်ပြမယ့်ပုံစံဖြစ်ပြီးတော့ ကျန်တဲ့လုပ်ငန်းကဏ္ဍ ကော်မတီလေးခုကတော့ သူတို့ရဲ့ အဆိုပြုလွှာနဲ့အတူ UPDJC ကို တင်သွင်းသွားမှာ ဖြစ်ပါတယ်" ဟု ပြောကြားသည်။

ထို့အတူ ဦးမင်းကျော်ဇေယျာဦးက "ပြည်နယ်တွေမှာ အကျိုးဖြစ်ထွန်းလာဖို့၊ စီးပွားရေးစီမံကိန်းတွေရေးဆွဲဖို့အတွက် အားလုံးသဘောတူညီပါတယ်။ အဲဒီမှာမှ ကျွန်တော်တို့က Principle ဖြစ်မယ်။ ဒီ Principle ကို ကျွန်တော်တို့က UPDJC ကို ထပ်ပြီးတော့ တင်ပါမယ်။ UPDJC မှာ အတည်ပြုခဲ့တယ်ဆိုရင် အဲဒီ Principle ရဲ့အောက်မှာမှ ကိုယ့်ပြည်နယ်မှာ ဘယ်လိုမူဝါဒတွေနဲ့ သွားချင်တယ်ဆိုတဲ့ Policy တွေ ဆက်ရေးမယ်ဆိုတဲ့ သဘောပါ။ ပြည်သူကို အကျိုးပြုမယ့် စီးပွားရေးစီမံကိန်းတွေ ရေးဆွဲဖို့၊ ရေးဆွဲခွင့် အဲဒီတစ်ချက်ကိုတော့ အားလုံးသဘောတူပါတယ်။"

မျိုးမြင့်(သတင်းစဉ်)

အာဇာနည်နေ့အကြို ဆောင်းပါး

မရှိ၍ ရှိသော ဗိုလ်ချုပ်အောင်ဆန်း

လယ်တွင်းသား စောချစ်

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက် နေ့ခင်းပိုင်းတွင် ရွာလယ်ပိုင်းမှ လှရွှေ ကျွန်တော်တို့အိမ်ရှေ့မှ ညောင်ပင်ကြီးအောက်ရောက်လာသည်။

“ ဟေ့ကောင်တွေ... ရွာလယ်တိုက်ပျက်ကြီးထဲမှာနေတဲ့စစ်သားတွေ...ဝိုင်နေကြတယ်ကွ...”

သတင်းထူး၊ သတင်းဦးကို အမောတကော ပြေးလာပြောခြင်း ဖြစ်သည်။

“ဘာဖြစ်လို့ဝိုတာလဲကွ...”

တအံ့တသြ မေးမိကြသောစကား။

“ မသိဘူးကွ...၊ တချို့က တိုက်နံ့ရံခေါင်းနဲ့ ဆောင့်ပြီး ဝိုတာကွ...။ တချို့ကတော့ တိုက်နံ့ရံကို လက်သီးနဲ့ထိုးပြီး ဝိုတာကွ...”

“လာကွာ... သွားကြည့်ရအောင်...”

လှရွှေပြောသည်မှာ စိတ်ဝင်စားစရာမို့ ကျွန်တော်တို့ သွားကြည့်ကြသည်။ ဟုတ်ပါသည်။ တိုက်ပျက်ကြီးထဲမှာ စခန်းချနေကြသော စစ်သားတိုင်း ဝိုနေကြသည်။ မဝိုသူတစ်ယောက်မျှမရှိ။ ဘာကြောင့်ဝိုသည်ကို ဘယ်သူမျှမသိ။ ဘယ်သူ့မှလည်းမေး၍မရ ကျွန်တော်အိမ်ပြန်လာသည်။ အမေ့ကို မေးမည်။

“ အမေ...အမေ...”

အိမ်ထဲဝင်သွားတော့ အမေဝမ်းပန်းတနည်း ဝိုနေသည်။ ဆွေထဲ၊ မျိုးထဲမှ ချစ်ခင်သူ တစ်ယောက်သေဆုံး၍ ဝမ်းပန်းတနည်း ဝိုကြွေးနေသောပုံ။

“ အမေ...ဘာဖြစ်လို့ ဝိုတာလဲ...ဘယ်သူသေလို့ ဝိုတာလဲ...”

“ဗိုလ်ချုပ်အောင်ဆန်းသေပြီ ငါ့သားရဲ့”

“ ဗိုလ်ချုပ်အောင်ဆန်းဆိုတာ ဘယ်သူလဲ အမေ...”

ထိုနေ့ညမှစပြီး အမေက ဗိုလ်ချုပ်အောင်ဆန်း အကြောင်း ပုံပြင်သဖွယ် ပြောပြသည်။

အမေက မြင်းခြံမြို့ နော်မန်ကျောင်းမှာ ၉ တန်းအထိ နေဖူးသည်။ ဗိုလ်ချုပ်ကို ချစ်ခင်လေးစား၍ ဗိုလ်ချုပ်အကြောင်း ကောင်းစွာ ပြောနိုင်ပါသည်။

နောင်ကြီးလာသောအခါ ဗိုလ်ချုပ်အောင်ဆန်း အကြောင်း စာအုပ်များမှာ ဖတ်၍ ပိုသိရသည်။

ဗိုလ်ချုပ်ကွယ်လွန်သောအခါ တစ်နိုင်ငံလုံး လုည်းနေ လေ့အောင်း မြင်းဇောင်းမကျန် ဝမ်းနည်းပူဆွေး ငိုကြွေးကြသည်ဟု ဖတ်ရသော အခါ...

“ ဟုတ်တယ်ဗျ... အညာကျေးက ကျွန်တော်တို့ရွာကလေးမှာလည်း ငိုကြတယ်ဗျ...”ဟု ထောက်ခံမိပါသည်။

ဗိုလ်ချုပ်ကို တစ်နိုင်ငံလုံး ချစ်ကြသည်။ လေးစားကြသည်။ အမြတ်တနိုးတန်ဖိုးထားကြည်ညိုကြသည်။

ဘာကြောင့်ပါနည်း။

ဗိုလ်ချုပ်သည် တိုင်းပြည်နှင့်လူမျိုးကိုချစ်မြတ်နိုးသည်။ သူ့ကိုယ်ကျိုးထက် တိုင်းပြည်နှင့် လူမျိုးအကျိုးကို ပိုပြီးအလေးအမြတ်ထားသည်။ ဂျပန်ခေတ် ဂျပန်နိုင်ငံမှာ စစ်ပညာသင်ကြားစဉ် ဂျပန်များက နေ့စဉ်ပါးကိုရိုက်လွန်း၍ တစ်ယောက်က မခံနိုင်တော့ကြောင်း ပြောသည်။ ဗိုလ်ချုပ်က သူတို့ကို ပြန်တော်လှန်မည်ဆိုလျှင် သူတို့ထံမှ စစ်ပညာကို တတ်မြောက်ရန်လိုကြောင်း ပါးတစ်ချက်အရိုက်ခံရတိုင်း လွတ်လပ်ရေးရဖို့ တစ်ရက်ပိုနီးသွားပြီဟု မှတ်ယူရန် ပြောဆိုသည်။ ထိုအချိန်က ဗိုလ်ချုပ်သည် အသက်ငယ်သေးသော်လည်း စိတ်ထားကြီးပေစ။ တိုင်းပြည်လွတ်လပ်ရေးအပေါ်ထားသော စိတ်ဓာတ်ကြီးမြတ်ပေစ။

ဗိုလ်ချုပ်သည် နိုင်ငံ့ခေါင်းဆောင်တစ်ယောက်၊ စစ်ဗိုလ်ချုပ်တစ်ယောက် ဖြစ်သော်လည်း ဗိုလ်ချုပ်မှာ ဘာမျှမရှိ။ တစ်ညနေမှာ အစည်းအဝေးမရှိ။ ချိန်းဆိုထားတာမရှိ၍ ပလေဒီယံရုပ်ရှင်ရုံမှာပြနေသော အင်္ဂလိပ်ဟာသကားကို ကြည့်ချင်သည်။

သူ၏ကိုယ်ရံတော်အပါးတော်မြဲ ဗိုလ်ထွန်းလှကို ပိုက်ဆံမည်မျှရှိသနည်းမေးသည်။ ဗိုလ်ထွန်းလှက နှစ်ကျပ်ရှိကြောင်း ပြောသည်။ ဗိုလ်ချုပ်က နှစ်ကျပ်ရှိလျှင် တစ်ကျပ်ကို ငါးမူးတန်းမှ နှစ်ယောက်ကြည့်၍ရကြောင်းပြောပြီး ဆရာတပည့်ရုပ်ရှင်သွားကြည့်ကြသည်။ ဆင်းရဲသားများ ကြည့်သောအတန်းဖြစ်သည်။ သူတို့ရှေ့မှာ တစ်မတ်တန်းသာရှိသည်။ သူတို့နောက်မှာ တစ်ကျပ်တန်း၊ နှစ်ကျပ်တန်း၊ အထူးတန်းများ ရှိသည်။

ငါးမူးတန်းရှေ့ဆုံးအတန်းမှာ ရုပ်ရှင်ထိုင်ကြည့်နေသော ဗိုလ်ချုပ်ကို တစ်မတ်တန်းမှ လူများတွေ့သွားကြသည်။ ဗိုလ်ချုပ်ရှိရာ နောက်သို့ လည်ပြန်လှည့်ကြည့်ရင်း စိတ်မကောင်းဖြစ်ကြသည်။ ရုပ်ရှင်မကြည့်နိုင်။ နောက်တန်းများမှ လူများမှာလည်း တစ်မတ်တန်းက လူများ၏ ထူးခြားမှုကြောင့် ဗိုလ်ချုပ်ကိုတွေ့သွားကြသည်။ စိတ်မကောင်းဖြစ်ကြသည်။

“ဪ...ဗိုလ်ချုပ်ရယ်...”

ခံစားကြရသောစိတ်ကြောင့် ဟာသကားမှာလည်း မရယ်ရတော့ကြောင်း ဗိုလ်ထွန်းလှက ပြောပြသည်။

“ကြီးကျယ်ခမ်းနားလိုက်တာ ဗိုလ်ချုပ်ရယ်... လွမ်းစရာကောင်းလိုက်တာ” ဟု ခံစားမိရပါ၏။

လွတ်လပ်ရေးအတွက် ဘီလပ်ကို ဗိုလ်ချုပ် သွားသောအခါ ဝတ်စရာ အနွေးထည်မပါ။ လွတ်လပ်ရေးအတွက် ပြည့်စုံစွာ ပြောဆိုရန် ပြင်ဆင်သွားသော်လည်း ကိုယ့်အတွက်ဘာမျှ ပြင်ဆင်ခြင်းမရှိ။

အိန္ဒိယနိုင်ငံတွင် ခရီးတစ်ထောက်နားမှ မိတ်ဆွေကောင်း မစ္စတာနေရူးက ဘီလပ်မှာ အလွန်အေးနေကြောင်း သတိပေးပြောဆိုပြီး အနွေးထည်ချုပ်ပေးလိုက်ရသည်။

ထိုလောင်းကုတ်အင်္ကျီကြီးမှာ ဗိုလ်ချုပ်နှင့် ခန့်ညားစွာ လိုက်ဖက်လှပါ၏။ လောင်းကုတ်အင်္ကျီအိတ်ထောင်များတွင် လက်နှစ်ဖက် နှိုက်၍ ရိုက်ထားသောဓာတ်ပုံမှာ ကြည့်၍ကောင်းလေစ။

“ဘီလပ်ကိုသွားတာ ဘာပါလဲမေးကြတယ်၊ လောင်းကုတ်အင်္ကျီတစ်ထည်ပါတယ်” ဗိုလ်ချုပ်က ဟာသစကားကြွားကြွားဝါဝါ ပြောခြင်းဖြစ်၏။

နွေရာသီအစည်းအဝေးတစ်ခုမှာ ဗိုလ်ချုပ်က လောင်းကုတ်အင်္ကျီကြီးဝတ်ထားသည်။ လူများက ပြုံးစိစိ။

နွေရာသီမှာပူ၍ လောင်းကုတ်အင်္ကျီကြီး ချွတ်ထားရန် အစည်းအဝေးမှ မိတ်ဆွေများက ပြောကြသည်။

“ကျုပ်နေမကောင်းလို့ဗျ...”

ရင်းနှီးသူတစ်ယောက်က ဗိုလ်ချုပ်နောက် ဘက်သို့သွားပြီး ...

“ဗိုလ်ချုပ်က နေမကောင်းဘူးသာဆိုတာ ချွေးတွေကလည်းရွှဲလို့... ကိုယ့်ချွေးနဲ့ကိုယ် အအေးပတ်နေပါဦးမယ်...”

ပြောပြောဆိုဆိုအင်္ကျီကို နောက်မှဆွဲချွတ်လိုက်သည်။ အင်္ကျီလက်ထဲပါလာသည်။ သို့သော် ချွတ်သူက ဆက်မချွတ်နိုင်။

ဗိုလ်ချုပ်ကျောမှာ အင်္ကျီကပြဲနေသည်။ ကျန်လူများလည်းလှမ်းမြင်၍ စိတ်မကောင်း ဖြစ်ကြသည်။

“ကဲဗျာ...ခုမှတော့ စိတ်မကောင်းဖြစ်မနေကြပါနဲ့ ဆက်ပြီးသာချွတ်လိုက်ပါ...”

ဗိုလ်ချုပ်က ဘာမျှမဖြစ်။ အစည်းအဝေး ဆက်ပြီး ဆွေးနွေးသည်။

“ဩော် ဂုဏ်တင့်လိုက်တာ ဗိုလ်ချုပ်ရယ်... ကြည်ညိုစရာလေးစားစရာကောင်းလိုက်တာ...” မရှိ၍ ရှိခြင်းဖြစ်ပါ၏။ ၁၉၆၅ ခုနှစ်တွင် ကျွန်တော်တို့ တက္ကသိုလ် လူရည်ချွန်ကျောင်းသားဘဝက ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ကို သွားလေ့လာရသည်။ လူမှု အသုံးအဆောင်ပစ္စည်းဆိုရ၍ ခမ်းခမ်းနားနား ဘာမျှ မရှိပါ။ ဗိုလ်ချုပ်၏ အဝတ်ဗီရိုထဲမှာ ဝတ်စုံလေး သုံး၊ လေးစုံသာရှိပါသည်။ ပြတိုက်မှူးပြသူက-

“ဒီရွှေတောင်ပိုးလုံချည်လေးက ဗိုလ်ချုပ် အလွန်ကြိုက်ပါတယ်။ အခမ်းအနားသွားစရာ ရှိရင်... ဒီရွှေတောင်ပိုးလုံချည်လေးကိုပဲ ဝတ်လေ့ရှိပါတယ်...” ဟုပြောပြသည်။

“ဒီပိုးလုံချည် မဝတ်ရင်ရော... တခြားဝတ်စရာ လုံချည်ကောင်းကောင်းရှိသေးလို့လား...”

လူရည်ချွန် ကျောင်းသားတစ်ယောက်၏ မေးခွန်းဖြစ်သည်။

“မရှိပါဘူး...”

ရှင်းပြသူက ဖြေသည်။

မရှိသော ဗိုလ်ချုပ်ကို ချစ်ခင်လေးစားစွာ ဂုဏ်ယူကြရသည်။

လွန်ခဲ့သည့် ခြောက်နှစ်က ဗီယက်နမ်စာပေ အသင်းဥက္ကဋ္ဌ၏ ဖိတ်ကြားချက်အရ ဗီယက်နမ်နိုင်ငံသို့ ရောက်သည်။ နှစ်နိုင်ငံ စာရေးဆရာ အသင်းများချစ်ကြည်ရေးစာချုပ် လက်မှတ်ထိုးကြသည်။

ဗီယက်နမ်သမ္မတကြီး ဟိုချီမင်းအကြောင်း စာအုပ်များစွာ ဖတ်ထား၍ သမ္မတကြီးဟိုချီမင်းကို လေးစားသည်။ သမ္မတအိမ်ကို လိုက်ပြပါရန် ကျွန်တော်က တောင်းဆိုသည်။ ဗီယက်နမ်စာရေးဆရာများ လိုက်ပို့ကြပါသည်။ သမ္မတအိမ်ကို လူအများထူးခြားစွာ စိတ်ဝင်စားကြသည်။ နိုင်ငံခြားသားများစွာ လာချင်ကြသည်။

မိုးနှင်းများ တဖွဲဖွဲရွာနေစဉ်မှာ ထီးဆောင်းထားသော လူတန်းကြီး တန်းစီနေကြသည်။

သစ်သားနှစ်ထပ်အိမ် မကြီးမသေးဖြစ်သည်။ လူတစ်ယောက် သင့်လျော်စွာ နေထိုင်နိုင်သော အိမ်ဖြစ်ပါသည်။ သမ္မတကြီး ဟိုချီမင်းမှာ လူပျိုကြီးဖြစ်သည်။

ခမ်းနားကြီးကျယ်သော လူ့အသုံးအဆောင် ပစ္စည်းဟူ၍ ဘာမျှမရှိပါ။

လူအများစိတ်ဝင်စားစွာ ကြည့်ရှုလေ့လာ နေကြသည်မှာ သမ္မတကြီး ဟိုချီမင်း၏ ဘာမျှမရှိခြင်းဖြစ်သည်။

ဗီယက်နမ်စာပေအသင်း ဥက္ကဋ္ဌက ကျွန်တော့်ကို ကြွားဝါပြောဆိုနေသည်မှာလည်း သမ္မတကြီးမှာ ဘာမျှမရှိခြင်းအကြောင်းဖြစ်သည်။

ကျွန်တော်က ဗီယက်နမ်စာပေအသင်းဥက္ကဋ္ဌကို မြန်မာနိုင်ငံသို့ ပြန်လည်ဖိတ်ကြားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံရောက်လျှင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ကို ပြန်လည်ပြသမည်ဖြစ်ကြောင်း ပြောပါသည်။

ဗီယက်နမ်စာပေအသင်းဥက္ကဋ္ဌက ဗိုလ်ချုပ်အောင်ဆန်းအကြောင်းကို သိပါကြောင်း၊ လေးစားပါကြောင်း ပြန်ပြောသည်။

ကျွန်တော့်စိတ်ထဲမှာ ဝမ်းသာအားတက်နေသည်။ ဗီယက်နမ်စာပေဥက္ကဋ္ဌနှင့်အဖွဲ့လာလျှင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ကို လိုက်ပြပြီး ပြန်ကြွားလိုက်ချင်သည်။

ကျွန်တော်တို့၏ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် မရှိ၍ ရှိသူဖြစ်၏။

ထိုသို့မရှိ၍ ရှိသောကြောင့်ပင် ကျွန်တော်တို့ တစ်နိုင်ငံလုံး လုည်းနေလေ့အောင်း မြင်းဇောင်းမကျန် ဗိုလ်ချုပ်ကို ချစ်ကြ၊ ကြည်ညိုကြ၊ မြတ်နိုးလေးစားဂုဏ်ယူနေကြရခြင်းဖြစ်ပါ၏။ ။

“ဗိုလ်ချုပ်သည် တိုင်းပြည်နှင့် လူမျိုးကိုချစ်ခင်မြတ်နိုးသည်။ သူ့ကိုယ်ကျိုးထက် တိုင်းပြည်နှင့် လူမျိုးအကျိုးကို ပိုပြီးအလေးအမြတ်ထားသည်။ ဂျပန်ခေတ်၊ ဂျပန်နိုင်ငံမှာ စစ်ပညာသင်ကြားစဉ် ဂျပန်များက နေ့စဉ် ပါးကိုရိုက်လွန်း၍ တစ်ယောက်က မခံနိုင်တော့ကြောင်း ပြောသည်။ ဗိုလ်ချုပ်က သူတို့ကိုပြန်တော်လှန်မည်ဆိုလျှင် သူတို့ထံမှ စစ်ပညာကိုတတ်မြောက်ရန်လိုကြောင်း ပါးတစ်ချက်အရိုက်ခံရတိုင်း လွတ်လပ်ရေးရဖို့ တစ်ရက်ပိုနီးသွားပြီဟု မှတ်ယူရန်ပြောဆိုသည်။ ထိုအချိန်က ဗိုလ်ချုပ်သည် အသက်ငယ်သေးသော်လည်း စိတ်ထားကြီးပေစ။ တိုင်းပြည်လွတ်လပ်ရေးအပေါ်ထားသော စိတ်ဓာတ်ကြီးမြတ်ပေစ။ ဗိုလ်ချုပ်သည် နိုင်ငံ့ခေါင်းဆောင်တစ်ယောက်၊ စစ်ဗိုလ်ချုပ်တစ်ယောက်ဖြစ်သော်လည်း ဗိုလ်ချုပ်မှာ ဘာမျှမရှိ”

ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နတ်မောက် ဇူလိုင် ၇

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ အောင်ဆန်းရပ်ကွက်ရှိ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်တွင် ယနေ့နံနက် ၇ နာရီခွဲက ဌာနဆိုင်ရာများနှင့် မြို့ပေါ်ရှိပရဟိတအဖွဲ့များ စုပေါင်း၍ သန့်ရှင်းရေးပြုလုပ်ခဲ့ကြသည်။

အဆိုပါ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက် စုပေါင်းသန့်ရှင်းရေးသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ၃-ဦးစီးမှူးနှင့်ရုံးဝန်ထမ်းများ၊ နတ်မောက်မြို့နယ် မြို့မရဲစခန်း မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့ပေါ် ပရဟိတအဖွဲ့များက ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် အတွင်းအပြင်ရှိ ချုံပုတ်များ၊ အမှိုက်သရိုက်များ၊ ပေါင်းမြက်များနှင့်မို့မောက်နေသော မြေသားများညီပေးခြင်းစသည့် သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လှဝင်း(နတ်မောက်)

ကဗျာဆရာ၊ စာရေးဆရာ၊ ငြိမ်းချမ်းရေးပိသုကာ ဆရာကြီး ဒဂုန်တာရာ မွေးနေ့ရာပြည့်အကြို

ဖေသိန်းမြင့်

ဆရာကြီး ဒဂုန်တာရာ

မြန်မာစာပေသမိုင်းတွင် ခေတ်အဆက်ဆက် အစားထိုးမရနိုင်လောက်အောင် စာပေကျေးဇူးကြီးမားလှသည့် စာပေပညာရှင်ကြီးများ အမြောက်အမြား ပေါ်ထွန်းခဲ့ကြဖူးလေသည်။ အဆိုပါ ပညာရှင်ကြီးများထဲတွင် ကဗျာဆရာ၊ စာရေးဆရာ၊ ငြိမ်းချမ်းရေးပိသုကာ ဆရာကြီး ဒဂုန်တာရာလည်း တစ်ဦးအပါအဝင်ဖြစ်သည်။

ဆရာကြီး ဒဂုန်တာရာသည် မြန်မာစာပေသမိုင်းတွင် ထင်ရှားသည့်အမှတ်အသား(မှတ်တိုင်)တစ်ခုဖြစ်သည်။ ဆရာကြီးသည် ခရစ်နှစ် ၁၉၃၄ ခုနှစ်မှစတင်၍ ရတုပိုဒ်စုံ ကဗျာများ၊ ဘာသာပြန်ဝတ္ထုတို့ကို ဒဂုန်မဂ္ဂဇင်း၊ တက္ကသိုလ်သိပ္ပံမဂ္ဂဇင်းတို့တွင် ရေးသားခဲ့လေသည်။ တက္ကသိုလ်ကျောင်းသားဘဝမှာပင် ကိုနု၊ ကိုအောင်ဆန်း၊ ကိုဗဆွေတို့နှင့်အတူ ဆက်ဆံခဲ့ပြီး ကျောင်းသားသမဂ္ဂမဂ္ဂဇင်း၊ အိုးဝေမဂ္ဂဇင်းထုတ်ဝေမှုတို့တွင် တာဝန်ယူခဲ့သူဖြစ်သည်။

နိုင်ငံရေးထက် စာပေဘဝကို အထူးမြှုပ်နှံထားသူ

ဆရာကြီးသည် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၊ သခင်သန်းထွန်း၊ သခင်ဗဟိန်း၊ သခင်လှမောင် (ဗိုလ်ဇေယျ) စသည့် ထင်ရှားသည့် နိုင်ငံရေးခေါင်းဆောင်ကြီးများနှင့် ရင်းနှီးကျွမ်းဝင်သော်လည်း နိုင်ငံရေးထက် စာပေဘဝကို အထူးမြှုပ်နှံထားသူဖြစ်သည်။ ပါတီနိုင်ငံရေးပင်မက အစိုးရအမှုထမ်းအဖြစ်ပင် လုံးဝမလုပ်ဆောင်ဖူးသူ စာပေသမားစစ်စစ်ဖြစ်သည်။ အသင်းအပင်းကိစ္စများဖြစ်သည့် ကျောင်းသားသမဂ္ဂ၊ စာရေးဆရာသမဂ္ဂ၊ စာရေးဆရာအသင်း စသည်တို့မှာသာ ပါဝင်ဆောင်ရွက်ခဲ့သည်။ ထို့ကြောင့်လည်း ငယ်ငယ်ရွယ်ရွယ်နှင့် မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌအဖြစ် ၁၉၅၀ ပြည့်နှစ်တွင် ရွေးချယ်တင်မြှောက်ခံခဲ့ရသူဖြစ်သည်။ ရန်ကုန်တက္ကသိုလ်နယ်ပယ်က ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်တို့ကပါ အားပေးထောက်ခံခဲ့ကြသည့်အပြင် ဆရာဇော်ဂျီက မြန်မာစာပေလောကတွင် စာပေရုပ်ပုံလွှာဟူသည့် စာပေပုံစံသစ်တစ်မျိုးဟာ ဆရာတာရာရဲ့ အမှတ်အသားတစ်ခုဖြစ်ကြောင်း အသိအမှတ်ပြုခဲ့လေသည်။ ထို့ကြောင့်လည်း အချို့သောပညာရှင်တို့က ဆရာကြီးဒဂုန်တာရာနှင့်ပတ်သက်၍ ဝေဖန်ဆွေးနွေးကြရာတွင် ဆရာကြီးသည် ကဗျာဆရာ၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ဂီတအနုပညာရှင် ဟူ၍ အဆိုပြုတင်ပြခဲ့ကြလေသည်။ ဆရာကြီးကိုယ်တိုင်ကလည်း သူ့ကိုယ်သူ နိုင်ငံရေးသမား ဟူ၍ မခံယူကြောင်း ကိုယ်တိုင်ဖွင့်ဟဝန်ခံဖူးသည်။ သို့သော် ဟံသာဝတီ ဦးဝင်းတင်ကမူ "ဆရာတာရာဟာ နိုင်ငံရေးစာရေးဆရာဖြစ်တယ်၊ သူ့နိုင်ငံရေးက လူထုနိုင်ငံရေး၊ ကိုယ်ကျိုးမရှာသည့် သန့်ရှင်းသောနိုင်ငံရေး၊ ငြိမ်းချမ်းသောနိုင်ငံရေး၊ ရဲရင့်ပြတ်သားသော နိုင်ငံရေး ဖြစ်တယ်"ဟူ၍ ကောက်ချက်ချခဲ့လေသည်။

ငြိမ်းချမ်းရေးကို လိုလားသော

ဆရာကြီးဒဂုန်တာရာသည် ဆရာကြီးသခင်ကိုယ်တော်မှိုင်းကို ကြည်ညိုအားထားလေးစားသူဖြစ်ရာ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ စာပေများကို "ဝံသာနုစာပေများ"ဟူ၍ ဂုဏ်ပြုအမည်ပေးလျက် ဆရာကြီးသခင်ကိုယ်တော်မှိုင်းသည် ဂန္ဓဝင်စာပေနှင့် အဦးဆုံးလမ်းခွဲခဲ့သည့် ခေတ်သစ်စာပေပညာရှင်(အမှတ်အသား)ဟူ၍ အသိအမှတ်ပြုခဲ့လေသည်။ ထို့ပြင် ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ ငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်မှုများတွင် အားပေးထောက်ခံခဲ့ပြီး ဆရာကြီး၏ထံပါးတွင် ပြည်တွင်းငြိမ်းချမ်းရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေးလှုပ်ရှားမှုများကို လေးလေးနက်နက် ပါဝင်လုပ်ဆောင်ခဲ့လေသည်။ မိမိကိုယ်တိုင်လည်း ငြိမ်းချမ်းရေးကိုလိုလားသော၊ ငြိမ်းချမ်းရေးကိုသာ တန်ဖိုးထားသော၊ ငြိမ်းချမ်းရေးကို ယုံကြည်သော၊ ငြိမ်းချမ်းရေးကို အားကိုးသော၊ ငြိမ်းချမ်းရေးကို မြတ်နိုးသော၊ ငြိမ်းချမ်းမှုကိုသာ တည်ဆောက်လိုသော ငြိမ်းချမ်းရေးသမားစစ်စစ်တစ်ယောက်အဖြစ် ခံယူထားသူဖြစ်သည်။ ထို့ကြောင့်လည်း အချို့သောပညာရှင်တို့က ဆရာတာရာသည် ကဗျာဆရာ၊ စာရေးဆရာ၊ ငြိမ်းချမ်းရေးပိသုကာ ဟူ၍ အသိအမှတ်ပြုဖော်ညွှန်းတင်စားကြလေသည်။

ဆရာကြီး ဒဂုန်တာရာသည် ၁၉၁၉ ခုနှစ် မေ ၁၀ ရက်တွင် မွေးဖွားခဲ့သူဖြစ်သည်။ နာမည်မှာ ဦးဌေးမြိုင်ဖြစ်သည်။ ဆရာကြီးမွေးဖွားသည့် ခေတ်ကာလသည် မြန်မာနိုင်ငံ ကိုလိုနီခေတ် နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုအားကောင်းမောင်းသန်ကာလဖြစ်သည်။ ထိုခေတ်ထိုကာလပတ်ဝန်းကျင်တွင် မွေးဖွားခဲ့ကြပြီး တိုင်းပြည်အကျိုးအတွက် ရွပ်ရွပ်ခ္ခုံခ္ခု ဆောင်ရွက်ခဲ့ကြသည့် မျိုးချစ်အာဇာနည်ပုဂ္ဂိုလ်ကြီးများ အမြောက်အမြား ပေါ်ထွန်းခဲ့ကြသည်ဖြစ်ရာ အိုးဝေဦးညိုမြ (၁၉၁၅ ဧပြီ ၁၀)၊ ဦးသိန်းဖေမြင့် (၁၉၁၄ ဇူလိုင် ၁၀)၊ ဗိုလ်ချုပ်အောင်ဆန်း (၁၉၁၅ ဖေဖော်ဝါရီ ၁၃)၊ လူထုဒေါ်အမာ (၁၉၁၅ နိုဝင်ဘာ ၂၉)အစရှိသည့် ပုဂ္ဂိုလ်ကြီးတို့သည် သက်ရှိထင်ရှားမရှိကြတော့ဘဲ ရာပြည့်သက်တမ်းများကို ဖြတ်ကျော်ခဲ့ကြရာ စာရေးသူ အလင်းတန်းဂျာနယ်၊ ရွှေအမြုတေမဂ္ဂဇင်းတို့တွင် အဆိုပါပုဂ္ဂိုလ်ကြီးများကို မှတ်တမ်းတင်ဂုဏ်ပြုရေးသား ဖော်ပြခဲ့ဖူးလေသည်။ ထိုနည်းတူစွာပင် သက်ရှိထင်ရှားမရှိတော့ပြီဖြစ်သည့် ဆရာကြီးဒဂုန်တာရာကိုလည်း ကြည်ညိုလေးစားဂုဏ်ပြုသည့်အနေဖြင့် နှစ်တစ်ရာပြည့်သက်တမ်းကို ဖြတ်သန်းတော့မည့်ကာလကို လက်လှမ်းမီသမျှလေ့လာမှတ်သားရေးသားတင်ပြမိခြင်းဖြစ်လေသည်။

ထူးခြားသည့် စာပေမှတ်တိုင်များ

ဆရာကြီး ဒဂုန်တာရာသည် ၁၅ နှစ်သားအရွယ်ကစပြီး တစ်သက်တာလုံး စာတွေ့ရေးသွားခဲ့သည့် ပုဂ္ဂိုလ်ကြီးဖြစ်သည်။ ငယ်စဉ်က ချူချာခဲ့သူဖြစ်၍ အသက်ကြီးလာသည့် နောက်ပိုင်းလည်း မျက်စိဝေဒနာကြောင့် စာကောင်းကောင်းမရေးနိုင်ခဲ့ဟုဆိုသည်။ မည်သို့ဆိုစေ ဆရာကြီးသည် မြန်မာစာပေအကျိုးအတွက် တာဝန်ကျေပွန်စွာ အလုပ်အကျွေးပြုခဲ့သည့် ထူးချွန်ပြောင်မြောက်သော ပုဂ္ဂိုလ်ကြီးဖြစ်သည်မှာ ထင်ရှားလေသည်။ ဆရာကြီး၏ ကဗျာ၊ ဝတ္ထုရှည်၊ ဝေဖန်စာစု၊ ခရီးသွားစာပေ၊ စာပေရုပ်ပုံလွှာ၊ စာပေသဘောတရား၊ နိုင်ငံရေးစာပေ စသည့် စာပေတန်ဆောင်အသီးအပွင့်များမှာ ဆရာကြီး၏ ထူးခြားသည့် စာပေမှတ်တိုင်များ ဖြစ်ခဲ့ကြလေသည်။

စစ်ပြီးခေတ် ခရစ်နှစ် ၁၉၄၆ ခုနှစ်တွင် ဆရာကြီး ဒဂုန်တာရာသည် "တာရာမဂ္ဂဇင်း"ကို စတင်ထုတ်ဝေခဲ့သည်။ စာပေသစ်ဟူသော သဘောတရားကိုကိုင်စွဲပြီး တာရာမဂ္ဂဇင်းကို ရေးသားထုတ်ဝေခဲ့သည်။ စာပေသည် ပြည်သူ့ကို အလုပ်အကျွေးပြုရမည်။ စာပေသည် ပြည်သူ့နိုင်ငံရေး ရေစီးကြောင်းနှင့်အတူ စီးဆင်းရမည်ဟူသော စာပေအယူအဆသစ် ခံယူချက်ဖြင့် ဆရာကြီးသည် တာရာမဂ္ဂဇင်းကို ဖန်ဆင်းရာတွင် မြန်မာ့လူမှုဆက်ဆံရေးနောက်ခံများကို ဦးစားပေးဖော်ပြခဲ့လေသည်။ ဂန္ဓိအားလုံးအဖြစ် မြင်ရပုံ၊ မော်စီတုံး၏ ဒီမိုကရေစီသစ်၊ မက်စ်ဝါဒနှင့်ကဗျာ၊ ချက်ပြည်၊ ကွန်မြူနစ်အယ်ဒီတာ "ဖူးချစ်"၏ ကမ္ဘာကျော်ထောင်ထွင်းစာပေ၊ ပြင်သစ်ပန်းချီဆရာ "ဂိုဂင်"၊ ဂျာမန်ဂီတပညာရှင် "ဗီသိုဗင်"၊ ရေဝတီတယောဆရာ "မနုဒင်" စသည့် ရေးသားတင်ပြမှုများဖြင့် ဒဂုန်တာရာခေတ် စာပေသစ်ကို ပျိုးထောင်ကြိုးပမ်းခဲ့သူဖြစ်သည်။

အရှိန်အဟုန်မြင့်တက်လာခဲ့

ထို့နောက် တာရာမဂ္ဂဇင်း၏ စာပေသစ်သဘောတရားများ ပို၍တက်ကြွလာခဲ့သည်။ မြန်မာ့နိုင်ငံရေးလှုပ်ရှားမှုများ၊ တော်လှန်ရေးအခန်းများ ပါဝင်လာသည်။ လူ့ရာဇဝင်တွင် လုပ်သားထု၏ အခန်းကဏ္ဍကို မြှင့်တင်ပေးသည်။ ရုရှားတော်လှန်ရေး၊ မက်စ်ဝါဒ၏ စာပေအမြင် (လက်ဝဲသဘောတရားသီးသန့်)၊ မာယာကော့စကီး၏ အယူအဆ၊ လက်တင်အမေရိကမှ ပြည်သူ့ကဗျာဆရာ နီရူဒါ၏ ကဗျာ၊ ပြည်သူ့အာဏာသစ်၊ ပိုလန် ကမ္ဘာ့ငြိမ်းချမ်းရေးညီလာခံကြီး၊ လီနင်နှင့်နေခဲ့စဉ်က၊ ရန်ကုန်ထောင်အဓိကရုဏ်း၊ ဂေါ်ကီ၏ အမေ၊ မော်စီတုံး၏ စာပေရေးရာ မိန့်ခွန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံထူထောင်ခြင်း၊ ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက် စသည်ဖြင့် ဒဂုန်တာရာ၏ စာပေသစ်ခြေလှမ်းသည် စာပေသည် ပြည်သူ၏ အတွေးအခေါ်ကို ဖန်တီးနိုင်ရမည်၊ သို့မှသာ စာပေသည် ခေတ်၏ ရှေ့ဆောင်မီးရှူးတန်ဆောင်ဖြစ်လာမည်၊ တိုးတက်စာပေ အဖြစ်လည်း မြင့်မြတ်လာမည် စသည့် နှိုးဆော်ချက်များဖြင့် အရှိန်အဟုန်မြင့်တက်လာခဲ့သည်။

စာပေဂျာနယ်အမှတ်(၅) ၁၉၈၉ ခုနှစ်တွင် "လူတို့၏ သမိုင်းခေတ်များ၊ ပြောင်းလဲလှုပ်ရှားမှုများရှိနေသမျှကာလ လူ့အဖွဲ့အစည်းသည်လည်း ပြောင်းလဲလျက်ရှိလေရာ ဤလူ့အဖွဲ့အစည်း၏ ပြောင်းလဲခြင်းနှင့်အတူပင် စာပေပုံသဏ္ဌာန်သည်လည်း ပြောင်းလဲလျက်ရှိလေသည်" ဟူ၍ ရေးသားတင်ပြမှုများရှိခဲ့ရာ ဆရာကြီးသည် ပြောင်းလဲခြင်းသဘာဝတရားတို့နှင့် စာပေအခြင်းအရာတို့ ထိတွေ့ဆက်စပ်မှုကို အာရုံစိုက် သတိပြုခဲ့လေသည်မို့ စာပေသစ်သဘောတရားကို လူသားကောင်းကျိုးအတွက် မျှော်လင့်ချက်ကြီးမားခဲ့ကြောင်း သိသာထင်ရှားလေသည်။ ထို့ကြောင့်လည်း ဆရာကြီး၏ မီးလောင်မြေကဗျာများ၊ မတ်လတော်လှန်ရေးကဗျာများ ဖူးပွင့်လန်းဆန်းခဲ့သလို နှစ်ခြိုက်သည်။ ကြိုက်သည်။ မိမိကိုယ်တိုင်လည်း အဖွဲ့အစွဲ့များတွင် အားသန်သည်။ ဝါသနာထုံသည်။ ဖွဲ့နွဲ့ရေးသားခြင်းဖြင့် အနုရသဖန်တီးမှုကို အာရုံထားသည်။ ဘီဘာလေနစ်ကိုးသည် မိမိအကြိုက်လည်းဖြစ်သည့်အပြင် အောက်ဖဖြိုဒ်တက္ကသိုလ်ကြီး၏ သမဂ္ဂဥက္ကဋ္ဌလည်းဖြစ်ကာ လူယျိုကြီး(မိမိကဲ့သို့)ဖြစ်ခြင်းကြောင့် လွန်စွာစွဲလမ်းနှစ်သက်မှုများဖြစ်ရာ "မေ"ဝတ္ထုကို အသက်သွင်းဖန်ဆင်းခဲ့ခြင်းဖြစ်ကြောင်း (သရပါမဂ္ဂဇင်း ၂၀၁၀ ဖေဖော်ဝါရီ)တွင် ကိုယ်တိုင်ဖွင့်ဟဝန်ခံရေးသားခဲ့လေသည်။

ဆရာကြီးဒဂုန်တာရာသည် ၁၃၀၀ ပြည့်နှစ် အမျိုးသားလွတ်လပ်ရေးကြိုးပမ်းသည့်ကာလ၊ အရေးတော်ပုံခေတ်၊ နယ်ချဲ့တော်လှန်ရေးစစ်ပွဲကာလ၊ ဖက်ဆစ်တော်လှန်ရေးကာလ၊ စစ်ပြီးခေတ် လွတ်လပ်ရေးတိုက်ပွဲဝင်ကာလတို့တွင် စိတ်ရောကိုယ်ပါ ပါဝင်ကြိုးပမ်းခဲ့သူဖြစ်သည်။ မြန်မာ့ငြိမ်းချမ်းရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေးတို့အတွက် ဆောင်ရွက်ရာတွင်လည်း ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ လယ်တီပဏ္ဍိတဦးမောင်ကြီး၊ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်ဗဟိန်း၊ သခင်သန်းထွန်း၊ သခင်စိုး၊ ဂျာနယ်ကျော်မမလေး၊ လူထုဦးလှ၊ လူထုဒေါ်အမာ အစရှိသည့် ပညာရှင်အသီးသီးတို့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ ထို့ပြင် ရှမ်း၊ ခရု၊ ပအိုဝ်း၊ အင်းသား၊ တောင်ရိုး၊ ပလောင် စသည့် တိုင်းရင်းသားတို့နှင့်လည်းကောင်း၊ ခေတ်သစ်လူငယ်လူရွယ်များနှင့်လည်းကောင်း ပူးပေါင်းခဲ့သလို ကမ္ဘာ့ပညာရှင်ကြီးများ ဖြစ်ကြသည့် ကဗျာဆရာကြီး နီရူဒါ၊ ရုရှားစာရေးဆရာကြီး အာရင်ဗတ်၊ အင်္ဂလိပ်စာရေးဆရာကြီး အိပ်ချ်ဂျီဝဲလ်၊ တရုတ်စာရေးဆရာကြီး ကူမျိုးဂျီး၊ အခြားလူမျိုးစုံ ငြိမ်းချမ်းရေးအင်အားစုများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့လေသည်။ ထို့ကြောင့်လည်း ၁၉၆၁ ခုနှစ်တွင် ဆရာကြီးသည် ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့ ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီ အစည်းအဝေးကိုယ်စားလှယ်အဖြစ် တက်ရောက်ဆွေးနွေးခွင့်များ ရရှိခဲ့လေသည်။

ငြိမ်းချမ်းရေးအာသီသ ပြင်းပြလေ့ရှိသည့် ဆရာကြီးသည် ကဗျာဆရာသမဂ္ဂဥက္ကဋ္ဌ တာဝန်ယူစဉ် ၁၉၆၃ ခုနှစ် နိုဝင်ဘာ ၁၈ ရက်မှ ၁၉၆၇ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်အထိ အထိန်းသိမ်းခံဘဝကို ရင်ဆိုင်ခဲ့ရဖူးသူဖြစ်သည်။ ထို့နောက် ၁၉၈၁ ခုနှစ်တွင် နိုင်ငံ့ဂုဏ်ရည် ဒုတိယဆင့်ကို ရရှိခဲ့သည်။ ခရစ်နှစ် ၂၀၀၀ ပြည့်နှစ်တွင်မူ ပခုက္ကူ ဦးအုံးဖေ တစ်သက်တာစာပေဆုကို ရရှိခဲ့လေသည်။

၂၀၁၃ ခုနှစ် ဩဂုတ် ၁၉ ရက်တွင် ဆရာကြီးသည် ၎င်းနေထိုင်ရာ အမှတ်(၉၁) စျေးအနောက်ဘက် ရွာငံစုရပ်အောင်ပန်းမြို့ ရှမ်းပြည်နယ် (သာမိုင်ခမ်း)တွင် ကွယ်လွန်အနိစ္စရောက်ခဲ့သည်ဖြစ်ရာ ယခုအခါ ဆရာကြီး၏ ရာပြည့်မွေးနေ့သက်တမ်းကို ဖြတ်သန်းရတော့မည်ဖြစ်သည်။ မြန်မာစာပေသမိုင်းတွင် မီးရှူးတန်ဆောင်ဖြစ်ခဲ့သည့် ဆရာကြီးဒဂုန်တာရာ၏ ငြိမ်းချမ်းရေးသံစဉ်များဖြစ်သည့် "ရန်သူမရှိ မိတ်ဆွေသာရှိ၊ မုန်းသူမရှိ ချစ်သူသာရှိ၊ နိုင်ငံရေး လုပ်တယ်ဆိုတာ ရန်သူကို မိတ်ဆွေဖွဲ့တာ"ဟူသော ကမ္ဘည်းမှတ်တမ်းသည် လောက၏ အလှကျက်သရေအဖြစ် ထာဝရခိုင်မာ ထင်ရှားနေမည်ဖြစ်ကြောင်း ဆရာကြီး၏ နှစ်တစ်ရာပြည့်မွေးနေ့ကာလကို ကြိုဆိုဂုဏ်ပြုရေးသားလိုက်ရသည်တကား။ ။

> **"အချို့သောပညာရှင်တို့က ဆရာကြီးဒဂုန်တာရာနှင့်ပတ်သက်၍ ဝေဖန်ဆွေးနွေးကြရာတွင် ဆရာကြီးသည် ကဗျာဆရာ၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ဂီတအနုပညာရှင် ဟူ၍ အဆိုပြုတင်ပြခဲ့ကြလေသည်။ ဆရာကြီးကိုယ်တိုင်ကလည်း သူ့ကိုယ်သူ နိုင်ငံရေးသမား ဟူ၍ မခံယူကြောင်း ကိုယ်တိုင်ဖွင့်ဟဝန်ခံဖူးသည်။ သို့သော် ဟံသာဝတီဦးဝင်းတင်ကမူ "ဆရာတာရာဟာ နိုင်ငံရေးစာရေးဆရာဖြစ်တယ်၊ သူ့နိုင်ငံရေးက လူထုနိုင်ငံရေး၊ ကိုယ်ကျိုးမရှာသည့် သန့်ရှင်းသောနိုင်ငံရေး၊ ငြိမ်းချမ်းသောနိုင်ငံရေး၊ ရဲရင့်ပြတ်သားသောနိုင်ငံရေး ဖြစ်တယ်"ဟူ၍ ကောက်ချက်ချခဲ့လေသည်။**

ရာပြည့်သမိုင်းဒေါ်ဆရာမကြီး ဒေါ်ကြန်(မကြန်) အသက် ၁၀၀ ပြည့် မွေးနေ့အထိမ်းအမှတ် ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၇

ရာပြည့်သမိုင်းဒေါ်ဆရာမကြီး ဒေါ်ကြန်(မကြန်)၏ အသက် ၁၀၀ ပြည့်မွေးနေ့အထိမ်းအမှတ်ဂုဏ်ပြုပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းနှင့် ၃၇ လမ်းထောင့်ရှိ စာပေဗိမာန်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဦးအေးချို(မဟာဝိဇာ)က အခမ်းအနားကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

မွေးနေ့ဂုဏ်ပြုစကားပြော

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်**(ယာပုံ)**၊ မြန်မာ့သမိုင်းအဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးသန်းဆွေ(မောင်သန်းဆွေ-ထားဝယ်)၊ ဒေါက်တာခင်မောင်ညွှန့်နှင့် ဒေါက်တာခင်အေး(မောင်ခင်မင်-ဓနုဖြူ)တို့က မွေးနေ့ဂုဏ်ပြုစကားအသီးသီးပြောကြားကြသည်။

ဆက်လက်၍ ဆရာမကြီး ဒေါ်ကြန်(မကြန်)ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ကန်တော့ကြရာ ဆရာမကြီးက ဆုပေးစကားပြန်လည်ပြောကြားသည်။

ယင်းနောက် ဆရာမကြီး ဒေါ်ကြန်(မကြန်)က မွေးနေ့ကိတ်မုန့်လှီးဖြတ်ပြီး အခမ်းအနား တက်ရောက်လာကြသူများက ဆရာမကြီးအတွက် မွေးနေ့ဆုတောင်းသီချင်းများ သီဆိုကြကာ ဂုဏ်ပြုပွဲကို ရုပ်သိမ်းလိုက်သည်။

ယနေ့အခမ်းအနားကို ဦးအေးချို(မဟာဝိဇာ)၊ ဆရာသူရဇော်၊ ဆရာအောင်မိုးဆောင်း၊ ဒီဇင်ဘာမွန်းနှင့် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်တို့ ပူးပေါင်းစီစဉ်ကျင်းပခြင်းဖြစ်သည်။

ဂုဏ်ပြုပွဲတွင် ဆရာမကြီး ဒေါ်ကြန်(မကြန်)၏ ရေးသားခဲ့သောစာအုပ်များနှင့် ဆရာမကြီး၏ အမှတ်တရ ရှားပါးဓာတ်ပုံများကို ခင်းကျင်းပြသထားသည်။

ဂုဏ်ပြုပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ စာပေပညာရှင်ကြီးများ၊ စာရေးဆရာကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ဂါရဝပြုကြသည်။

အမှူထမ်းဆောင်ခဲ့

ဆရာမကြီး ဒေါ်ကြန်(မကြန်)ကို ၁၉၁၈ ခုနှစ် ဇူလိုင် ၁ ရက်(တနင်္လာနေ့)တွင် ရခိုင်ပြည်နယ် သံတွဲခရိုင် တောင်ကုတ်မြို့၌ အဘ ဦးကျော်ထွန်း-အမိ ဒေါ်ငွေနှစ်တို့က မွေးဖွားခဲ့သည်။ ၁၉၃၅ ခုနှစ်တွင် သံတွဲမြို့ အစိုးရဟိုက်စကူးကျောင်းမှ ဟိုက်စကူးဖိုင်နယ်ခေါ် ဆယ်တန်းကို (က)အဆင့်မှအောင်မြင်ခဲ့ပြီး ထိုကျောင်း၌ပင် အလယ်တန်းပြဆရာမအဖြစ် ခေတ္တဝင်ရောက်ထမ်းဆောင်ခဲ့သည်။ ရခိုင်ပြည်နယ် စာတိုက်ဌာန (သံတွဲနှင့် စစ်တွေမြို့)တွင် အထက်တန်းစာရေးအဖြစ် အမှူထမ်းဆောင်ခဲ့သည်။

၁၉၅၁ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်တက်ရောက်ပြီး ပညာဆက်လက်ဆည်းပူးခဲ့ရာ ၁၉၅၄ ခုနှစ်တွင် အထူးတန်းအခွင့်အရေးရရှိသဖြင့် ရန်ကုန်တက္ကသိုလ်၏ ဝိဇ္ဇာ(ဘီအေ)ဘွဲ့ကို သုံးနှစ်အတွင်းအောင်မြင်ရရှိခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် မြန်မာသမိုင်းကော်မရှင်(ယခုသမိုင်းသုတေသနဌာန)တွင် ကျမ်းပြုအရာရှိရာထူးဖြင့် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၅၉ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့(သမိုင်းအထူးပြု)ရရှိအောင်မြင်ကာ ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာနတွင် နည်းပြဆရာမအဖြစ် နှစ်နှစ်ထမ်းဆောင်ခဲ့သည်။

ပါဝင်ရေးသားပြုစု

၁၉၅၇ ခုနှစ်နှင့် ၁၉၅၉ ခုနှစ်များတွင် မြန်မာ့သမိုင်းအထောက်အထားများ ကူးယူစုဆောင်းရေးစီမံကိန်းအရ အင်္ဂလန်နိုင်ငံသို့ သွားရောက်အမှုထမ်းပြီး လေ့လာနိုင်ခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် သမိုင်းသုတေသနဌာနတွင် အကြီးတန်းသုတေသနရာထူးကို ထမ်းဆောင်ခဲ့ပြီး ၁၉၇၇ ခုနှစ်တွင် Cultural Award Scheme ဖြင့် ဩစတြေးလျှနိုင်ငံရှိ မြို့ကြီးများသို့ သွားရောက်လေ့လာခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် သက်ပြည့်ပင်စင်ဖြင့် အငြိမ်းစားယူခဲ့ပြီး သမိုင်းသုတေသနဌာနတွင် အကြံပေးပုဂ္ဂိုလ်အဖြစ် လေးနှစ်မျှ ဆက်လက်ထမ်းဆောင်ခဲ့သည်။ ၁၉၈၆ ခုနှစ်မှ ၁၉၉၁ ခုနှစ်အထိ အမှတ်(၁)စက်မှုဝန်ကြီးဌာနတွင် "မြန်မာနိုင်ငံစက်မှုလက်မှုသမိုင်း"အတွဲများ ပုံနှိပ်ထုတ်ဝေနိုင်ရေးအတွက် အကြံပေးပညာရှင်(ပုဂ္ဂိုလ်)အဖြစ် ပါဝင်ရေးသားပြုစုထမ်းဆောင်ခဲ့သည်။ ၁၉၉၁ ခုနှစ်တွင် ပညာရေးဝန်ကြီးဌာန၏ မြန်မာစာအဖွဲ့ဝင် အချိန်ပြည့်တာဝန်အဖြစ် ယနေ့အထိ ပါဝင်ထမ်းဆောင်လျက်ရှိသည်။ ၁၉၉၃ ခုနှစ်တွင် အမျိုးသားညီလာခံကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခဲ့သည်။

သမိုင်းသုတေသနစာတမ်းများ၊ ဆောင်းပါးများ၊ စာအုပ်များစွာကို ရေးသား၊ စီစဉ်ပြုစု၊ တည်းဖြတ်ခဲ့ခြင်းတို့ကြောင့် ၁၉၇၈ ခုနှစ်တွင် မြန်မာနိုင်ငံ အခြေအနေ (၁၈၈၅-၈၆)စာအုပ်ဖြင့် အမျိုးသားစာပေ(သုတဝိဇာ)ဆု၊ ၂၀၀၂ ခုနှစ်တွင် သမိုင်းရှာပုံတော်ခရီးနှင့်အခြားစာတမ်းများစာအုပ်ဖြင့် အမျိုးသားစာပေ(သုတဝိဇာ)ဆု၊ ၂၀၀၃ ခုနှစ်တွင် မဟာဝန်ရှင်တော်မင်းကြီးအုပ်ချုပ်ရေး(၁၈၈၆-၉၇)စာအုပ်ဖြင့် အမျိုးသားစာပေ (သုတဝိဇာ)ဆု၊ ၂၀၀၄ ခုနှစ်တွင် ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆု၊ ၂၀၀၅ ခုနှစ်တွင် ကိုလိုနီခေတ်ဦးကျေးရွာအုပ်ချုပ်ရေး(၁၈၈၆-၉၇)စာအုပ်ဖြင့် အမျိုးသားစာပေ (သုတဝိဇာ)ဆု၊ ၂၀၀၆ ခုနှစ်တွင် ဝိဇ္ဇာပညာ ထူးချွန်ဆု(ပထမဆင့်)၊ ၂၀၀၇ ခုနှစ်တွင် ၂၀၀၆ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ Selected Writing of Daw Kyan (Bilingual)စာအုပ်ဖြင့် ထွန်းဖောင်ဒေးရှင်းစာပေဆု၊ ၂၀၀၃၊ ၂၀၀၅၊ ၂၀၀၇ ခုနှစ်များတွင် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားများ၌ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကခိုးမြှင့်သော ထူးချွန်အမျိုးသမီးဆုများ၊ ၂၀၀၉ ခုနှစ်တွင် ကုန်းဘောင်ခေတ် အခွန်တော်ရေးရာစာအုပ်ဖြင့် အမျိုးသားစာပေဆု၊ ၂၀၁၂ ခုနှစ်တွင် နိုင်ငံတော်သမ္မတကြီးထံမှ စည်သူဘွဲ့တံဆိပ်များ ကိုရရှိခဲ့သည်။

သတင်း-ရီရီမြင့်၊ ဓာတ်ပုံ-ရဲထွန်း

တရုတ်ယဉ်ကျေးမှုစင်တာဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၇

တရုတ်ယဉ်ကျေးမှုစင်တာ ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ အလုံမြို့နယ် မင်းရဲကျော်စွာလမ်းရှိ အဆိုပါစင်တာ နေရာ၌ ကျင်းပသည်။

အခမ်းအနားတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ တရုတ်နိုင်ငံ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Li Jinzao နှင့် မြန်မာနိုင်ငံ ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်တို့က အမှာစကား ပြောကြားကြသည်။

ယင်းနောက် တရုတ်ယဉ်ကျေးမှုစင်တာကို တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် အတွင်းရေးမှူးချုပ်ရုံး၏ အတွင်းရေးမှူးနှင့် ဗဟိုကော်မတီ၏ ပြန်ကြားရေးဌာနဝန်ကြီး H.E. Mr. Huang Kunming နှင့်တာဝန်ရှိသူများက တရုတ်ယဉ်ကျေးမှုစင်တာ ဖွင့်လှစ်ခြင်းအထိမ်းအမှတ်ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးသည်။

ထို့နောက် တရုတ်ယဉ်ကျေးမှုနှင့် ခရီးသွားလာရေး ဝန်ကြီးဌာနနှင့် ယူနန်ပြည်နယ်တို့မှ အတူတကွ တင်ဆက်ထားသည့် အစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်သည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များသည် တရုတ်ယဉ်ကျေးမှုစင်တာအတွင်း ပြသထားသည့် တရုတ်နိုင်ငံနှင့်ကမ္ဘာကို ချိတ်ဆက်ထားသည့်တံတားနှင့် တရုတ်ခရီးသွားလာရေးလုပ်ငန်းအကြောင်း ဓာတ်ပုံ ပြပွဲနှင့် လက်ဖက်ခြောက်နှပ်သည့် အနုပညာ၊ ဂျုံမှုန့်ရုပ်လုံးသွင်း အနုပညာ၊ တရုတ်စာရေးနည်းနှင့် တရုတ်ရိုးရာပန်းချီရေးဆွဲခြင်း အနုပညာတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

တရုတ်ယဉ်ကျေးမှု စင်တာသည် တရုတ်-မြန်မာ နှစ်နိုင်ငံယဉ်ကျေးမှု ဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကို မြှင့်တင်နိုင်စေရန်၊ နှစ်နိုင်ငံ ပြည်သူပြည်သားများအကြား အပြန်အလှန်နားလည်မှုနှင့် ချစ်ကြည်မှုတို့ကို တိုးမြှင့်စေရန်နှင့် တရုတ်-မြန်မာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကိုပိုမိုခိုင်မြဲပြီး ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရန်စသည့် ရည်ရွယ်ချက်ဖြင့် တည်ထောင်ထားကြောင်း သိရသည်။

အဆိုပါ ယဉ်ကျေးမှုစင်တာသည် အမှတ်(၃၉)ဒုတိယထပ် မင်းရဲကျော်စွာလမ်း အလုံမြို့နယ်တွင် တည်ရှိပြီး သင်တန်းခန်းများနှင့် စာကြည့်တိုက်တို့ ပါဝင်ကာ အဆိုအက ဖျော်ဖြေပွဲများ၊ ပြပွဲများ၊ သင်တန်းများ၊ နှစ်နိုင်ငံမှ သုတေသီပညာရှင်အချင်းချင်းဖလှယ်ပွဲနှင့် ရုပ်ရှင်ပြပွဲများ၊ ယဉ်ကျေးမှု လှုပ်ရှားမှုများကို ကျင်းပမည်ဖြစ်ပြီး မြန်မာပြည်သူပြည်သားများအတွက် တရုတ်ရိုးရာယဉ်ကျေးမှုကို ဖော်ပြပေးနိုင်မည့်အပြင် တရုတ်ပြည်သူပြည်သားများ အတွက်လည်း မြန်မာနိုင်ငံနှင့် မြန်မာ့ယဉ်ကျေးမှုကို မိတ်ဆက်ပေးနိုင်မည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် အတွင်းရေးမှူးချုပ်ရုံး၏ အတွင်းရေးမှူးနှင့် ဗဟိုကော်မတီ၏ ပြန်ကြားရေးဌာနဝန်ကြီး H.E. Mr. Huang Kunming နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်၊ မြန်မာနိုင်ငံရှိ တရုတ်နွယ်ဖွားကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

သတင်းစဉ်



တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် အတွင်းရေးမှူးချုပ်ရုံး၏ အတွင်းရေးမှူးနှင့် ဗဟိုကော်မတီ၏ ပြန်ကြားရေးဌာနဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိ

ရန်ကုန် ဇူလိုင် ၇

တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် အတွင်းရေးမှူးချုပ်ရုံး၏ အတွင်းရေးမှူးနှင့် ဗဟိုကော်မတီ၏ ပြန်ကြားရေးဌာနဝန်ကြီး H.E.Mr. Huang Kunming ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီမိနစ် ၂၀ တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိသည်။

ဧည့်သည်တော် ကိုယ်စားလှယ်အဖွဲ့အား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် သံရုံးမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်စိုးမိုး၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဖြိုးဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းဦးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

သတင်းစဉ်

တစ်ကိုယ်ရေမိခင်များနှင့် မွေးကင်းစကလေးငယ်များ စောင့်ရှောက်ထားရှိမှု စကားသံများ

အပြင်တွင် မိုးသည်းနေသော်လည်း အိမ်ထဲတွင် နွေးနွေးထွေးထွေး ခြောက်ခြောက်သွေ့သွေ့။ မွေးကင်းစနှင့် လသားအရွယ်ကလေးငယ်လေးများကို အိမ်ရှေ့ခန်းတွင် စီတန်း၍ တွေ့ရသည်။ အသံလာရာဆီသို့ မော့ကြည့်နေသည့် ကလေးငယ်လေးများရှိသလို နှစ်နှစ်ခြိုက်ခြိုက် ခြေပစ်လက်ပစ် အိပ်ဖျော်နေသည်လည်းရှိသည်။ သူတို့ ကြားနေကျအသံများမဟုတ်၍ ထူးဆန်းနေ၍လားမသိ ကလေးတစ်ဦးက ဝါးခနဲအော်ငိုနေပြီး ကောက်ချီလိုက်ရာ ချက်ချင်းပင် အငိုတိတ်သွားသည်။ နောက်မှသိရသည်မှာ လက်ကြိုက်နေသူကလေးဖြစ်ပြီး နာမည်မှာ ဘုတ်ဆုံ၊ တစ်လပင်မပြည့်သေး ရက်သားကလေးလေးဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် မြင့်မိုရ်မေတ္တာခိုနားရာဂေဟာတွင် ဖြစ်ပြီး ကလေးငယ်ကလေးများကို ယခုကဲ့သို့ တွေ့မြင်ရခြင်းဖြစ်သည်။ မြင့်မိုရ်မေတ္တာခိုနားရာဂေဟာသည် ခင်ပွန်းသည်မရှိသည့် တစ်ကိုယ်ရေမိခင်များကို ကိုယ်ဝန်ဆောင်ချိန်မှ မွေးဖွားပြီးသည်အထိ ပြုစုစောင့်ရှောက်မှုပေးနေသည်။ တည်ထောင်သူမှာ ဒေါက်တာမြတ်စန္ဒာသန့်ဖြစ်ပြီး ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေး အသင်းဝင်တစ်ဦးလည်းဖြစ်သည်။

ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေး အသင်းကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ လမ်းညွှန်မှုဖြင့် ၂၀၁၇ ခုနှစ် ဧပြီလက စတင်ဖွဲ့စည်းခဲ့ပြီး အသိပညာပေးလုပ်ငန်းစဉ်များ၊ ရင်ခွင်မဲ့ကလေးငယ်များ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများနှင့် တစ်ကိုယ်ရေမိခင်များကို ပြုစုစောင့်ရှောက်သောလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိသည်။

တိုးချဲ့နိုင်ရေးဆောင်ရွက်

ယမန်နေ့ မွန်းလွဲပိုင်းက ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ပါမောက္ခ ဒေါက်တာမြသီတာ ဦးဆောင်သည့် အဖွဲ့ဝင် ငါးဦးပါဝင်သောအဖွဲ့သည် မြင့်မိုရ်မေတ္တာခိုနားရာဂေဟာရှိ တစ်ကိုယ်ရေမိခင်များနှင့် မွေးကင်းစကလေးငယ်များ စောင့်ရှောက်ထားရှိမှုတို့ကို သွားရောက်ကြည့်ရှုပြီး ကူညီစောင့်ရှောက်မှုများ တိုးချဲ့နိုင်ရေးနှင့် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေး၊ ရှေ့လုပ်ငန်းစဉ်များကို ချမှတ်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ပါမောက္ခ ဒေါက်တာမြသီတာနှင့် အသင်းအဖွဲ့ဝင်တစ်ဦးဖြစ်သော မြင့်မိုရ်မေတ္တာခိုနားရာဂေဟာ တည်ထောင်သူ ဒေါက်တာမြတ်စန္ဒာသန့်တို့၏ စကားသံများကို စုစည်းဖော်ပြလိုက်ပါသည်။

ပါမောက္ခ ဒေါက်တာမြသီတာ

ကျွန်မတို့အဖွဲ့က ပြီးခဲ့တဲ့နှစ်က စတင်ဖွဲ့စည်းခဲ့ပါတယ်။ ၂၀၁၇ ခုနှစ် ဧပြီလလောက်မှာ ပထမအကြိမ် အစည်းအဝေးလုပ်တာပါ။ ဒီအဖွဲ့ကြီး ဖြစ်ပေါ်လာတာကလည်း မကြာခဏ ကလေးစွန့်ပစ်တာတွေ၊ ပရဟိတဂေဟာတွေနဲ့ ဆေးရုံတွေမှာ စွန့်ပစ်တာများလာတဲ့အခါ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဒီကလေးတွေကိစ္စကို အမြန်ဆုံး ကိုင်တွယ်ဖြေရှင်းဖို့ လိုပြီ။ အဲဒီတော့ ပိုင်းဝန်းလုပ်ကြပါလို့ တာဝန်ပေးလာတဲ့အတွက် ၂၀၁၇ ခုနှစ် ဧပြီလလောက်ကစပြီး လုပ်ငန်းတွေ စခဲ့ကြတယ်။ မလိုချင်တဲ့ကိုယ်ဝန်မရအောင် ကာကွယ်ဖို့အတွက် အသိပညာပေးလုပ်ငန်းတွေလုပ်ဖို့ သြဂုတ်လမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ် အသီးသီးမှ လူငယ်သုံးဦးစီပါဝင်တဲ့ နည်းပြသင်တန်းကို ပြုလုပ်ခဲ့ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာ ဆက်လက်ပြီး လုပ်ဖို့

ပါမောက္ခ ဒေါက်တာမြသီတာ

က သိပ်ပြီး အင်အားမတောင့်တင်းသေးတဲ့အတွက် ကျွန်မတို့မဟိုအဖွဲ့ကပဲ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ လှည့်ပတ်ပြီး အသိပညာပေးလုပ်ငန်းတွေကို လုပ်ပါတယ်။ ပထမဆုံးက ရန်ကုန်မှာ ကျင်းပတဲ့ လူငယ်ပွဲတော်၊ မကွေး၊ မော်လမြိုင်နဲ့ ရန်ကုန်ပြည်သူ့ရင်ပြင်မှာ စုစုပေါင်း လေးကြိမ်ပြုလုပ်ခဲ့ပါတယ်။ တိုင်းဒေသကြီးနဲ့ပြည်နယ်တွေမှာ ဒါကို ဆက်လက်ဆင့်ပွားအနေနဲ့ လုပ်ဖို့ဆိုတာက ကျွန်မတို့ လက်လွှဲထားခဲ့ဖို့ အသင်းအဖွဲ့က မရှိဘူး။ အဲဒါနဲ့ အခု ကျွန်မတို့ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် အသင်းတွေဖွဲ့စည်းဖို့ ကြိုးစားနေပါတယ်။ ပြည်သူထဲက ပြည်သူ့ခွန်အားကို အသုံးပြုပြီး ပြည်သူတွေကို ပြန်ပြီး ပံ့ပိုးနိုင်ဖို့ ကြိုးစားနေတဲ့ အသင်းတစ်ခုဖြစ်ပါတယ်။

စိတ်ဓာတ်ခွန်အားတွေပေး

ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း(၀ဟို)အဖွဲ့က အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဒေါက်တာမြတ်စန္ဒာသန့်ရဲ့ ရင်ခွင်မဲ့အဖြစ်ကို ရောက်နိုင်တဲ့ တစ်ကိုယ်ရေမိခင်တွေကို စောင့်ရှောက်ပေးနိုင်တဲ့ မြင့်မိုရ်မေတ္တာခိုနားရာဂေဟာကို လာပြီး လေ့လာတာပါ။ လေ့လာရင်းနဲ့ ပံ့ပိုးလို့ရတာကို ပံ့ပိုးပေးမယ်။ ဒေါက်တာမြတ်စန္ဒာသန့်ကလည်း ကျွန်မတို့ အဖွဲ့ဝင်တစ်ယောက်ပါ။ အဖွဲ့ဝင်တစ်ယောက်ဖြစ်တဲ့အတွက် ဒီလုပ်ငန်းစဉ်ကလည်း ကျွန်မတို့လုပ်ရမယ့် လုပ်ငန်းစဉ်တွေထဲက လုပ်ငန်းစဉ်တစ်ခုပါ။ ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချဖို့မှာ ရင်ခွင်မဲ့ဖြစ်နိုင်ခြေရှိတဲ့ မိခင်တွေပေါ့၊ တစ်ကိုယ်ရေမိခင်တွေက ကိုယ့်ရဲ့ လူမှုရေးအခက်အခဲတွေနဲ့ ကိုယ့်သားသမီးကို မစွန့်လွှတ်ချင်ဘဲ စွန့်လွှတ်ရတာတွေ အများကြီးရှိတယ်ဆိုတော့ ဒီလူတွေကို ဒေါက်တာမြတ်စန္ဒာသန့် ပြုစုသလိုပဲ မမွေးခင်၊ မွေးဖွားစဉ်နဲ့ မွေးပြီး ၄၅ ရက်အထိ စောင့်ရှောက်မှုတွေပေးရင်း ဒီအမေတွေဟာ ကိုယ့်ကလေးကို မစွန့်ပစ်ဘဲ လောကဓံကို ကြံ့ကြံ့ခံရင်ဆိုင်ပြီး ကိုယ့်ရင်ခွင်မှာပဲ မွေးမြူခြင်းဖြင့် ရင်ခွင်မဲ့တွေ လျော့ကျသွားမှာဖြစ်ပါတယ်။ သူတို့တွေဟာ ဘဝမှာ အဆိုးရွားဆုံး အခက်အခဲတွေ ကြုံတွေ့ရတဲ့အချိန်ပေါ့။ အဲဒီအချိန်မှာ ကျွန်မတို့တိုင်းပြည်ရဲ့ ဓလေ့ထုံးတမ်းအစဉ်အလာအရ စောင့်ရှောက်တာထက် ပြစ်တင်ပြောဆိုတယ်။ ကိုယ့်မိသားစုကိုယ်တိုင်က ပြစ်တင်ပြောဆို ဆူပူတယ်။ သူငယ်ချင်းအပေါင်းအသင်း၊ မိတ်ဆွေတွေကလည်း တိုးတိုးတစ်မျိုး ကျယ်ကျယ်တစ်မျိုး ပြောဆိုတယ်။ အဲဒီအချိန်အခါမျိုးမှာ သူတို့တွေ ခံစားနေရတယ်။ တချို့လည်း သတ်သေချင်လောက်အောင်ဖြစ်ခဲ့ကြတယ်။ တချို့လည်း သတ်သေသွားကြတယ်။ အဲဒီလို အခြေအနေမျိုးမှာ ဒီလို အတိုဒုက္ခရောက်နေတဲ့ အမေတွေကို မြန်မာပြည်သူ ပြည်သားအချင်းချင်း၊ ပြည်သူက ပြည်သူကို ကူညီဖေးမစောင့်ရှောက်ပေးခြင်းအားဖြင့် သူတို့ကို စိတ်ဓာတ်ခွန်အားတွေပေးမယ်။ ရုပ်ပိုင်းဆိုင်ရာ ထောက်ပံ့မှုတွေလုပ်ပေးမယ်။ စိတ်ပိုင်းဆိုင်ရာ စောင့်ရှောက်မှုတွေ လုပ်ပေးခြင်းအားဖြင့် ကလေးကို မစွန့်ပစ်ရအောင် မိဘရင်ခွင်မှာပဲ ကြီးပြင်းရအောင်ပေါ့။

အခု လာကြည့်လိုက်တဲ့အခါ ကလေးတွေဟာ တကယ့်သန့်သန့်ပြန့်ပြန့် သန့်သန့်ရှင်းရှင်းနဲ့ ခြင်ကိုက်ရာတစ်ခုမရှိတဲ့ ကလေးလေးတွေ ဖြစ်လာတယ်။ အခုအချိန်မှာ ဒီလိုအခြေအနေ ကနေ ကြီးလာခြင်းအားဖြင့် နိုင်ငံ့သားကောင်းတွေ ဖြစ်လာနိုင်မယ်။ အဲဒီလိုမဟုတ်ဘဲ မိဘရင်ခွင်မဲ့သွားပြီဆိုကတည်းက ဒီကလေးတွေဟာ အသက်ရှင်ရပ်တည်ဖို့က သိပ်မလွယ်တော့ဘူး။ အဲဒါအပြင် စောင့်ရှောက်ခံပိုင်ခွင့်ဆိုတာ သူတို့ကို စောင့်ရှောက်မယ့်သူဟာ အမေအရင်းမဟုတ်တော့ဘူး။ သူတို့ကို စောင့်ရှောက်ပေးမယ့်သူက အမေအရင်းလို စောင့်ရှောက်တယ်ဆိုတာ ရဖို့သိပ်ခဲယဉ်းပါတယ်။ အဲဒီမှာမှ ဖွံ့ဖြိုးတိုးတက်ခွင့်ဆိုတာ ဒီမှာ ကလေးလေးတွေဟာ နှစ်လ၊ သုံးလ အထိုက်အလျောက် သူတို့ ဖွံ့ဖြိုးတိုးတက်နေပြီ၊ ခေါင်းလေးတွေထောင်နေပြီ။ မြူလိုက်ရင် ရယ်ပြတတ်နေပြီ။ ဒီလို ဖွံ့ဖြိုးတိုးတက်လာတာဟာ ပုံမှန်မိခင်ရဲ့ စောင့်ရှောက်မှုရလို့ပါပဲ။ မိခင်ရဲ့စောင့်ရှောက်မှုမရဘဲ မေတ္တာတက်နေတဲ့ ကလေးငတွေရဲ့ ဖွံ့ဖြိုးမှုကတော့ ဒီလိုမျိုးဖြစ်လာမှာ မဟုတ်ဘူး။ အမြဲတမ်း မေတ္တာတက်နေတဲ့အတွက်ကြောင့် ဒေါသတွေဖြစ်နေမယ်။ စိတ်တွေဆိုးနေမယ်။ ရန်လိုနေမယ်။ ဒီကလေးလေးတွေကြီးပြင်းလာရင် ကျွန်မတို့ တိုင်းပြည်အတွက် တကယ့်ကို စိတ်ပူရတဲ့ အခြေအနေပေါ့။ ဒါကြောင့် ဒီလုပ်ငန်းက တကယ်ကို လုပ်သင့်တဲ့လုပ်ငန်းဖြစ်ပါတယ်။

ဒီမှာဆိုရင် အများစုကို ကြည့်လိုက်ရင် ဒီလို ဒုက္ခမျိုးစုံကလာတယ်။ အချင်းချင်း မျှဝေခံစားခြင်းနဲ့ သူတို့က စိတ်ဓာတ်ခွန်အားတွေရလာတယ်။ ဒီက စောင့်ရှောက်ခြင်းနဲ့ အမြဲတမ်းအားပေးနေတဲ့အတွက် သူတို့တွေ ပျော်ပျော်ပါးပါးနေကြတယ်။ ဒါပေမယ့် ကျွန်မတို့အလုပ်က သူတို့တွေ ၄၅ ရက်ပြည့်ပြီးရင် ဒီအမေတွေ ရပ်တည်နိုင်ဖို့ ကျွန်မတို့ ဆက်လက်စောင့်ရှောက်ရပါဦးမယ်။ သူတို့တွေ အလုပ်အကိုင်ရရှိရေး၊ သူတို့ ကျွမ်းကျင်မှုမြင့်မားလာရေး၊ စိတ်ဓာတ်ပိုမိုကြံ့ခိုင်လာရေး ဒါတွေ ကျွန်မတို့အဖွဲ့တွေက ဆက်လက်လုပ်ပေးမှာပါ။ ဒီလုပ်ငန်းကို မြန်မာပြည်အနှံ့အပြားမှာ လိုအပ်ရင်လိုအပ်တဲ့ နေရာတွေမှာ ကျွန်မတို့အဖွဲ့တွေက ဆက်လက်ပြီး လုပ်သွားဖို့ရှိပါတယ်။ ဒီနေ့လာရတာ ရှေ့လုပ်ငန်းစဉ်အတွက် အလုပ်တွေ အများကြီးပေါ်သလို ဒီလုပ်ငန်းအတွက်လည်း နှစ်ထောင်းအားရ ဖြစ်မိပါတယ်။

မြင့်မိုရ်မေတ္တာခိုနားရာဂေဟာ တည်ထောင်သူ ဒေါက်တာမြတ်စန္ဒာသန့်

မြင့်မိုရ်မေတ္တာခိုနားရာဂေဟာကို ဂေဟာအနေနဲ့ တည်ထောင်တာက တစ်နှစ်ကျော်ပဲ ရှိပါသေးတယ်။ မြန်မာတစ်နိုင်ငံလုံးက လာကြ

ဒေါက်တာမြတ်စန္ဒာသန့်

တယ်။ ထားဝယ်၊ လားရှိုး၊ ရှမ်းပြည်နယ် တောင်ပိုင်းဘက်တွေက လာကြတယ်။ တက္ကသိုလ်လာတက်ကြတယ်၊ ကျောင်းသားအချင်းချင်းတွေ့တယ်၊ ကြိုက်တယ်၊ ညားတယ်ပေါ့။ အဲဒီလိုကနေ ကောင်လေးကတာဝန်မယူလို့ ကိုယ်ဝန်နဲ့ကျန်ခဲ့ပြီးတော့ ဒီမှာလာမွေးကြတယ်။ ပြီးတော့ စက်မှုဇုန်က အလုပ်သမလေးတွေ တစ်နိုင်ငံလုံးကနေ စက်မှုဇုန်တွေမှာ လာပြီး အလုပ်လုပ်ကြတယ်။ အချင်းချင်း တစ်ယောက်နဲ့တစ်ယောက် သိပ်မသိဘဲ ကြိုက်ကြတယ်။ ညားကြတယ်။ ပြီးတော့ ကောင်လေးကပစ်ပြေးတယ်။ အဲဒါမျိုးတွေ လာမွေးကြတာများပါတယ်။ အခုလက်ရှိအချိန်မှာတော့ ၁၅ ဦးလောက်ရှိပါတယ်။ မမွေးခင် ကိုးယောက်၊ မွေးပြီး ခြောက်ယောက်ပါ။ ပြီးတော့ မွေးထားတဲ့ကလေး ခုနစ်ယောက်ရှိပါတယ်။

စုပေါင်းတာဝန်ယူ

ထွေထွေထူးထူး စည်းကမ်းချက်မရှိဘူး။ ဒီမိန်းကလေးမှာ ခင်ပွန်းသည်မရှိကြောင်းကို မိဘက သန်းခေါင်စာရင်းနဲ့ မှတ်ပုံတင်နဲ့ကိုင်ပြီးတော့ အာမခံပေးရတယ်။ မိဘမရှိတဲ့သူဆိုရင် အလုပ်ရှင် (သို့မဟုတ်) ရပ်မိ၊ ရပ်ဖက လာပြီး အကူအညီတောင်းရင် စရိတ်ငြိမ်း ကူညီပေးတယ်။ နေစရိတ်၊ စားစရိတ်၊ မွေးစရိတ် အကုန်ငြိမ်းပါတယ်။ သန်လျင်ဆေးရုံက ကိုယ်ဝန်ဆောင်တွေကို ပြုစုစောင့်ရှောက်ပေးတယ်။ သန်လျင်ဆေးရုံမှာမွေးတယ်။ အစ်မက ခဏာ ဒီဂေဟာရဲ့ အိမ်ထောင်ဦးစီးအနေနဲ့ တာဝန်ယူထားတယ်။ သူတို့ ကိုယ်ဝန်ရလာတဲ့အတွက် မနှိမ့်ချဘူး၊ ပင့်ထားစရာလည်းမလိုဘူး။ ပင့်ထားတယ်ဆိုရင်လည်း ကလေးတွေက လမ်းမှားရောက်သွားနိုင်တယ်။ သူတို့ကို ပုံမှန်မိန်းမတစ်ယောက်အနေနဲ့ ဆက်ဆံပေးမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဖြစ်တဲ့အတွက် အစ်မတို့ဂေဟာမှာ အားလုံးက ခွဲဝေလုပ်ကိုင်ကြတယ်။ စုပေါင်းတာဝန်ယူကြတယ်။ အဲဒီစနစ်နဲ့ပဲ လည်ပတ်တာပါ။

တာဝန်ယူမှုကိုနားလည်ရမယ်

ပညာယူတတ်ရင်တော့ ပညာရစရာရှိပါတယ်။ မြန်မာအမျိုးသမီးလေးတွေအနေနဲ့ ဒီလိုအဖြစ်မျိုးတွေ ကြုံတတ်နေပြီဆိုတာ မိဘတွေ သတိထားစေချင်တယ်။ ကိုယ့်သား၊ သမီးတွေကိုလည်း မျိုးဆက်ပွားကျန်းမာရေး ပညာပေးတွေ သင်ပေးစေချင်တယ်။ ခေတ်ရေစီးကြောင်းကို တားလို့မရတော့တဲ့ အနေအထားမှာ ဘယ်လိုအလိုက်သင့်စီးမျောမလဲ။ ဘယ်လိုစီးမျောရင် သက်သောင့်သက်သာနဲ့ အကောင်းဆုံးဖြစ်မလဲဆိုတာကို မိဘတိုင်း၊ ယောက်ျားလေးတိုင်း၊ မိန်းကလေးတိုင်း တာဝန်ယူရတော့မယ်။ ကိုယ့်တာဝန်ကို ကိုယ်ယူရတော့မယ်။ ပြီးတော့ အခုခေတ်မှာ ယောက်ျားလေးတွေရဲ့ ပြောစကားရှိသေးတယ်။ ကျွန်တော်တို့ အချင်းချင်း နှစ်ဦးနှစ်ဖက်မျှလို့ ဒီလို စည်းကျော်ခဲ့ကြတာပါဆိုပြီးတော့၊ အဲဒါကို ယောက်ျားလေးအများစုက သူတို့ရဲ့ ရပိုင်ခွင့်လို့ ထင်နေတယ်။ ရပိုင်ခွင့်ရှိပြီးရင်၊ အခွင့်အရေးဆိုပြီးရင် တာဝန်ယူမှုရှိရမယ်။ ဒီရပိုင်ခွင့်ကိုယူပြီးရင် နောက်မှာ တာဝန်ယူမှုကို ယူရမယ်ဆိုတာ သူတို့နားလည်ရမယ်။ တာဝန်ယူမှုမရှိဘူးဆိုရင် အစ်မကတော့ သတ်မှတ်တယ်။ ဒါဟာ မုဒိမ်းမှုပဲဖြစ်တယ်။ သမီးရည်းစား ခေတ်ရေစီးကြောင်းသွားကြတယ်။ ချိန်းကြတယ်။ အစ်မတို့ ဒါကိုသွားတားလို့မရတော့ဘူး။ ဒါပေမယ့် တာဝန်ယူမှုရှိအောင်တော့ သားယောက်ျားလေးကို သင်ပေးရဦးမယ်။ ထိန်းသိမ်းတတ်ဖို့တော့ သမီးမိန်းကလေးကို သင်ပေးရဦးမယ်ဆိုတာ မိဘတွေကိုလည်း နှိုးဆော်ချင်ပါတယ်။

သံယောဇဉ်စိတ်

မွေးကင်းစကလေးက မွေးခါစမှာ စွန့်ပစ်ဖို့က အတော်လွယ်ပါတယ်။ အစ်မဆီမှာလာတဲ့ မိန်းကလေးတိုင်းဟာ မမွေးခင်မှာ ဒီကလေးကို ယူသွားဖို့ အစီအစဉ်လုံးဝမရှိဘူး။ ဒီမှာ လာမွေးမယ်။ ပြီးတော့ထားခဲ့လို့ ရတယ်ဆိုလို့ လာမွေးကြတာ။ ဒါပေမယ့် အစ်မတို့မှာက ကလေးမွေးပြီးရင် မိခင်နို့တိုက်ပဲ့မယ်ဆိုတဲ့ ကတိတစ်ခုပေးရတယ်။ မိခင်နို့တိုက်နေတဲ့ အချိန်မှာ ဒီမိန်းကလေးမှာ လုပ်စရာအလုပ်တစ်ခုပဲရှိတယ်။ ဒီကလေးမျက်နှာလေးကို ငုံ့ကြည့်ကြတယ်။ အဲဒီမှာ အနိုင်ရသွားတာပဲ။ အမေနို့တိုက်ရတယ်။ သူကိုယ်တိုင် ပြုစုရတယ်။ အဲဒီအချိန်မှာ သူဟာ စိတ်လက်အေးချမ်းနေတယ်။ သူ့ကို ဝိုင်းပြီး လက်ညှိုးထိုးတဲ့သူ အစ်မတို့ပတ်ဝန်းကျင်မှာမရှိဘူး။ သူ စိတ်လက်အေးအေးချမ်းချမ်းနဲ့ အမေနို့တိုက်နေတုန်းမှာ သူ့ကလေးအတွက် သူစဉ်းစားမယ်။ မိခင်နဲ့ ကလေးရဲ့ သံယောဇဉ်စိတ်ကို အချိန်အတိုင်းအတာတစ်ခုနဲ့ မိခင်နို့ကနေ နှိုးဆော်တာ။ အဲဒီအချိန်မှာ သူမစွန့်ပစ်နိုင်တော့ဘူး။

ဒီကြားထဲမှာ အဘိုး အဘွားတွေက သူတို့သမီး မီးဖွားနေတဲ့အခါမှာလာပြီး ကြည့်တယ်။ ဘယ်သူနဲ့တူတယ်ဆိုတဲ့ အတွေးလေးရတယ်။ အဲဒီအခါမှာ အဘိုး အဘွားတွေရဲ့ သံယောဇဉ်ကလည်းရတယ်။ အဖေ၊ အမေလုပ်သူတို့က မလိမ္မာလို့ ခက်ခက်ခဲခဲလူဖြစ်လာရတဲ့ ဒီကလေး အဘိုးနဲ့ အဘွားကကောင်းရင် ပတ်ဝန်းကျင်ကမပစ်ပယ်ပါဘူး။ ဒီကလေးတစ်ယောက် ငါ့အိမ်မှာ မရှိမဖြစ်မယ်ဆိုတဲ့အတွေး ဝေးသွားတယ်။ အစ်မတို့ဂေဟာရောက်ပြီးမှ ဒီကလေးဟာ ငါတို့အိမ်က ကလေးပဲဆိုတာ ဆင်ခြင်နိုင်တဲ့ အချိန်အတိုင်းအတာတစ်ခုကို အစ်မတို့က ဆွဲဆန့်ပေးလိုက်တာ။ သွေးအေးသွားအောင် သံယောဇဉ်ကို ပြန်နှိုးဆွပေးလိုက်တာ။ အဲဒီအနေအထားလေးနဲ့ ကလေးတွေကို အစ်မတို့က အိမ်ပြန်ပို့ပေးတယ်။ အိမ်ပြန်ရောက်စေတယ်။ တကယ်လို့ အိမ်ပြန်မရောက်ဘူးဆိုတဲ့ ကလေးတွေကိုတော့ ပေးမယ့်ကလေးနဲ့ ယူမယ့်မိဘကိုတွဲပြီး လူကယ်ပြန်ကို သွားအပ်လိုက်တယ်။ ဒီကလေးကိုအပ်တယ်။ ယူမယ့်မိဘဟာ လူကယ်ပြန်ကနေ ပြန်ပြီးမွေးစားတယ်။ ဒီကလေးကို ဒီမိဘက မွေးစားသွားတယ်။ နိုင်ငံတော်ကလည်း အသိအမှတ်ပြုတယ်။ ကလေးတွေ ရင်ခွင်သစ်လည်း ရရှိစေတယ်။ ကျန်ခဲ့ရင်တော့ ရင်ခွင်သစ်ရရှိရေးကို ဦးစားပေးတယ်။ တကယ်ဦးစားပေးတာဟာ မိခင်ဆီ ပြန်ပါစေရေး၊ မိသားစုအသိုက်အဝန်းက မစွန့်ပစ်ရေးကို ဦးစားပေးတာပါ။

တွေ့ဆုံမေးမြန်း-နန္ဒာဝင်း
ဓာတ်ပုံ- ဇော်မင်းလတ်

ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြော

ရန်ကုန် ဇူလိုင် ၇

ရန်ကုန်မြောက်ပိုင်းခရိုင် မော်ဘီမြို့နယ် နည်းပညာတက္ကသိုလ်(မော်ဘီ)တွင် ဇူလိုင် ၆ ရက်နံနက်က မူးယစ်ဆေးဝါးအန္တရာယ်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးဟောပြောပွဲကို ကျင်းပခဲ့ရာ ပါမောက္ခချုပ် ဒေါက်တာကေသီလွင်က အဖွင့်အမှာစကားပြောကြားပြီး မော်ဘီမြို့နယ်ရဲတပ်ဖွဲ့မှ ဒုတိယမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသိန်းတိုးက မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း ရှင်းလင်းခြင်း၊ အမှတ်(၆၅) ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကျော်သန်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ရှင်းလင်းပြောကြားခြင်းများ ပြုလုပ်ခဲ့ပြီး ကျောင်းသားကျောင်းသူ ၁၅၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

ကြေးမုံ

၂၀၁၉ ခုနှစ် မတ်လ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ရူပဗေဒဘာသာရပ် နမူနာမေးခွန်းပုံစံ-၂

၂၀၁၉ ခုနှစ် မတ်လတွင်ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘာသာရပ်အလိုက် မေးခွန်းပုံစံသစ်နှင့်စပ်လျဉ်း၍ အသိပေးဖော်ပြချက်များကို သတင်းစာများတွင် ၂၀၁၈ ခုနှစ် မေ ၂ ရက်မှ မေ ၁၀ ရက်အထိ ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ယခု ထပ်မံ၍ ၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘာသာရပ်အလိုက် နမူနာမေးခွန်းပုံစံများကို သတင်းစာများတွင် ထုတ်ပြန်သွားမည်ဖြစ်ပါသည်။ (နမူနာမေးခွန်းပုံစံများကို ပညာရေးဝန်ကြီးဌာန၏ Website ဖြစ်သော www.moe.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။)

2019 SAMPLE QUESTION
MATRICULATION EXAMINATION
DEPARTMENT OF MYANMAR EXAMINATION

PHYSICS **Time Allowed: (3) Hours**

WRITE YOUR ANSWERS IN THE ANSWER BOOKLET

The symbols in this paper have their usual significance

SECTION (A)

(Answer **ALL** questions)

1. Choose the correct answer from the followings. (4 marks)
   (i) Electrical forces bind ……. and nuclei to form atoms.
   (**A** electrons **B** protons **C** neutrons)
   (ii) The resistance of a /an ……. increases with increasing temperature.
   (**A** insulator **B** semiconductor **C** conductor)
   (iii) When the ray of light passes from water to air, the velocity of light ..... .
   (**A** increases **B** is constant **C** decreases)
   (iv) When electrons strike a tungsten target, ……. are emitted.
   (**A** X-rays **B** gamma rays **C** cathode rays)

2. Match the followings. (4 marks)

(i)	one coulomb	A. pressure difference
(ii)	dioptre	B. density of liquid
(iii)	hydrometer	C. 6.25×10^{18} electrons
(iv)	manometer	D. power of lens

3. Define efficiency of a machine. Write down the relationship between efficiency, mechanical advantage and velocity ratio. (4 marks)
   A crane is lifting a 500 N load with a velocity of 200 cms^{-1}. Calculate the power of the crane in hp.

4. Define critical angle. Draw a diagram to illustrate the critical angle and total internal reflection of light. (4 marks)

5. Calculate the values of two equal charges if they repel one another with a force of 0.2 N when situated 50 cm apart in vacuum. ($K = \frac{1}{4\pi\varepsilon_0} = 9\times10^9$ N m^2 C^{-2}) (4 marks)

6. Which device can be used as rectifier? Does it obey Ohm's law? Why? Draw a full-wave rectifier circuit using it. (4 marks)

7. What is an available voltage? Which is more fundamental, the resistance or the resistivity? (4 marks)
   Draw diagrams to show the distance between two successive nodes is $\lambda/2$ and the distance from a node to the nearest antinodes is $\lambda/4$, where λ is the wavelength.

8. The temperature of the filament is 2500 K when the bulb is switched on. The diameter of the filament is 0.1 mm and it is made of metal of emissivity 0.35. If the emissive power is 40 W find the length of the filament. (4 marks)
   ($\sigma = 5.685\times10^{-8}$ W $m^{-2}K^{-4}$)

9. Explain how alpha particles are scattered in Rutherford's alpha scattering experiment. Answer with the diagram. (4 marks)

SECTION (B)

(Answer any **FOUR** questions)

10. (a) Define the pressure. Is it scalar or vector? "Although Pascal's law is not a fundamental law, it is a very useful law for practical purposes." Is this statement correct? Discuss. (8 marks)
    The pressure at the height of 1 m from the floor is the normal atmospheric pressure 1.01×10^5 Pa. If the temperature is 0°C, what is the pressure on the floor? (Density of air = 1.29 kg m^{-3}, g = 10 ms^{-2})
    (b) (i) Define the terms heat and heat conduction. Which of the heat transfer processes are involved in a vacuum flask? (8 marks)
    (ii) Find the first three harmonics which will be formed in a closed organ pipe of length 0.4 m. Velocity of sound in air is 340 ms^{-1}.

11. (a) Write down the expressions for Coulomb's force and Newton's gravitational force in vector notations. (8 marks)
    How far apart are two protons if the force each exerts on the other is equal to the weight of a proton? (g = 10 ms^{-2}, mass of proton = 1.67×10^{-27} kg, charge of proton = 1.6×10^{-19} C)
    (b) What do you understand the equipotential surface due to a charge? (8 marks)
    Express the electric potential at a distance 'r' from a point charge $+Q$. The points A and B are situated in an electric field due to the charge $+Q$. A and B are at distances of r_a and r_b, ($r_a < r_b$) from $+Q$ respectively. Write the equation for electric potential difference between A and B. Draw the electric lines of force that are perpendicular to the equipotential surfaces.

12. (a) Define the principal focus and focal length of convex lens. Is the focus of a convex lens real or virtual? Why? (8 marks)
    (i) The angle of a glass prism is 60° and the angle of minimum deviation is 39°. Find the refractive index of glass. (ii) If the refractive index of glass is 1.5 and the angle of prism is 60°, find the angle of minimum deviation.
    (b) Draw ray diagrams to show how the real and virtual images can be formed by a convex lens. (8 marks)
    An image, which is five times the size of an object, is to be produce by a convex lens of power +2D on the same side as the object. How far should the object be placed from the image?

13. (a) What is an electric current? How is an electric current defined? Is an electric current a vector quantity? Why? (8 marks)
    A cell having an e.m.f of 1.5 V and an internal resistance of 1 Ω is connected to 2 Ω and 3 Ω resistors in series. Find the current in the electric circuit and the potential difference across the ends of each resistor.
    (b) Show that the equivalent resistance of the resistors in series is equal to the sum of the resistances of the individual resistor. (8 marks)
    If a 60 W electric lamp is connected to a 240 V mains line find (i) the current in the lamp (ii) the resistance of tungsten wire of the lamp (iii) the amount of heat produced by the filament in 1 min.

14. (a) What are the carriers of charge in a metal and in a semiconductor? Give the examples of these materials. Why does a pure semiconductor have poor conductivity at normal temperature? (8 marks)
    How is an n-type semiconductor formed? What is the majority carrier in an n-type semiconductor?
    (b) State Bohr's atomic model. Why does an electron moving around the nucleus not fall into the nucleus? (8 marks)
    Draw the structures of helium (He) and lithium (Li) atoms.
    How do you understand the terms nuclear reaction and fission?

15. (a) State the Fleming's left-hand rule. Why is a compass needle placed near a current-carrying wire deflected? (8 marks)
    A moving-coil galvanometer of resistance 20 Ω gives a full-scale deflection when a current of 5 mA passes through it. What modification must be made to it so that it will give a full-scale deflection for (i) a current of 1 A and (ii) a potential difference of 100 V?
    (b) What are radioisotopes? How are artificial radioisotopes produced in a nuclear reactor? Give two medical uses of radioisotopes. (8 marks)
    The highly unstable nucleus splits into two lighter nuclei by shooting out neutrons. Draw a diagram to illustrate the splitting process.

(OR)

15. (a) Define work and energy. Is it true that work is related to the energy? A man carries a bucket of water horizontally at constant velocity. Does he work on the bucket? Explain. (8 marks)
    When an object is placed 12 cm from a convex lens a real image formed is three times the size of the object. If a real image which is four times the size of the object is required, how far must the object be moved?
    (b) What electrical device is a capacitor? Express the energy of the capacitor using its capacitance and potential difference between the conductors. (8 marks)
    How should three capacitors and two batteries be connected so that the capacitors will store the maximum possible energy?
    The plates of a parallel-plate capacitor in air are 50 cm^2 in area and 1 mm apart, (i) What is its capacitance? (ii) When the capacitor is connected to a 45 V battery, what is the charge on either plate? (iii) What is the energy of the capacitor?

မယ်ဆိုင်လိုဏ်ဂူအတွင်းရှိ လူငယ်များအား ထွက်ပေါက်ရှိနိုင်မည့်နေရာကို တာချီလိတ်မြို့နယ်တွင် ကူညီရှာဖွေပေးနေ

တာချီလိတ် ဇူလိုင် ၇

ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရှိ ထမ်လုံခွန်နမ့် လိုဏ်ဂူအတွင်းမှ လူငယ် ၁၃ ဦးအား ရေလမ်းကြောင်းဖြင့် ပြန်လည်ခေါ်ထုတ်ရာတွင် အခက်အခဲများရှိနေ၍ နီးစပ်ရာ ဂူထွက်ပေါက်များမှတစ်ဆင့် ခေါ်ထုတ်နိုင်ရေး စီစဉ်နေခြင်းဖြစ်ရာ ယင်းလိုဏ်ဂူနှင့် ဆက်စပ်နိုင်သည့် မြန်မာနိုင်ငံ တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စုအတွင်း၌ ပူးပေါင်းအဖွဲ့များက ယနေ့နံနက်ပိုင်းမှစ၍ ကူညီရှာဖွေပေးနေကြောင်း သိရသည်။ ထိုသို့ ကူညီရှာဖွေရာတွင် နယ်မြေခံတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့၊ အလင်းရောင်ပရဟိတအသင်းနှင့် လွယ်တော်ခမ်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးအဖွဲ့ အပါအဝင် နယ်မြေကျွမ်းကျင်သည့် ကျေးရွာနေ ပြည်သူများဖြင့် ပူးပေါင်းပါဝင် ရှာဖွေနေခြင်းဖြစ်သည်။

ယခုလက်ရှိ မယ်ဆိုင်လိုဏ်ဂူအတွင်းမှ လူငယ် ၁၃ ဦးအား ခေါ်ထုတ်ရာ၌ ရေနှင့် လိုဏ်ဂူလမ်းကြောင်းအရ လူငယ်များ ဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် လိုဏ်ဂူ၏ အခြားထွက်ပေါက်များမှတစ်ဆင့် ခေါ်ထုတ်နိုင်ရေး စီစဉ်ခြင်းဖြစ်ရာ ယင်းဂူနှင့် ဆက်စပ်နိုင်သည့် လွယ်တော်ခမ်းကျေးရွာအုပ်စု အာဒီးကျေးရွာအတွင်းရှိ လိုဏ်ဂူအတွင်းမှ အဆင်ပြေပါက ခေါ်ထုတ်နိုင်ရေးအတွက် လိုဏ်ဂူထွက်ပေါက်နှင့် လမ်းကြောင်းရှာဖွေပေးနိုင်ပါရန် ထိုင်းနိုင်ငံ၏ အကူအညီတောင်းခံမှုအရ ရှာဖွေနေခြင်းဖြစ်သည်။

မြန်မာနိုင်ငံ တာချီလိတ်မြို့မှ ပူးပေါင်းအဖွဲ့များက ပုန်းထွန်ရပ်ကွက်အတွင်းရှိ လိုဏ်ဂူများတွင် သုံးကြိမ်ရှာဖွေပေးခဲ့ပြီး ယနေ့ရှာဖွေမှုမှာ လေးကြိမ်မြောက်အဖြစ် လိုဏ်ဂူထွက်ပေါက်များအား ကူညီရှာဖွေပေးခြင်းဖြစ်သည်။

ဝေယံလင်း(မြန်/ဆက်)

မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌပလား ရွက်လှေပြိုင်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၇

ယခင်နှစ်များက အစဉ်အလာအရကျင်းပသည့် အိုလံပစ်အထိမ်းအမှတ် ရွက်လှေပြိုင်ပွဲများ ပိုမိုသက်ဝင်လှုပ်ရှားစေရန်၊ ရွက်လှေအားကစားသမားများ အဖွဲ့လိုက်ယှဉ်ပြိုင်မှု အတွေ့အကြုံရရှိစေရန်၊ ရွက်လှေအားကစားသမားများ အချင်းချင်းနှင့် ရွက်လှေမိသားစုဝင်များ ပိုမိုထိတွေ့ရင်းနှီးစွာ ယှဉ်ပြိုင်ကြခြင်းမှ တစ်ဆင့် အရည်အသွေးပြည့်မီသော အားကစားသမားများ ပေါ်ထွန်းလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပသော ၂၀၁၈ ခုနှစ် အဌမအကြိမ်မြောက် မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ရွက်လှေပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ အင်းလျားကန်ရှိ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ် ရန်ကုန်ရွက်လှေအသင်းတွင် ပြုလုပ်ခဲ့သည်။

ဖွင့်ပွဲတွင် မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမျိုးတင်က အမှာစကားပြောကြားကာ ပြိုင်ပွဲကို ဆက်လက်ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းငါးသင်းတို့က ဇူလိုင် ၇ ရက်မှစတင်၍ ဇူလိုင် ၈၊ ၁၄၊ ၁၅ ရက်တို့တွင် ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း သိရသည်။

သတင်း- ဟိန်းထက်လင်း(ကြေးမုံ)၊ ဓာတ်ပုံ- ရာမည

ဂူအတွင်းပိတ်မိလူငယ်များအား ရာသီဥတုအခြေအနေကြောင့် အမြန်ဆုံးကယ်ထုတ်နိုင်ရန် ကယ်ဆယ်ရေးအဖွဲ့များ ထပ်မံအင်အားဖြည့်တင်း

မယ်ဆိုင် ဇူလိုင် ၇

ထိုင်းနိုင်ငံ ချင်းရိုင်ခရိုင် မယ်ဆိုင်မြို့ ပုံဖာရပ်ကွက် ဒွိုင်းနန်းခွန်းတောင်ခြေရှိ ထမ်လုံခွန်နမ့် လိုဏ်ဂူအတွင်း၌ ရှိသော လူငယ်ဘောလုံးအသင်း၀င် ၁၃ ဦးအား ခေါ်ထုတ်နိုင်ရန်အတွက် ကယ်ဆယ်ရေးအဖွဲ့ဝင်များက ဆောင်ရွက်လျက်ရှိရာ အင်အားပြင်းမုန်တိုင်းမှာ မကြာမီ ဝင်ရောက်လာတော့မည်ဖြစ်သောကြောင့် မိုးသည်းထန်စွာရွာသွန်းနိုင်သဖြင့် ယခုအခါ လူငယ်ဘောလုံးအသင်းဝင်များအား အမြန်ဆုံးကယ်ထုတ်နိုင်ရန် နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များနှင့် အင်ဂျင်နီယာများ၊ ကယ်ဆယ်ရေးအဖွဲ့ဝင်များ ထပ်မံအင်အားဖြည့်တင်းရန် လာရောက်နေကြပြီဖြစ်ကြောင်း ယနေ့နံနက်ပိုင်းကပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲ၌ ချင်းရိုင်ခရိုင်အုပ်ချုပ်ရေးမှူး နလုန်းဆတ်အိုစထာနကွန်းက ပြောကြားခဲ့ကြောင်း သိရသည်။

Super Typhoon Maria မုန်တိုင်းမှာ အင်အားအပြင်းဆုံးအရှိန်ဖြင့် ပစိဖိတ်သမုဒ္ဒရာအရှေ့ပိုင်း၌ အားယူပြီး လာနေပြီဖြစ်ကြောင်း အမေရိကန် ဟာရီကိန်းစင်တာမှ ထုတ်ပြန်ထားကြောင်း၊ အဆိုပါ မုန်တိုင်းလမ်းကြောင်းမှာ ဂျပန်၊ တရုတ်၊ တောင်/မြောက်ကိုရီးယား၊ ဖိလစ်ပိုင်နိုင်ငံနှင့် ထိုင်ဝမ်တို့ကို လာမည့်အပတ်အတွင်း ဝင်ရောက်တော့မည်ဖြစ်၍ နိုင်ငံအလိုက် ကာကွယ်ရေးလုပ်ငန်းများကို ကြိုတင်ပြင်ဆင်နေကြပြီဖြစ်ကြောင်း၊ ထိုင်းနိုင်ငံ မြောက်ပိုင်းဒေသများတွင် အဆိုပါမုန်တိုင်း အဖျားခတ်နိုင်သောကြောင့် လူငယ်ဘောလုံးအသင်းဝင်များအား အမြန်ဆုံးကယ်ထုတ်နိုင်ရေး စီစဉ်လျက်ရှိသည်။

လက်ရှိအချိန်တွင် မိုးရွာသွန်းမှုမရှိသော်လည်း လိုဏ်ဂူအတွင်း ရေများအဆက်မပြတ် ဒလဟောစီးဝင်နေမှုများရှိနေဆဲဖြစ်ရာ တစ်ခါတစ်ရံတွင် လူငယ်ဘောလုံးအသင်းဝင်များ ခိုအောင်းနေသည့် နေရာအောက်ခြေအထိ ရေတက်လာလေ့ရှိသည်။ ၎င်းတို့အား ကယ်ထုတ်နိုင်မည့် အခြားနည်းလမ်းတစ်ခုအဖြစ် ချီလီနိုင်ငံမှ မိုင်းတွင်းလုပ်သားများကို ကယ်တင်ခဲ့သည့် နည်းလမ်းအတိုင်း ဒုံးပျံပုံစံ ဓာတ်လှေကားစနစ်ဖြင့်ကယ်ထုတ်ရန် ကြိုးစားရှာဖွေမှုမှာလည်း နေရာပေါင်း ၁၀၀ ရှိသည့်အနက် ဖြစ်နိုင်ခြေရှိသည့်နေရာ ၁၈ ခုတွေ့ရှိထားသည့်တိုင် ဖောက်ဝင်ရန် ခန့်မှန်းတွက်ချက်ရခြင်းနှင့် အချိန်ယူရမည့် အခက်အခဲများရှိနေကြောင်း ထိုင်းနိုင်ငံမှလာသည့် သတင်းများအရ သိရသည်။

အများပြည်သူများသိရှိစေရန်အတွက် လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် စဉ်ဆက်မပြတ် တိုက်ရိုက်သတင်းတင်ဆက်နေသော ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရှိ ဦးစည်သူမောင်က "ဂူအတွင်း ကောင်းမွန်စွာသွားလာနိုင်မယ့် လမ်းကြောင်း၊ သူတို့ရဲ့ ကျန်းမာရေးအခြေအနေ၊ ရေငုပ်၊ ရေကူးနိုင်မယ့်အခြေအနေကို တွက်ချက်နေရတာကြောင့် လိုဏ်ဂူထဲကနေ ခုထိထုတ်လာနိုင်ခြင်း မရှိသေးပါဘူး။ ကလေးတွေရှိတဲ့နေရာနဲ့ အပေါ်ကရှာဖွေတွေ့ရှိတဲ့ ဂူပေါက်ဟာ တစ်ထပ်တည်းကျဖို့နဲ့ သူတို့ရှိနေတဲ့နေရာကို GPS နဲ့ တည်နေရာရှာရတာ မလွယ်ကူလှပါဘူး။ ခေတ်မီစက်ပစ္စည်းတွေက ကလေးတွေဘယ်မှာရှိတယ်ဆိုတာကို တိတိကျကျမဖော်ညွှန်းနိုင်သေးလို့ပါ။ လက်ရှိမှာ ကလေးတွေဟာ ဂူထဲမှာ အေးချမ်းစွာရှိနေပြီး ကျန်းမာရေးလည်း ကောင်းမွန်နေပါတယ်။ တာဝန်ရှိသူတွေကလည်း ကလေးတွေ အိမ်အပြန်လမ်းမှာ သာသာယာယာပြန်နိုင်ဖို့ အစီအစဉ်တွေရေးဆွဲနေကြရင်း ဂူထွက်ပေါက်တွေကိုလည်း လိုက်ရှာနေကြပါတယ်"ဟု ရှင်းပြသည်။

ပွင့်သစ္စာ

လားရှိုးမြို့တွင် လိုင်စင်မဲ့ယာဉ်ဖြင့် ခရီးသည်ပို့ဆောင်နေမှု စစ်ဆေးအရေးယူ

လားရှိုး ဇူလိုင် ၇

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့တွင် လိုင်စင်မဲ့ယာဉ်များဖြင့် ခရီးသည်ပို့ဆောင်ပြေးဆွဲနေမှုများကို စီမံချက်အဖွဲ့စုံက ဇူလိုင် ၆ ရက် နံနက်ပိုင်းက စစ်ဆေးအရေးယူမှုများ ပြုလုပ်နေသည်ဟု သိရသည်။

လားရှိုးမြို့အထွက် Oriental တိုးဂိတ်တွင် ပြည်ထောင်စုလမ်းမတစ်လျှောက် သိန်းနီ-ကွတ်ခိုင်-မူဆယ် မြို့ချင်းဆက်လမ်းနှင့် ချင်းရွှေဟော်- ဟိုပန်-လောက်ကိုင်မြို့များသို့ ခရီးသည်တင် သွားလာနေသည့်ယာဉ် ၈၂ စီးကို စစ်ဆေးခဲ့ရာ လုပ်ငန်းလိုင်စင်မရှိဘဲ ပြေးဆွဲနေသည့် ယာဉ်ငယ် နှစ်စီးနှင့် လိုင်စင်မဲ့ပြေးဆွဲနေသည့် ယာဉ်ငယ်တစ်စီးတို့ကို အရေးယူမှုပြုလုပ်ခဲ့သည်ဟု လားရှိုးမြို့ရှိ လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေး ကြီးကြပ်ညှိနှိုင်းမှုဦးစီးဌာနမှ တွဲဖက် ပြည်နယ်ဦးစီးမှူး ဦးဇော်ဇော်ဝင်းက ပြောသည်။

အဆိုပါ စီမံချက်အဖွဲ့စုံတွင် လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေး ကြီးကြပ်ညှိနှိုင်းမှုဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ အမှတ် ၁၁၉ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ လားရှိုးခရိုင်ရဲတပ်ဖွဲ့နှင့် မော်တော်ယာဉ်လိုင်းပေါင်းစုံ ကြီးကြပ်မှုကော်မတီတို့ ပါဝင်ဖွဲ့စည်းထားပြီး မေလအတွင်းကလည်း လိုင်စင်မဲ့ယာဉ် ငါးစီးကို ဖမ်းဆီးရမိခဲ့သည်။

ဇူလိုင် ၆ ရက်က လိုင်စင်မဲ့ယာဉ်ဖြင့် လားရှိုးမြို့မှ လောက်ကိုင်မြို့သို့ ခရီးသည်တင်ဆောင် သွားလာနေသည့် ဗင်ယာဉ်ငယ် မောင်းနှင်သူ မင်းတင်(၃၂)နှစ် လားရှိုးမြို့နေသူအား လိုင်စင်မဲ့ယာဉ် လက်ဝယ်ထားရှိမှုဖြင့် အရေးယူပေးရန် တိုင်ကြားခဲ့သောကြောင့် လားရှိုးမြို့မရဲစခန်းက ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

မေသူဇော်

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

အမေရိကန်သမ္မတထရန့် ဗြိတိန်နိုင်ငံသို့ ပထမဆုံးအကြိမ် သွားရောက်လည်ပတ်မည်

ဝါရှင်တန် ဇူလိုင် ၇

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် ဗြိတိန်နိုင်ငံသို့ ပထမဆုံးအကြိမ်အဖြစ် အလည်အပတ်ခရီးသွားရောက်ရန် စီစဉ်မှုများပြုလုပ်လျက်ရှိကြောင်း အမေရိကန်အစိုးရအဖွဲ့က ယနေ့ပြောကြားခဲ့သည်။

သမ္မတထရန့်သည် ဇူလိုင် ၁၁၊ ၁၂ ရက်တွင် ဘယ်လ်ဂျီယံနိုင်ငံတွင်ကျင်းပမည့် နေတိုးထိပ်သီးအစည်းအဝေးပွဲသို့ တက်ရောက်မည်ဖြစ်ပြီး ဇူလိုင် ၁၃ ရက်တွင် ဗြိတိန်နိုင်ငံ ဝန်ကြီးချုပ် ထရေဇာမေနှင့် တွေ့ဆုံမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံခေါင်းဆောင်များက နိုင်ငံအချင်းချင်း ကုန်သွယ်ရေး သဘောတူညီမှုများအပြင် အီရန်နိုင်ငံအပေါ် ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများနှင့်ပတ်သက်ပြီး ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် ဗြိတိန်နိုင်ငံတွင် ရုရှားထောက်လှမ်းရေးတစ်ဦးအား လုပ်ကြံသတ်ဖြတ်ရန် ကြိုးပမ်းခဲ့မှုဖြစ်ပွားခဲ့ခြင်းနှင့်ပတ်သက်ပြီး ရုရှားနိုင်ငံတာဝန်ရှိသူများနှင့် ဆွေးနွေးနိုင်ဖွယ်ရှိကြောင်း သိရသည်။

သမ္မတထရန့်သည် လန်ဒန်မြို့ရှိ ဝင်ဆာရဲတိုက်တွင် ဘုရင်မကြီး အဲလိဇာဘက်နှင့် တွေ့ဆုံမည်ဖြစ်သည်။

အမေရိကန်နှင့် ဗြိတိန်နိုင်ငံအကြား နှစ်နိုင်ငံဆက်ဆံရေး ပိုမိုကောင်းမွန်စေရန် သမ္မတထရန့်က ကြိုးပမ်းသွားမည်ဖြစ်သည်ဟု နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

သို့သော် လန်ဒန်မြို့ရှိ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများက သမ္မတထရန့်၏ ဗြိတိန်နိုင်ငံသို့ လာရောက်မည့်ခရီးစဉ်ကို ဆန္ဒထုတ်ဖော်ရန် စီစဉ်မှုများလုပ်ဆောင်လျက်ရှိသည်။

ထို့နောက် သမ္မတထရန့်က စကော့တလန်နိုင်ငံသို့ သွားရောက်မည်ဖြစ်ပြီး ဇူလိုင် ၁၆ ရက်တွင် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တွေ့ဆုံမည်ဖြစ်ကြောင်း သိရသည်။

အင်နန်အိတ်ချ်ကေ

ဂျပန်နိုင်ငံ၌ ရေကြီးမှုနှင့် မြေပြိုမှုများကြောင့် သေဆုံးသူအရေအတွက် ၄၉ ဦးအထိ မြင့်တက်

ကျိုတို ဇူလိုင် ၇

ဂျပန်နိုင်ငံအနောက်ပိုင်းတွင် မိုးအဆက်မပြတ်ရွာသွန်းမှုများကြောင့် ရေကြီးရေလျှံခြင်းနှင့် မြေပြိုမှုများ ဖြစ်ပွားခဲ့ရာ လူသေဆုံးမှုမြင့်တက်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဇူလိုင် ၇ ရက် နံနက် ၉ နာရီအထိ လူသေဆုံးမှုအရေအတွက်မှာ ၄၉ ဦးအထိ မြင့်တက်ခဲ့ပြီး ၄၈ ဦးပျောက်ဆုံးလျက်ရှိကြောင်း သတင်းများအရ သိရသည်။

ဟီရိုရှီးမားစီရင်စုတွင် လူသေဆုံးမှု ၂၃ ဦးအထိရှိခဲ့ပြီး ၂၁ ဦး ပျောက်ဆုံးလျက်ရှိသည်။ ဟီမိစီရင်စုတွင် ၁၈ ဦး သေဆုံးခဲ့ပြီး ခုနစ်ဦးပျောက်ဆုံးလျက်ရှိသည်။ အိုကာယာမာ၊ ဟွိုင်ဂို၊ ကျိုတို၊ ရှိဂါနှင့် ဖုကူအိုကာစီရင်စုများတွင် သေဆုံးမှု တစ်ဦးစီသာရှိခဲ့ကြောင်း သိရသည်။

ဟီရိုရှီးမားစီရင်စုတွင် သတိလစ်နေသူ သုံးဦးတွေ့ရှိခဲ့ပြီး အိုကာယာမာစီရင်စုတွင် နှစ်ဦးတွေ့ရှိခဲ့ရကြောင်း သိရသည်။

ရေကြီးရေလျှံမှုနှင့် မြေပြိုမှုစသည့် မိုးအဆက်မပြတ် ရွာသွန်းမှု၏

နောက်ဆက်တွဲ ဘေးအန္တရာယ်များ ဆိုးရွားစွာဖြစ်ပွားမှုကြောင့် ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်နိုင်ရန် ဒေသန္တရအာဏာပိုင်များနှင့် အစိုးရအဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ရန် အမိန့်တစ်ရပ် ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

ဇူလိုင် ၇ ရက်တွင် ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် တွေ့ဆုံကာ ဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းဆောင်တာများ နှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့ကြသည်။

ယခုရင်ဆိုင် ကြုံတွေ့နေရသည့် ဘေးအန္တရာယ်မှာ အလွန်ဆိုးရွားသည့် အတွက် ပြည်သူများအား ကယ်ဆယ်စောင့်ရှောက်ရန် ကယ်ဆယ်ရေး လုပ်သားများအား အစွမ်းကုန် ကြိုးပမ်းကြရန် မှာကြားခဲ့ကြောင်း သိရသည်။

အင်နန်အိတ်ချ်ကေ

ဆီးရီးယားနိုင်ငံ အရှေ့ပိုင်း၌ ကားပုံးပေါက်ကွဲ ၁၈ ဦးထက်မနည်း သေဆုံး

ဘေရွတ် ဇူလိုင် ၇

ဆီးရီးယားနိုင်ငံအရှေ့ပိုင်းတွင် ကားပုံးပေါက်ကွဲမှုတစ်ခု ဇူလိုင် ၆ ရက်က ဖြစ်ပွားခဲ့ရာ အစ္စလာမ္မစ်နိုင်ငံတော်ထူထောင်ရေးအဖွဲ့ (အိုင်အက်စ်)တို့အား ဆန့်ကျင်တိုက်ခိုက်နေသော အမေရိကန်က ထောက်ခံအားပေးထားသည့် လက်နက်ကိုင်အဖွဲ့မှ တပ်ဖွဲ့ဝင် ၁၁ ဦးအပါအဝင် လူ ၁၈ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ဆီးရီးယားလူ့အခွင့်အရေး စောင့်ကြည့်လေ့လာနေသည့် အဖွဲ့တစ်ဖွဲ့က ပြောကြားသည်ဟု အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

ဒီယာအယ်လ်ဇောပြည်နယ်အရှေ့ပိုင်း ကျေးလက်ဒေသရှိ အယ်လ်ဘလ်စ် ဆရာမြို့မှ ဆီးရီးယားဒီမိုကရက်တစ်တပ်ဖွဲ့၏ အခြေစိုက်စခန်းရှေ့တွင် ကားပုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း လန်ဒန်မြို့အခြေစိုက် ဆီးရီးယားလူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင် ရာမီအဗ္ဗဒယ်ရာမန်က ပြောကြားသည်။

ကားပုံးပေါက်ကွဲမှုကြောင့် ဆီးရီးယားဒီမိုကရက်တစ်တပ်ဖွဲ့မှ တပ်မှူးတစ်ဦး၊ တပ်ဖွဲ့ဝင် ၁၀ ဦးနှင့် ကလေးသုံးဦး အပါအဝင် အရပ်သား ခုနစ်ဦးတို့ သေဆုံးခဲ့ကြောင်း ၎င်းကပြောကြားသည်။

ယင်းကားပုံးဖောက်ခွဲတိုက်ခိုက်မှုနှင့်ပတ်သက်၍ လတ်တလောတွင် မည်သည့်အဖွဲ့အစည်းကမျှ တာဝန်ရှိကြောင်း ထုတ်ဖော်ပြောကြားခြင်း မရှိသေးသော်လည်း ယခင်ကဖြစ်ပွားခဲ့သော အလားတူတိုက်ခိုက်မှုများတွင်မူ အိုင်အက်စ်အဖွဲ့က ၎င်းတို့လုပ်ဆောင်ကြောင်း ပြောကြားခဲ့သည်။

အိုင်အက်စ်စစ်သွေးကြွများက ဆီးရီးယားနှင့်အိမ်နီးချင်း အီရတ်နိုင်ငံတို့ ထိစပ်နေသည့် နယ်ခြားဒေသအား ၎င်းတို့၏ပိုင်နက်နယ်မြေအဖြစ် ကြေညာခဲ့သည်။ သို့သော် ၎င်းတို့သတ်မှတ်ခဲ့သော နယ်မြေဒေသမှာ ထိုစဉ်ကတည်းက ပြုလုပ်ခဲ့သော ထိုးစစ်အမျိုးမျိုးကြောင့် အများစုမှာ ဆုံးရှုံးခဲ့ပြီး ဖြစ်သည်။

ဒီယာအယ်လ်ဇောပြည်နယ်တွင်းရှိ ဂျီဟတ်ဝါဒီ အိုင်အက်စ်စစ်သွေးကြွများကို မတူကွဲပြားသော ထိုးစစ်ဆင်တိုက်ခိုက်မှုနှစ်ခုပြုလုပ်ကာ ပြည်နယ်တွင်းမှ တိုက်ထုတ်နိုင်ခဲ့သည့် တစ်ခုတည်းသော ထိုးစစ်ဆင်မှုကို ဆီးရီးယားဒီမိုကရက်တစ်တပ်ဖွဲ့များက ယူဖရေးတီးမြစ် အရှေ့ဘက်ကမ်းတွင် ပြုလုပ်ခဲ့ပြီး ဆီးရီးယားအစိုးရတပ်ဖွဲ့များက အဆိုပါမြစ်၏အနောက်ဘက်ကမ်းတွင် ထိုးစစ်ဆင်ခဲ့သည်။

ယင်းတို့၏နယ်မြေအများအပြားဆုံးရှုံးခဲ့သော်လည်း အိုင်အက်စ်စစ်သွေးကြွများသည် ဒီယာအယ်လ်ဇော ပြည်နယ်အရှေ့ပိုင်းရှိ ကျေးရွာများ၌ တည်ရှိနေဆဲဖြစ်သည်။

အေအက်ဖ်ပီ

ဂါဇာစီးတီးအရှေ့ပိုင်းဒေသတွင် ပါလက်စတိုင်းဆန္ဒပြသမားများနှင့် အစ္စရေးစစ်သားများအကြား တိုက်ခိုက်မှုများဖြစ်ပွား

ဂါဇာ ဇူလိုင် ၇

ဂါဇာစီးတီးအရှေ့ပိုင်းဒေသ အစ္စရေးနယ်စပ်အနီးတွင် ဇူလိုင် ၆ ရက် မွန်းလွဲပိုင်းက ပါလက်စတိုင်းလူမျိုးဆန္ဒပြသမားများနှင့် အစ္စရေးစစ်သားများအကြား တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများနှင့် ဒေသတွင်းသတင်းဌာနများက ပြောကြားသည်။

ဂါဇာကမ်းမြောင်အရှေ့ပိုင်းနှင့် အစ္စရေးနိုင်ငံ နယ်ခြားဒေသအနီးတွင် လူစုလူဝေးဖြင့် ဆန္ဒပြမှုများပြုလုပ်နေသည့် ပါလက်စတိုင်းများအား လူစုကွဲစေရန်အတွက် အစ္စရေးစစ်သားများက သေနတ်များ၊ မျက်ရည်ယိုဗုံးများဖြင့် ပစ်ခတ်ခဲ့သည်။ ပါလက်စတိုင်းလူမျိုးများက သောကြာနေ့တိုင်း ပြုလုပ်သည့် (၁၅)ကြိမ်မြောက် အစ္စရေးဆန့်ကျင်ရေး ဆန္ဒပြမှုပြုလုပ်ရန် စုဝေးနေချိန်တွင် အစ္စရေးစစ်သားများက ယင်းသို့ ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

ဂါဇာကမ်းမြောင်အရှေ့ပိုင်းတွင် ယခုနှစ် မတ် ၃၀ ရက်မှစတင်ကာ ပါလက်စတိုင်းများက ကြီးမားသော ဆန္ဒပြမှုများကို ပြုလုပ်ခဲ့သည်။

အစ္စရေးစစ်သားများ၏ ပစ်ခတ်မှုကြောင့် ပါလက်စတိုင်းလူမျိုး ဆန္ဒပြသမားတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပါလက်စတိုင်း ဆေးဘက်ဆိုင်ရာက ပြောကြားသည်။ ဇူလိုင် ၆ ရက်တွင် ဒါဇင်ပေါင်းများစွာသော ပါလက်စတိုင်းလူမျိုး ဆန္ဒပြသမားများသည် ဂါဇာစီးတီးအရှေ့ပိုင်းတွင် စုဝေးကြပြီး မော်တော်ကားတာယာများကို မီးရှို့ခြင်း၊ ပါလက်စတိုင်းအလံများကို ဝှေ့ယမ်းကာ ဆန္ဒပြမှုများ ပြုလုပ်ပြီး ဂါဇာကမ်းမြောင်နယ်မြေ အစ္စရေးနိုင်ငံ နယ်ခြားမျဉ်းကြားရှိ နယ်မြေတွင်တပ်ချထားသည့် အစ္စရေးစစ်သားများနှင့် တိုက်ခိုက်မှုများဖြစ်ပွားခဲ့သည်။

ဂါဇာကမ်းမြောင်ဒေသအရှေ့ပိုင်းမှ အစ္စရေးနယ်စပ်ဒေသနှင့် နီးကပ်နေသည့် မတူညီသော နေရာငါးနေရာတွင် ယခုနှစ် မတ် ၃၀ ရက်မှစ၍ ပါလက်စတိုင်းလူမျိုး ဆန္ဒပြ

သမားများက အစ္စရေးဆန့်ကျင်ရေး ဆန္ဒပြပွဲများကို သောကြာနေ့တိုင်း ပြုလုပ်ခဲ့သည်။

မတ် ၃၀ ရက်မှစတင်ခဲ့သော ပါလက်စတိုင်းတို့၏ ဆန္ဒပြပွဲများကို အစ္စရေးစစ်ဘက်မှ ပစ်ခတ်ခြိမ်းခြောက်ခဲ့မှုကြောင့် သေဆုံးသူ ၁၃၆ ဦးအထိ မြင့်တက်လာခဲ့ပြီး သေဆုံးသူဦးရေ ထက်ဝက်ခန့်မှာ အစ္စရေးစစ်ဘက်မှ ကျည်အစစ်များဖြင့် ပစ်ခတ်မှုကြောင့်ဖြစ်ကြောင်း ပါလက်စတိုင်းကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အရှက်ဖ်အေကွီဒရာက သတင်းထောက်များအား ပြောကြားသည်။

ဆင်ဟွာ

ကမ္ဘာ့ဖလားအားကစားသတင်းများ

ကမ္ဘာ့ဖလား ချန်ပီယံမဖြစ်သေးတဲ့ ဘယ်လ်ဂျီယံ ဆီမီးဖိုင်နယ်အဆင့် တက်လှမ်း

ဘယ်လ်ဂျီယံအသင်းဟာ ကမ္ဘာ့ဖလားကွာတားဖိုင်နယ်အဆင့်ပွဲစဉ်အဖြစ် ဘရာဇီးအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရတာဖြစ်ပြီး အဲဒီပွဲစဉ်မှာ ဘယ်လ်ဂျီယံအသင်းက နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းသွားခဲ့ပြီဖြစ်ပါတယ်။

ဘယ်လ်ဂျီယံအသင်းအနေနဲ့ ကွာတားဖိုင်နယ်အဆင့်မှာ ကမ္ဘာ့ဖလားကို ငါးကြိမ်အထိ ချန်ပီယံဖြစ်ထားတဲ့ ဘရာဇီးအသင်းကို အနိုင်ရရှိခဲ့တာဖြစ်ပြီး လက်ရှိမှာ ဘယ်လ်ဂျီယံအသင်းအနေနဲ့ ကမ္ဘာ့ဖလားချန်ပီယံပထမဆုံးအကြိမ်ဖြစ်ခွင့်ရဖို့နီးစပ်သွားခဲ့တာလည်းဖြစ်ပါတယ်။

နည်းပြမာတီနက်ဇ်ရဲ့ ဘယ်လ်ဂျီယံအသင်းဟာ ပထမပိုင်းပွဲကစားချိန်ကတည်းက ချက်ဒ်လီရဲ့ထောင့်ကန်ဘောကနေ ဖာနန်ဒင်ဟိုရဲ့လက်မောင်းကိုထိခဲ့ပြီး ရရှိခဲ့တဲ့ သွင်းဂိုးနဲ့ ပွဲကစားချိန် ၁၃ မိနစ်မှာ ဦးဆောင်ဂိုးစတင်ရရှိခဲ့တာဖြစ်ပြီး ပွဲကစားချိန် ၃၁ မိနစ်မှာ ဒီဘရိုင်းရဲ့ သွင်းဂိုးထပ်မံရရှိခဲ့တာမို့ ဘရာဇီးအသင်းကို နှစ်ဂိုးပြတ်နဲ့ ဆက်လက်ဦးဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။

အဲဒီသွင်းဂိုးနှစ်ဂိုးကိုကြည့်မယ်ဆိုရင် ဘယ်လ်ဂျီယံအသင်းရဲ့ အရင်ပွဲစဉ်တွေကအတိုင်း အဖွင့်ဂိုးတိုင်းဟာ ဂုဏ်သိက္ခာရှိရှိမသွင်းယူနိုင်ခဲ့ပေမယ့် ပွဲကစားချိန် ၃၁ မိနစ်မှာ ရရှိခဲ့တဲ့ ဒီဘရိုင်းရဲ့ သွင်းဂိုးတစ်ဂိုးကသာ ဘယ်လ်ဂျီယံအသင်းအတွက် ကိုယ်ပိုင်သွင်းဂိုး ရရှိခဲ့တာဖြစ်ပါတယ်။

ဘရာဇီးအသင်းဟာ ချေပဂိုးရရှိရေးအတွက် ဒုတိယပိုင်းမှာ ဝီလီယံရဲ့နေရာမှာ ဖာမီနို၊ ဂျီးဆပ်ရဲ့နေရာမှာ ဒေါက်ဂလပ်ကော်စတာ၊ ပေါ်လင်ဟိုရဲ့နေရာမှာ အော်ဂတ်စတိုတို့ကို ထည့်သွင်းကစားစေခဲ့ရာ ပွဲကစားချိန် ၇၆ မိနစ်တွင် လူစားဝင်ကစားသမား အော်ဂတ်စတိုရဲ့ သွင်းဂိုးနဲ့ ချေပဂိုးတစ်ဂိုးရရှိခဲ့ပါတယ်။

ဒါပေမယ့် ဘရာဇီးအသင်းက ချေပဂိုးထပ်မံမသွင်းယူနိုင်ခဲ့တာကြောင့် ဘယ်လ်ဂျီယံအသင်းက ဘရာဇီးအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ ဘယ်လ်ဂျီယံအသင်းနဲ့အတူ တိုက်စစ်မှူးလူကာကူ၊ တိုက်စစ်မှူး ဟာဇက်နဲ့ တိုက်စစ်မှူး ဒီဘရိုင်းတို့ အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့ပြီး ကွင်းလယ်ပိုင်းအားနည်းချက်တွေရှိနေတဲ့ ဘရာဇီးအသင်းကို အကောင်းဆုံးကျော်ဖြတ်ကာ ဘယ်လ်ဂျီယံအသင်း အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။

ဘယ်လ်ဂျီယံအသင်းဟာ နာမည်ကြီးဘရာဇီးအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ ဆီမီးဖိုင်နယ်အဆင့်မှာ ပြင်သစ်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာလည်း ဖြစ်ပါတယ်။

အင်္ဂလန်အသင်းက ဆွီဒင်အသင်းကို နှစ်ဂိုးပြတ်အနိုင်ရပြီး ကမ္ဘာ့ဖလားဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်း

ဆွီဒင်အသင်းနဲ့ အင်္ဂလန်အသင်းတို့ဟာ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့ရာ အင်္ဂလန်အသင်းက နှစ်ဂိုးပြတ်နဲ့ အနိုင်ရပြီး ကမ္ဘာ့ဖလားဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းသွားခဲ့ပြီဖြစ်ပါတယ်။

အင်္ဂလန်အသင်းဟာ ဆွီဒင်အသင်းနဲ့ ပွဲစဉ်မှာ ပွဲကစားချိန် မိနစ် ၃၀ မှာသွင်းယူခဲ့တဲ့ မာဂွီယာရဲ့သွင်းဂိုး၊ ပွဲကစားချိန် ၅၈ မိနစ်မှာ သွင်းယူခဲ့တဲ့ ဒီလီအလီတို့ရဲ့သွင်းဂိုးတွေနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ ဆွီဒင်အသင်းရဲ့ဂိုးပေါက်ခြိမ်းခြောက်မှုတွေကို အင်္ဂလန်ဂိုးသမားပစ်ဖို့ဒ်က အကောင်းဆုံးကာကွယ်နိုင်ခဲ့တာဖြစ်ပြီး အင်္ဂလန်အသင်းဂိုးရရှိနိုင်မယ့်အခွင့်အရေးအချို့ဟာလည်း စတာလင်ရဲ့အသုံးမချနိုင်မှုတွေကနေပဲ ဆုံးရှုံးခဲ့ရတာဖြစ်ပါတယ်။

အင်္ဂလန်အသင်းဟာ ဆွီဒင်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းလာခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်မှာ အိမ်ရှင်ရုရှားအသင်း သို့မဟုတ် ခရိုအေးရှားအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။

ဆွီဒင်အသင်းနဲ့ အင်္ဂလန်အသင်းတို့ရဲ့ ပွဲစဉ်မှာ အင်္ဂလန်အသင်းဟာ တစ်ဦးချင်းခြေစွမ်းကောင်းမွန်နေတာကြောင့် ဆွီဒင်အသင်းအနေနဲ့ အစဉ်အလာအားဖြင့် အသာစီးမရယူနိုင်တဲ့ သမိုင်းကြောင်းကို မကျော်နိုင်ခဲ့ဘဲ အင်္ဂလန်အသင်းကို ထပ်မံရှုံးပွဲကြုံခဲ့ရတာဖြစ်ပါတယ်။

အင်္ဂလန်အသင်းက ဆွီဒင်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် နည်းပြဆောက်ဂိတ်မ္ဘော်လင့်ထားတဲ့အတိုင်းဖြစ်လာခဲ့ပြီး အခုကမ္ဘာ့ဖလားပြိုင်ပွဲမှာ နောက်ဆုံးပိုလ်လုပွဲအထိ တက်လှမ်းခွင့်ရရှိရေး ကြိုးပမ်းသွားဖို့ရှိနေတယ်လို့ နည်းပြဆောက်ဂိတ်က ပြောကြားခဲ့ပါတယ်။

ရှုံးထွက်အဆင့် အဓိကခြောက်ပွဲတွင် ခုနစ်ဂိုးအထိ ဂရစ်ဇ်မန်းသွင်းယူနိုင်ခဲ့

ပြင်သစ်တိုက်စစ်မှူး ဂရစ်ဇ်မန်းဟာ ဥရုဂွေးအသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တဲ့ ပွဲစဉ်မှာ သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့တာမို့ ပြင်သစ်အသင်းနဲ့အတူ အဓိကပြိုင်ပွဲတွေရဲ့ ရှုံးထွက်အဆင့်ခြောက်ပွဲမှာ ခုနစ်ဂိုးအထိသွင်းယူနိုင်ခဲ့တဲ့မှတ်တမ်းတစ်ရပ်ကိုလည်း စိုက်ထူနိုင်ခဲ့ပါပြီ။

ဥရုဂွေးအသင်းနဲ့ ပြင်သစ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ကမ္ဘာ့ဖလားကွာတားဖိုင်နယ်အဆင့်ပွဲစဉ်မှာ ပြင်သစ်အသင်းက နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ရာမှာ ပြင်သစ်အသင်းအတွက် သွင်းဂိုးတွေကို ဗာရာနီနဲ့ ဂရစ်ဇ်မန်းတို့က သွင်းယူပေးခဲ့ကြတာဖြစ်ပါတယ်။

ဗာရာနီဟာ အဲဒီပွဲစဉ်မှာ ဂိုးသွင်းယူနိုင်ခဲ့တာမို့ ပြင်သစ်အသင်းအတွက် တတိယမြောက်သွင်းဂိုးကို သွင်းယူနိုင်ခဲ့တာဖြစ်ပြီး ပြင်သစ်အသင်းနဲ့အတူ ဂရစ်ဇ်မန်းဂိုးသွင်းယူနိုင်ခဲ့တဲ့ ပွဲစဉ်တွေထဲမှာ ပွဲစဉ် ၂၀ စလုံးပြင်သစ်အသင်းရှုံးပွဲမရှိစံချိန်တင်နိုင်ခဲ့တာလည်းဖြစ်ပါတယ်။

ပြင်သစ်အသင်းကတော့ ဥရုဂွေးအသင်းကို အနိုင်ရရှိခဲ့ပြီးနောက်မှာတော့ တောင်အမေရိကအသင်းတွေနဲ့ ထိပ်တိုက်ဆုံတွေ့ခဲ့တဲ့ ကမ္ဘာ့ဖလားပွဲစဉ် ၁၀ ပွဲအထိလည်း ရှုံးပွဲမရှိစံချိန်တင်နိုင်ခဲ့တာဖြစ်ပါတယ်။ ပြင်သစ်အသင်းဟာ အခုတစ်ကြိမ်ဟာ ကမ္ဘာ့ဖလားဆီမီးဖိုင်နယ်ကို ခြောက်ကြိမ်မြောက်တက်လှမ်းလာခဲ့တာဖြစ်ပါတယ်။

FIFA WORLD CUP RUSSIA 2018

ကမ္ဘာ့ဖလားရလဒ်

ဘရာဇီး	၁	-	၂	ဘယ်လ်ဂျီယံ
ဆွီဒင်	၀	-	၂	အင်္ဂလန်

ငွေကြေယ် - ရေးသားသည်

မော်လမြိုင်၌ ဘိန်းဖြူများ သိမ်းဆည်းရမိ

မော်လမြိုင် ဇူလိုင် ၇

မွန်ပြည်နယ် ရဲတပ်ဖွဲ့ မှုခင်းအကူဌာနနှင့် မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့ မှုခင်းနှိမ်နင်းရေးတပ်ဖွဲ့ဝင်များ ပူးပေါင်းပြီး ဇူလိုင် ၅ ရက် ညနေ ၅ နာရီ မိနစ် ၄၀ တွင် သံလွင်တံတားအဆင်း မြို့နယ်စည်ပင်သာယာရေးဘီးခွန်ကောက်ဂိတ်၌ ပေါင်မြို့နယ် မုတ္တမဘက်မှ မော်လမြိုင်ဘက်သို့ ယာဉ်မောင်းစံဝင်း မောင်းနှင်လာသော 6L ----Vitz ယာဉ်ကိုစစ်ဆေးရာ ယာဉ်ရှေ့ခန်းတွင် စန်းလွင်နှင့်အတူ ခြင်းအတွင်းထည့်ထားသော စိတ်ကြွရူးသွပ် ဆေးပြား ၁၅၅၀၀၅ ပြား(တန်ဖိုးကျပ် ၇၇၅၀၂၅၀၀၀)နှင့် ဒေသပေါက်ဈေး သိန်း ၃၅၀ ကျပ်တန်ဖိုးရှိ ဘိန်းဖြူတုံးများ သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးချက်အရ ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ် မိုးနဲမြို့နယ် နင့်မလင်ကျေးရွာနေ ဒေါ်တင်တင်လှ(၃) ဒေါ်နန်းစံတွမ်းအား မော်နိုင်ကျော်(၃)ဖိုးခွား မောင်းနှင်လာသော EE/--- AD-Van ယာဉ်ပေါ်တွင် ဖမ်းဆီးခဲ့ပြီး ဒေါ်တင်တင်လှ(၃)ဒေါ်နန်းစံတွမ်း၏သား အောင်ဝိုးဝိုးဝင်းကိုလည်း ဖမ်းဆီးခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မော်လမြိုင်မြို့နယ် ဒိုင်းဝန်ကွင်းရဲစခန်းက အမှုဖွင့်အရေးယူထားသည်။

၃၀၇

မြန်မာစံချိန်စံညွှန်းများ သတ်မှတ်ခြင်း

အမျိုးသားစံချိန်စံညွှန်းကောင်စီသည် စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၃၃၊ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပုဒ်မ ၅၊ ပုဒ်မခွဲ (ခ)ပါ လုပ်ငန်းတာဝန်များအရ အောက်ဖော်ပြပါ စံချိန်စံညွှန်း (၅၀)အား မြန်မာစံချိန်စံညွှန်းများအဖြစ် သတ်မှတ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်-
(ယမန်နေ့မှအဆက်)

စဉ်	မြန်မာစံချိန်စံညွှန်းများ
(၁၃)	MMS ISO 5408:2009 ဝက်အူရစ်များ-ဝေါဟာရဆိုင်ရာ မြန်မာစံချိန်စံညွှန်း။
(၁၄)	MMS ISO 16528-1:2007 ဘွိုင်လာနှင့်ဖိအားခံအိုးများ-အပိုင်း(၁) စွမ်းဆောင်ရည်ဆိုင်ရာ လိုအပ်ချက်များဆိုင်ရာ မြန်မာစံချိန်စံညွှန်း။
(၁၅)	MMS ISO 16528-2:2007 ဘွိုင်လာနှင့် ဖိအားခံအိုးများ- အပိုင်း(၂) - ISO 16528-1 ၏ လိုအပ်ချက်များကို ပြည့်မီရန် လုပ်ငန်းစဉ်များဆိုင်ရာ မြန်မာစံချိန်စံညွှန်း။
(၁၆)	MMS ISO 1072:1975 ပကတိသစ် (Solid wood) ပါကေး-အထွေထွေသွင်ပြင်လက္ခဏာများဆိုင်ရာ မြန်မာစံချိန်စံညွှန်း။
(၁၇)	MMS ISO 8903:1994 ရွက်ပြန့်သစ်မျိုးသစ်ခွဲသား-အခြေခံအရွယ်အစားများဆိုင်ရာ မြန်မာစံချိန်စံညွှန်း။
(၁၈)	MMS ISO 8904:1990 ရွက်ပြန့်သစ်မျိုးသစ်ခွဲသားများ-အရွယ်အစားများတိုင်းတာခြင်းနည်းလမ်းများဆိုင်ရာ မြန်မာစံချိန်စံညွှန်း။
(၁၉)	MMS ISO 4471:1982 သစ်-မျိုးတူသစ်ပင်အုပ်စုအတွင်း သစ်သား၏ ရုပ်ပိုင်းနှင့် စက်မှုဆိုင်ရာ ဂုဏ်သတ္တိများ စူးစမ်းတွက်ချက်ခြင်းအတွက် နမူနာသစ်ပင်နှင့် သစ်လုံးများ နမူနာကောက်ယူခြင်းဆိုင်ရာ မြန်မာစံချိန်စံညွှန်း။
(၂၀)	MMS ISO 3129:1975 သစ်-ရုပ်ပိုင်းနှင့် စက်မှုဆိုင်ရာ စမ်းသပ်မှုများအတွက် နမူနာကောက်ယူခြင်းနည်းလမ်းများနှင့် အထွေထွေလိုအပ်ချက်များဆိုင်ရာ မြန်မာစံချိန်စံညွှန်း။
(၂၁)	MMS ISO 8375:2009 သစ်သားထည်များ-ကော်ကပ်သစ်သား-ရုပ်ပိုင်းနှင့် စက်မှုဆိုင်ရာ စူးစမ်းတွက်ချက်ခြင်းအတွက် စမ်းသပ်မှုနည်းလမ်းများဆိုင်ရာ မြန်မာစံချိန်စံညွှန်း။
(၂၂)	MMS ISO 50001:2011 စွမ်းအင်စီမံခန့်ခွဲမှုစနစ်-အသုံးပြုနိုင်သည့် လမ်းညွှန်ချက်များ ပါဝင်သည့် လိုအပ်ချက်များဆိုင်ရာ မြန်မာစံချိန်စံညွှန်း။

(ဆက်လက်ဖော်ပြပါမည်)

ရေပူစစ်ဆေးရေးစခန်းတွင် တရားမဝင်ကုန်စည်များ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၇

ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ဇူလိုင် ၆ ရက်တွင် HONDA ODYSSEY ယာဉ်တစ်စီး၊ ALPHARD ယာဉ်တစ်စီးနှင့် ခရီးသည်တင်ယာဉ်တစ်စီးတို့ကို ရှောင်တခင်စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ဓားရွေ ၁ ဒသမ ၇၁၅ တန်၊ ပိတောက်ခွဲသား ၁ ဒသမ ၀၆၉ တန်နှင့်ပစ္စည်းသယ်ဆောင်သည့်ယာဉ် သုံးစီး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၆ ဒသမ ၃၅၆ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့သည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဇူလိုင် ၆ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၅၄ စီး၊ သွင်းကုန် ၉၄၈ စီး၊ ရန်ကုန်-မြတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၉ စီး၊ သွင်းကုန် ၁၁၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၆ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ကိုးမှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈ ဒသမ ၇၅၆ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု(ခန့်မှန်းတန်ဖိုး ငွေကျပ် ၂ ဒသမ ၇၂၀ သန်းခန့်)စုစုပေါင်းတားဆီးမှု ၁၁ မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁ ဒသမ ၄၇၆ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

သီပေါမြို့နယ်၌ တွဲယာဉ်တစ်စီး အရှိန်လွန်ပြီး သစ်ပင်ဝင်တိုက်

သီပေါ ဇူလိုင် ၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် စဉ်အင်နှင့် စံလောင်းကျေးရွာအကြား မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်(၄၀/၁-၂)တွင် ယနေ့နံနက် ၇ နာရီက ယာဉ်မောင်း ကျော်သူ မောင်းနှင်သော ၂၂ ဘီးယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ သစ်ပင်နှင့်ဝင်တိုက်မိရာ ယာဉ်မောင်းသူမှာ စတီယာတိုင်နှင့် ထိုင်ခုံကြားညပ်မိကာ ရုန်းထွက်မရဘဲရှိနေကြောင်း သိရသည်။

အခင်းဖြစ်ပွားရာသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးနိုင်၊ သီပေါယာဉ်ထိန်းတာဝန်ခံ တပ်ကြပ်ကြီးဝင်းဇော်လတ်နှင့် အဖွဲ့ဝင်များ၊ သီပေါမြို့နယ် မီးသတ်စခန်းတာဝန်ခံ ဦးအောင်ကြည်ထွန်းနှင့် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့များက ခေတ်မီရှာဖွေကယ်ဆယ်ရေးကိရိယာများ အသုံးပြု၍ ရှာဖွေကယ်ဆယ်ရေးယာဉ်များဖြင့် ယာဉ်မောင်းကို အောင်မြင်စွာ ကယ်ထုတ်နိုင်ခဲ့သည်။

ထို့နောက် နယ်စည်းမခြား ပရဟိတအဖွဲ့နှင့် ဝမ်းမောလူမှုကူညီရေးအဖွဲ့တို့က လူနာတင်ယာဉ်ဖြင့် သီပေါပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

စိုင်း(သီပေါ)

တရားမဝင်ရှော့တိုက်ငါးဖမ်းဆီးမှု ၂၁ မှု ဖော်ထုတ်ဖမ်းဆီးနိုင်

စဉ်ကူး ဇူလိုင် ၇

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ တစ်နှစ်တာအတွင်း တရားမဝင် ရှော့တိုက်ငါးဖမ်းဆီးမှုကို ဦးစီးဌာနမှတာဝန်ရှိသူများနှင့် ရဲတပ်ဖွဲ့ဝင်များပူးပေါင်းကာ စဉ်ကူးမြို့နယ်နှင့် သပိတ်ကျင်းမြို့နယ်တို့အတွင်း ရှောင်တခင်ကွင်းဆင်းဆောင်ရွက်ခဲ့ရာ တရားမဝင်ငါးဖမ်းမှု ၂၁ မှု ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

စဉ်ကူးမြို့နယ်နှင့် သပိတ်ကျင်းမြို့နယ်တို့တွင် တရားမဝင်ရှော့တိုက်ငါးဖမ်းဆီးမှုမှ ငါးဖမ်းလှေ ၁၂ စင်း၊ စက်အင်ဂျင် ၁၂ လုံး၊ ပိုက်ကွန် ၁၄ ခု၊ ရှော့တိုက်ဘက်ထရီ ၂၈ လုံးနှင့် ရှော့ပုံး ၁၉ ပုံးနှင့် ငါးပိသာ ၁၉ ပိသာတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဝင်းမောင်(စဉ်ကူး)

ကျိုန္တလီမြို့ ကံပေါက်ကျေးရွာ ပင်လယ်ကမ်းစပ်တွင် ဝေလငါးအသေတစ်ကောင် သောင်တင်

ကျိုန္တလီ ဇူလိုင် ၇

ရခိုင်ပြည်နယ် ကျိုန္တလီမြို့ ရေကျော်ကျေးရွာအုပ်စု ကံပေါက်ကျေးရွာအနီးရှိ ပင်လယ်ကမ်းစပ်တွင် ယနေ့ နံနက် ၈ နာရီခန့်က ဝေလငါးအသေတစ်ကောင် သောင်တင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဝေလငါးမှာ အလျား ၃၃ပေ၊ လုံးပတ် ကိုးပေခန့်ရှိပြီး ပုပ်ပွလျက်တွေ့ရှိရသဖြင့် ငါးလုပ်ငန်းဦးစီးဌာနက ဝေလငါးအရိုးများရရှိရေးအတွက် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**မြို့နယ်(မြန်/ဆက်)**

မြန်မာ့ရုပ်မြင်သံကြား

၈-၇-၂၀၁၈ (တနင်္ဂနွေ)

နံနက်ပိုင်း

- ၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ Breakfast News
- ၇း၃၅ လေ့လာရာစုံလင် အမိမြန်ပြည်တစ်ခွင် (ဦးဒိုက်ဖူမြော်ခန္ဓီးမြို့မှ ရွှေဟောင်းသမိုင်းဝင် မြသိန်းတန်စေတီတော်)
- ၈း၃၅ "ပြည်လက်ရုံး၊ ပြည့်နှုန်လုံးသားဆီသို့"
- ၉း၁၀ ဇာတ်လမ်းအတိုအထွာပြုံးစရာ "နောက်တီးနောက်တောက်" (ဆလိုင်းလွမ်း၊ ကံမိုးဆန်း၊ အောင်ကျော်ကျော်၊ စန်းစန်းမော်) (ဒါရိုက်တာ-ဆလိုင်းမျိုးဝင်းအောင်)
- ၉း၅၀ ကျန်းမာရေးမဂ္ဂဇင်း "အသည်းခြောက်ရောဂါ အကြောင်းသိကောင်းစရာ" (အပိုင်း-၁)
- ၉း၄၀ MRTV Travelogue
- ၁၀း၀၀ Sunday Talk
- ၁၀း၃၀ မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
- ၁၁း၀၀ လှပစုံလင်အာဆီယံတစ်ခွင်
- ၁၁း၀၅ ကဗျာရိပ်မြဲ "အပေါင်း"
- ၁၁း၁၅ "မူလတန်းအဆင့်သင်ရိုးသစ် မိတ်ဆက်"
- ၁၁း၃၀ "ဇူလိုင်လအတွက်လပတ် မိုးလေဝသအစီအစဉ်"
- ၁၂း၃၀ This Week's Special Interest
- ၁၂း၄၅ မြန်မာဂန္ဓဝင်ရုပ်ရှင် "ထို့ကြောင့်ဤအရာကို အချစ်ဟုခေါ်သည်" (ကျော်ဟိန်း၊ ခင်သီတာထွန်း) (ဒါရိုက်တာ-ကြီးမြင့်)

ညပိုင်း

- ၅း၄၅ Myanmar National League 2018 ဘောလုံးမြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (Yadanarbon Fc Vs Yangon United Fc)
- ၈း၂၀ လေ့လာရာစုံလင် အမိမြန်ပြည်တစ်ခွင် "စွန့်ပစ်ပစ္စည်းမှသည် လက်မှုအနုပညာရပ်ဆီ" (အုန်းခွဲ)
- ၈း၅၀ "ရခိုင်ပြည်နယ်ပြန်လည် ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ" (၆၆)
- ၉း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြေးမပြေ" (အပိုင်း-၄)
- ၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ "In & Out" (Taiwan ခရီးစဉ်) (အပိုင်း-၇) (လေးဖြူနှင့်အဖွဲ့) -နိုင်ငံခြားဇာတ်လမ်းတွဲ "အကယ်၍သာ" (အပိုင်း-၂) -"မဟာဇနကဇာတ်တော်ကြီး" (၃တိယပိုင်း)

-အစီအစဉ်ပြီး၏။

ကော်ဖီနှင့်ပတ်သက်သည့်တန်ဖိုးမြင့်ထွက်ကုန်များထုတ်လုပ်နိုင်ရေး ကယားပြည်နယ်ဝန်ကြီးချုပ်တွေ့ဆုံ ရှင်းလင်း

လွိုင်ကော် ဇူလိုင် ၇

ရှမ်းပြည်နယ် ရွာင်းမြို့နယ်အခြေစိုက် ကော်ဖီ အဓိကထား၍ ကုန်ကြမ်း၊ ကုန်ချော၊ ထုတ်ကုန်နှင့် အခြားဝင်ငွေရ စားသောက်ကုန်နှင့် လူသုံးကုန် ပစ္စည်းများ ထုတ်လုပ်လျက်ရှိသော အောင်နေလင်း ထွန်းကုမ္ဍဏီမှ ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်နှင့် ဖရူဆိုမြို့နယ်တို့တွင် ကော်ဖီနှင့် ဆက်စပ်ထုတ်ကုန်ပစ္စည်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ဇူလိုင် ၆ ရက် မွန်းလွဲ ၂ နာရီက ကယားပြည်နယ်အစိုးရအဖွဲ့ရုံး Cabinet ခန်းမ ၌ ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် သက်ဆိုင်ရာဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးရာတွင် အောင်နေလင်းထွန်းကုမ္ဍဏီမှ ဥက္ကဋ္ဌကြီးရှင် ရှမ်းတောင်မြင့် ကော်ဖီ လုပ်ငန်းအမည်ဖြင့် ကော်ဖီနှင့် ဆပ်စပ်ပစ္စည်းများအား ထုတ်လုပ်ဆောင်ရွက်နေမှု အခြေအနေကို ရှင်းလင်းတင်ပြပြီး ကယားပြည်နယ် ဒီမော့ဆိုမြို့နယ်နှင့် ဖရူဆိုမြို့နယ်အတွင်း စီမံကိန်းကာလ ငါးနှစ် သတ်မှတ်ပြီး ပြည်သူများနှင့် အကျိုးတူ ဧက ၅၀၀၀၀ ခန့် စိုက်ပျိုးလိုကြောင်း၊ စိုက်ပျိုးရုံမျှမက သက်ဆိုင်ရာ ကုမ္ဍဏီမှ နည်းပညာပေးခြင်း၊ သွင်းအားစုပေးခြင်း၊ ဈေးကွက် ရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ပြည်နယ်အတွင်း ကော်ဖီစိုက်ပျိုးရုံသာ မဟုတ်ဘဲ ထုတ်လုပ်ပြီး တင်ပို့ရောင်းချနိုင်သည်အထိ စက်ရုံများ တည်ထောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကော်ဖီသီးအား သုံးနှစ်မှသာ စတင်ခူးဆွတ်နိုင်မည်ဖြစ်ရာ စိုက်ပျိုးသည့် တောင်သူများ ငွေကြေးခက်ခဲမှုမရှိစေရေး အတွက် ကြားညှပ်သီးနှံများ စိုက်ပျိုးခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ဖရူဆိုမြို့နယ်မှ တောင်သူ ၁၂ ဦး ရောင်းချပေးသည့် အော်ဂဲနစ်ကော်ဖီ ပိသာ ၃၀၀ အား ကော်ဖီထုတ်လုပ်ပြီး ဂျပန်နိုင်ငံသို့ တင်ပို့ရောင်းချခဲ့ရာ ကြိုက်နှစ်သက်ကြောင်းနှင့် လက်ရှိအချိန် ရွာင်းတွင်လည်းကောင်း၊ ဖယ်ခုံမြို့နယ် ပီကင်းကျေးရွာတွင် အပင်ကိုးသိန်းခန့်စိုက်ပျိုးလျက်ရှိကြောင်း တင်ပြခဲ့သည်။

ထိုသို့တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများမှ ဒေသအခြေအနေအရ အောင်မြင်ဖြစ်ထွန်းမှုရှိနိုင်ပြီး ဒေသခံ တောင်သူများအတွက် အခွင့်အလမ်းကောင်းများ ဖြစ်ပေါ်စေနိုင်သဖြင့် ဆောင်ရွက်နိုင်မည့် အခြေအနေများအား ကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများနှင့် ပတ်သက်ပြီး ကြိုဆိုလက်ခံပါကြောင်း၊ တင်ပြချက်များနှင့် ပတ်သက်ပြီး ဆုံးဖြတ်ချက် ချနိုင်သည်အထိ စီမံဆောင်ရွက်ပြီး အစီအမံဖြင့် ပြန်လည်တင်ပြရန်နှင့် သက်ဆိုင်ရာဌာနများမှလည်း ပူးပေါင်း ကူညီဆောင်ရွက်ပေးသွားရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

စိုင်းဥာဏ်လင်းထွန်း

မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မှု ကွင်းဆင်းကြည့်ရှု

ပဲခူး ဇူလိုင် ၇

ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမျူး ဦးမျိုးသိန်းသည် ဇူလိုင် ၆ ရက် နံက်ပိုင်းက သနပ်ပင်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။

တိုင်းဒေသကြီးဦးစီးမျူးသည် မင်းရွာကျောင်းစုကျေးရွာအုပ်စု ကျိုက်မင်းကလော့ကျေးရွာသို့ သွားရောက်ပြီး အဆိုပါကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင် စီမံကိန်းဖြင့် အကောင်အထည်ဖော်လုပ်ကိုင် လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများ လက်တွေ့မြေပြင်တွင်ဆောင်ရွက်လုပ်ကိုင်နေမှုနှင့် ကော်မတီအဖွဲ့ဝင်များမှ ငွေစာရင်းပုံစံစာရင်းဇယားများ ကိုင်တွယ် ဆောင်ရွက်မှုတို့အား ကြည့်ရှုစစ်ဆေးရာ သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှုးက ရှင်းလင်းတင်ပြသည်။

ကျိုက်မင်းကလော့ကျေးရွာသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှစတင်၍ မြစိမ်းရောင်စီမံကိန်းအား ဆောင်ရွက်ခဲ့ရာ ယခုနှစ်သည် တတိယအကြိမ်အဖြစ်ထုတ်ယူဆောင်ရွက်ခြင်းဖြစ်သည်။ အဆိုပါကျေးရွာမှ စိုက်ပျိုးရေးအတွက် ၆၂ ဦး၊ မွေးမြူရေးအတွက် ၈၀ ဦး စုစုပေါင်း ၁၄၂ ဦးမှ ငွေကျပ် ၃၇ ဒသမ ၁ သန်း ထုတ်ချေးထားကြောင်းသိရသည်။ ထို့နောက် တိုင်းဒေသကြီး ဦးစီးမျူးနှင့်အဖွဲ့သည် ရေကျော်ကျေးရွာအုပ်စု ရေကျော်ကျေးရွာတောင်ဘက်ကမ်းတွင် ပြည်ထောင်စုရန်ပုံငွေ ၂ ဒသမ ၄၃ သန်းဖြင့်ဆောင်ရွက်နေသည့် အကျယ်ပေ ၇၅၀၊ အမြင့် ၆ ပေရှိ မြေသားရေကန်ခြံစည်းရိုးကာရံခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

လှမိုး(ပြန်/ဆက်)

ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲကျင်းပ

ရှမ်းရွာသစ် ဇူလိုင် ၇

ဘားအံခရိုင် ရှမ်းရွာသစ်မြို့တွင် အာဇာနည်နေ့ အထိမ်းအမှတ် ကဗျာရွတ်ဆိုပြိုင်ပွဲနှင့်ဆေးရောင်ခြယ်ပြိုင်ပွဲကို ဇူလိုင် ၆ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာန ခန်းမ၌ ပြုလုပ်ခဲ့သည်။

အဆိုပါပြိုင်ပွဲများတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံဦးစီးမျူး ဒေါ်အေးအေးနွဲ့က ကျောင်းသားကျောင်းသူ၊ လူငယ်များအနေဖြင့် အာဇာနည်နေ့ အကြောင်းသိရှိစေရန်နှင့် ဗဟုသုတရရှိစေရန် ရည်ရွယ်၍ ပြိုင်ပွဲကို ပြုလုပ်ပေးခဲ့ခြင်းဖြစ်သည်။

ဆေးရောင်ခြယ်ပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၂၄ ဦးနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၁၃ ဦးတို့က ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ရှမ်းရွာသစ် (ပြန်/ဆက်)

တိုတိုထွာထွာဖတ်စရာ

လျှပ်စစ်ဓာတ်အားလိုင်းကြိုးအသစ်များ လဲလှယ်

ရန်ကုန်

တာမွေမြို့နယ်အတွင်းရှိ ရပ်ကွက်များသို့ လျှပ်စစ်ဓာတ်အားများ လုံလုံလောက်လောက် ဖြန့်ဖြူးပေးနိုင်ပြီး ယူနစ်လော့စ်များ လျော့နည်းစေရေး၊ လျှပ်စစ်ဗို့အားများ ကောင်းမွန်စေရေးနှင့် မိုးတွင်းအခါ၌ လျှပ်စစ်အန္တရာယ်မဖြစ်ပေါ်စေရေးအတွက် မြို့နယ်လျှပ်စစ်ဌာနမှ ဇူလိုင် ၇ နံနက် ၁၁ နာရီက ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက် ဒဂုန်သီရိလမ်းတစ်လျှောက်ရှိ ရှည်ထွေး ဆားဗစ်ကြိုးများအား ရှင်းလင်းပေးခဲ့ပြီး လျှပ်စစ်ဓာတ်အားလိုင်းကြိုးအသစ်များဖြင့် အစားထိုးလဲလှယ်တပ်ဆင်ပေးလျက်ရှိကြောင်း သိရသည်။

နိုင်လင်းအောင်(တာမွေ)

အခြေခံငါးမွေးမြူရေးနှင့်ငါးဆေးထိုးသားဖောက်သင်တန်းဖွင့်

ပဲခူး

ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန သင်တန်းခန်းမ၌ စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနက ဦးဆောင်၍ အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက် သင်တန်း(၁/၂၀၁၈)ဖွင့်ပွဲကို ဇူလိုင် ၆ ရက် ညနေ ၄ နာရီက ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်က သင်တန်းဖွင့်အမှာစကား ပြောကြားပြီး ငါးလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးစိုင်းကျော်မြင့်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ အဆိုပါ သင်တန်းအား ဇူလိုင် ၆ ရက်မှ ၈ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၁၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

တင်စိုး(ပဲခူး)

ဓနုဖြူမြို့နယ်တွင် အခွန်ပညာပေးဆွေးနွေး

ဓနုဖြူ

ဓနုဖြူမြို့နယ်တွင် အခွန်ကောက်ခြင်းနှင့် တံဆိပ်ခေါင်းကပ်နှိပ်ရေး အသိပညာပေးဆွေးနွေးပွဲကို ၇ ရပ်ကွက်ရှိ အခွန်ဦးစီးဌာနရုံးတွင် ဇူလိုင် ၆ ရက် ညနေ ၃ နာရီက ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်ဦးစီးမျူး ဒေါ်မိုးမိုးအေးက ၂၀၁၈ ခုနှစ် ပြည်ထောင်စု အခွန်ကောက်ဥပဒေနှင့်ပတ်သက်သည်များကို ရှင်းလင်းခဲ့ပြီး ဒုတိယမြို့နယ်ဦးစီးမျူး ဦးနေမျိုးအောင်က ရွှေဆိုင်၊ စားသောက်ဆိုင်၊ တည်းခိုခန်းစသည့် လုပ်ငန်းများမှ အခွန်အမှတ်တံဆိပ်ခေါင်း ကပ်နှိပ်ရေးနှင့် ပြည်သူများမှလည်း အခွန်တံဆိပ်ခေါင်းမကပ်သည့်ဆိုင်များအား တိုင်ကြားရေးစသည်များကို အသိပညာပေးဆွေးနွေးခဲ့သည်။ ယင်းဆွေးနွေးပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အောင်သူဟိန်း(ပြန်/ဆက်)

သက်ငယ်မုဒိမ်းမှုကျဆင်းရေးပညာပေးဟောပြော

ရန်ကုန်

ရန်ကုန်တိုင်းဒေသကြီး ခနောင်တိုအရှေ့ရပ်ကွက် ဘုန်းတော်တိုးဓမ္မရုံ၌ ဇူလိုင် ၆ ရက် ညနေ ၅နာရီ ၄၅ မိနစ်က ဆိပ်ကြီးခနောင်တိုမြို့မရဲစခန်း ခေတ္တစခန်းမှူး ရဲအုပ်သိန်းဆန်းဝင်းသည် သက်ငယ်မုဒိမ်းမှုကျဆင်းရေးနှင့် မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြောခဲ့ရာ ဒေသခံပြည်သူ ၄၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

၁၁၈

သတင်းတိုများ

✪ အမေရိကန်ပေါ်ပြယ်ပွင့် တေလာဆွစ်ဟာ ပြီးခဲ့တဲ့ ဇူလိုင် ၄ ရက်မှာတော့ ခါတိုင်းနှစ်တွေလို ပါတီပွဲဆင်နွှဲခဲ့ခြင်းမရှိဘဲ ချစ်သူနဲ့အတူ ကမ်းခြေမှာ အပန်းဖြေခဲ့တာ တွေ့ရပါတယ်။ အမေရိကန်ရဲ့ လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုတဲ့အနေနဲ့ တေလာဆွစ်နဲ့ ချစ်သူ မင်းသား ဂျီးအော်ဝင်နာတို့ဟာ အမေရိကန်အလံမှာ ပါဝင်တဲ့ အရောင်တွေပါတဲ့ ရေကူးဝတ်စုံတွေကို ဝတ်ဆင်ခဲ့တာကိုလည်း တွေ့ရပါတယ်။

✪ ချစ်သူတွေအဖြစ် ပေါ်ပေါ်ထင်ထင် လက်တွဲလာခဲ့ကြတဲ့ ပေါ့ပ်ကြယ်ပွင့် ဂျက်စတင်ဘီဘာနဲ့ ချစ်သူ မော်ဒယ်လ် ဟေးလေးဘော်ဝင်တို့ဟာ လတ်တလောမှာတော့ နယူးယောက်ရဲ့ လမ်းတွေပေါ်မှာ လက်ချင်းတွဲကာ တွေ့ခဲ့ရပါတယ်။ မက်ဟန်တန်မှာရှိတဲ့ ဂျပန်စားသောက်ဆိုင်တစ်ဆိုင်ကနေ ပြန်လည်ထွက်လာတဲ့ ကြယ်ပွင့်စုံတွဲဟာ လက်ချင်းတွဲကာ နယူးယောက်ရဲ့ လမ်းတွေပေါ် လည်ပတ်ခဲ့ကြတာဖြစ်ပြီး ပြီးခဲ့တဲ့လအတွင်းမှာတော့ မိုင်ယာမီအထိ အတူသွားရောက်ခဲ့ကြတာကိုလည်း တွေ့ရပါတယ်။

ကြည့်ရှုသူ သန်း ၁၅၀ ပြည့်ခဲ့ပြီဖြစ်တဲ့ DDU-DU DDU-DU

"BLACK PINK"ရဲ့ နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ် "Square Up"မှာ ပါဝင်သောတေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "DDU-DU DDU-DU"ရဲ့ တေးဗီဒီယိုဟာ လတ်တလောမှာ မှတ်တိုင်သစ် စိုက်ထူနိုင်ခဲ့ပြီဖြစ်ပါတယ်။ ယင်းတေးဗီဒီယိုဟာ ကြည့်ရှုသူပရိသတ် သန်း ၁၅၀ ပြည့်ခဲ့ပြီဖြစ်ကာ ဒီလိုအောင်မြင်မှုကို အချိန်အတိုဆုံးနဲ့ရရှိခဲ့တဲ့ အမျိုးသမီးတေးဂီတအဖွဲ့လည်းဖြစ်လာခဲ့ကြောင်း စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဇွန် ၁၅ ရက်က စတင်ထုတ်လွှင့်ခဲ့တဲ့ "DDU-DU DDU-DU" ဟာ စတင်ထုတ်လွှင့်ခဲ့ပြီးနောက် ၂၁ ရက်ခန့်အကြာမှာတော့ ယူကျူပေါ်မှာ ကြည့်ရှုသူ သန်း ၁၅၀ ပြည့်ခဲ့တာဖြစ်ပါတယ်။ ဒီတေးဗီဒီယိုဟာ မှတ်တိုင်တွေ စိုက်ထူခဲ့တဲ့ အချိန်တိုင်းမှာလည်း စံချိန်သစ်တွေတင်နိုင်ခဲ့တာ တွေ့ရပါတယ်။

အေးပြည့် - ရေးသားသည်


ကျားဝါပေ့ပေ့
ဝိသားစု ကာတွန်းများ
ခရီးသွားလေးက ဘာလုပ်တာလ
တိုင်းထိပ်ပေါ်တက်နေတာလေ...ဒွဲ့ ရှိတယ် တွေ့လား
ဟောတိုင်းထိပ်ပေါ် ရောက်ပြီ
ဟိဟိ
ဘယ်အလုပ်မဆို ဒွဲ့နဲ့ လုပ်ရင် ထိပ်ဆုံး ကိုရောက်မှာကွ
ဝါကွ
ခွပ်
ဘယ်ကောင် တွေ့ပစ်တာလဲ ခရီးသည်ပြီ
သား ကတော့ ထိပ်ပေါ်မ ရောက် ချင်ဘူး..
ဟေ
ထိပ်ပေါ်ရောက် ရင် ခုလိုပဲ အပစ် ခံရမှာမလား
ခက်တာပဲကွာ ခပစ်ခဲ့ ကောင် တွေက ဘယ်ထိထိ ပစ်တာကွ ခြေထောက်.. သင်ပေးသမျှလည်း ခဲထိ ခံရတာပဲကွာ
ခြေးကောင်ကွေးပဲ
?
?

သက်စ...
ရှေ့ဆံရစ်
သမီး တို့ဆီ ကျီ ဆက်ရက် ငါ ဟား၊ ကဏန်း၊ မြေ ကင်း အနံ့ လာတယ်
ဘွား ရေ... ကဏန်းလေး ကို ကြွက်ကိုက်ကိုက်တာ ဖိုက်ကြီး ပေါက်သွားပြီ...
ဟဲ့ အဲဒါ ကဏန်း သား သည် အမေကြီး ပါ၊ သူ့ကလေးတွေကို ကြွက်က အတင်းဝင်ကုန်းတာ၊
ကဏန်ပါကွာ၊
ဥတွေက အများကြီးပေါက်တာ ပါ၊ ကဏန်း ပေါ်မှာ ဖိပြီး လေးတွေကို ဖိုက် အောက်က အခွံထဲမှာ ထည့်ထား တာ...
အမေကြီးက ရင်ခွင်ထဲမှာ တစ်ချိန်လုံး ချီပြီး မွေ့ဖိုက်ကြီး ဘွား လေး သမီး ဘွား တာ လေ၊ အချိန်တန်ရင် တော့ အပြင် ထွက်ကြီး ဂျာဆား တာပေါ့၊
သူတို့က ရေထဲ လည်း သွား ချိုင် တယ် မြေကြီး ပေါ်မှာ လည်း တွင်း ကူးကြီး နေတယ်၊
သူတို့က ဘာဆား သလဲ ဘွား...
ရေထဲက ဖိုးကောင်မှာ ကောင် ရေညှိ ရေမှော်၊ အသား ငါး အနံ့ ဆား တာပဲ၊
ဟား... သိပ်ကြီ၊ မုဒ္ဓန်ခြောက်!!!

ဝမ်းရယ်
ဆရာကြီးသိန်းကိုကတော် ဆရာလွှဲပါတယ်ရှင်
ယမ်းရှင်း-၂၇-ဒဿမ ရှိုင်း ဂျာနယ်-ဆော-ဂျာနယ်ပါတယ်
ပန်း-ပြိုက်ခဲ့မယ့်ဟာ ဆရာ့ဆီ ကြည့်ချင်ပါတယ်
ဆရာ့ဆီ ကြည့်ချင်ပါ
ဆရာ့-ဗဟုသုတနဲ့ ဉာဏ်ဒါလေး ရောင်းစားလေးတယ်
ဟုတ်
ဘယ်လို ဗဟုသုတလဲ-ဟင်
ကျွန်း-မာ-ပညာ-ရေမှု-ခြီးမှုး စတဲ့-ဘဏ်ခုံ ဒါတွေကပဲ ကျယ်
"ဆရာ့ဆီ ခေါ်ရမယ် ရှေ့ဖြတ်ဆွေ ဆောင် ပုံ ဒီလောက် ရှိရဲလေး"
သမီး ဘား ကျလောလို့ ကဒေါ်ယင်ကြည့်ပဲ ရှိနေတာလေး ရုပ်ကြည့်ခွင့်ပြုပါလား
ခင်ဗျား ပါ ဖြစ်ရမ ကျိုးပမ်း


ဝမ်ဝမ်
ရှင်ရဲ့ ဘာလုပ်နေတာလ..
ဖိုးလေ ဝမ်ပြောနိုင်တဲ့ အရောဟစ်ခဲ့ ဖူးတယ်နော..
ဟားဟား- မောင်ကိုထွင်း ကဒီအား ကျပြီး ပျော်ကာ ရယ် တွေ့ လုပ်မနေနဲ့ ဦး...
အစ်ကိုကြီးက မယ့်ကိုလား- လိုက်ကြည့်လေ
မင်းဟာ-သစ်ကိုင်းမှာ ကြိုးတစ်ချောင်းချည် ဟားတာပဲ..
ဟုတ်တယ်လေ ကြိုးလုပ်ပြင် လေကိုက်လို့..
အရမ်းလွယ်နေရင် လေပြင်း ကိုက်နေပြီ..
ကြိုးက ဆိုးနေရင် မီးစွဲကိုပေါ့ဗျ..
ဒီ..
ဟိ..
ဝမ်ဝမ်


ဖိုးဝမ်
ဘာတွေကြည့်ပြီး သဘောကျ နေတာလ... သား ရိုး...
MYANMAR'S GOT TALENT ဘရိုဒူးဆာ့ ကြည့်နေ တာ... ဖေဖေ့ ကို...
ကျယ်ယ်မှာ ရှိတာ... အကောင်းဆုံး အရည် အချင်းတွေကို ဆုပေးပြီ... ကိုင်ရတာ ဖေဖေ့ ကို...
ဒီဒီ့ သားလည်း ထိုကိုရောမှာ ကို
ပေါ်ထွ.
ရှေ့ဆုံး... ဘယ်မှာ ရှိတာလ... ဖေဖေ...
ရှိတာပေါ့ ဖေဖေ..
သား... ဘာ... ဘာ... ဘာ... ကျင်ပေ... ဖေ... ဖေ...
ဒီ..ဂျီ.. ကို ယက်ကမ်းလွှ လျှပ်ရှားတို့ ပြန်...
ဒီ..ဂျီ.. ကို ယက်ကမ်းလွှ လျှပ်ရှားတို့ ပြန်...
ဒီ..ဂျီ.. ကို ယက်ကမ်းလွှ လျှပ်ရှားတို့ ပြန်...
ဒီ..ဂျီ.. ကို ယက်ကမ်းလွှ လျှပ်ရှားတို့ ပြန်...

ကာတွန်းဇာတာ
ဒီလတော့ အိမ်အာသုံးစားရိတ် လက်လက်ကုန် တာပဲ...
မီးဖိုချောင် စရိတ် ကလည်း ကျယ်ကျယ်လို့ မရ ဘူး...
သမီးရေ... ကုန်ကျ စရိတ် ကလည်း မနှည်း ဘူး...
ဝင်ငွေကို တိုးတိုးရှာဖို့ ရှိလာတယ်..
ပျင်ကျပ် ကျောင်းစာအုပ် ဟူခဲ့ဦး...
ဒီတစ်လ လည်း အာမင့်က 'B' ပဲ ရတာပါလား...
အာမင့် 'A' ရတဲ့ လခရှိရင် သမီးလိုချင်တာ ဝယ်လေးမယ်လို့
ဟာ ထားတာ
ဂ် ဆုတော့ ဘာမှ မပျက်ဘူး လာ...
ရမ်းရမ်းမှာ ဒီလ ကုန်ကျစရိတ်တွေ များနေတာကို သိလို့ပါ ရမ်းရမ်း...
ရှိသေ

ပျံလေတဲ့ဌက်ခါး နားခါမှသိ

ကို ဂင် ဩ

ဓာတ်ပုံ– South China Morning Post

ယရာဝါသ ဤလောက၏ မရှောင်နိုင်ရိုး အဂတိတရားဆိုး၏ နောက်ဆုံးပြယုဂ် ပုဂ္ဂိုလ်အဖြစ် မလေးရှားဝန်ကြီးချုပ်ဟောင်း နဂျစ်ရာဇတ်ကို အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးအာဏာပိုင်များက ဇူလိုင် ၄ ရက်တွင် ဖမ်းဆီးလိုက်ပြီး ယင်းနေ့မှာပင် စွဲချက်တင်လိုက်ပြီဆိုသော သတင်းတစ်ပုဒ်ကို ကျွန်ုပ် ဖတ်ရှုရသောအခါ အဂတိလိုက်စားခြင်း ဟူသောအကြောင်းကြောင့် နိုင်ငံရေး ဂုဏ် ကျက်သရေ ပင်လုံးကျွတ်ညွှတ်ဝေခဲ့သူ ပုဂ္ဂိုလ်ကြီးတစ်ဦး ရာဇဝင်ပြောင်ခဲ့ရာမှ ရာဇဝတ်အိုး တုတ်နှင့်ထိုးလေပြီဟု ကျွန်ုပ် တွေးတောမိလေ၏။

စွပ်စွဲခံရ

ရင်ဘတ်စည်တီး ဖတ်ရှုလိုက်ရသော သတင်းတွင် ဖော်ပြထားချက်မှာကား နဂျစ် ထူထောင်ပေးခဲ့သည့် ရန်ပုံငွေတစ်ရပ်မှ ဒေါ်လာငွေ ဘီလီယံပေါင်းများစွာ စာရင်းပျောက်နေမှုအတွက် သူတာဝန်ရှိကြောင်း၊ နဂျစ်သည် နိုင်ငံတော်ဖွံ့ဖြိုးရေးရန်ပုံငွေ 1MDB မှ ဒေါ်လာသန်း ၇၀၀ ကို သူ့အိတ်ကပ်ထဲရောက်အောင် လုပ်ဆောင်ခဲ့သည်ဟု စွပ်စွဲခံထားရကြောင်း ဖြစ်၏တည်း။

နဂျစ်သည် မေလ၌ ရွေးကောက်ပွဲရုံးနိမ့်ခဲ့ရချိန်နောက်ပိုင်း စုံစမ်းစစ်ဆေးမှု ခံယူနေရသူဖြစ်၏။ ခွက်ခွက်လန်အောင် ရုံးနိမ့်ခဲ့ရသော ရွေးကောက်ပွဲရလဒ်သည် ပင်လျှင် အကျင့်ပျက်ခြစားမှုကို ရွံ့ရှာမုန်းတီးနေကြပြီဖြစ်သော မဲဆန္ဒရှင်ပြည်သူတို့၏ ဒဏ်ခတ်မှုတစ်ရပ်ဟု ဆိုနိုင်၏။ သို့ရာတွင် နဂျစ်ကိုယ်တိုင်ကမူ မိမိအမှားမလုပ်ခဲ့ပါဟု ဖြေဆည်၏။

"စွဲချက်တွေ အားလုံးမမှန်ပါ။ မိမိကိုယ်မိမိ ကာကွယ်နိုင်သော အခွင့်အလမ်းတစ်ရပ်ကိုပင် မရခဲ့ပါ" ဟူ၍ နဂျစ်က လူမှုကွန်ရက် တွစ်တာတွင် ဗီဒီယိုဖိုင်တင်ကာ ပြည်သူတို့ထံမှ နားလည်စာနာမှုရရှိရေး ဟစ်ကြွေးခဲ့လေသည်။

နိုင်ငံတော်ဖွံ့ဖြိုးရေးရန်ပုံငွေ 1MDB ဖြင့် ထူထောင်ထားသော SRC ကုမ္ပဏီနှင့် ဆက်နွယ်နေသော ငွေကြေးအရှုပ်တော်ပုံအရ နဂျစ်ကို ကွာလာလမ်ပူရှိ သူ၏နေအိမ်၌ ဖမ်းဆီးခဲ့သည်ဟု အထူးလုပ်ငန်းအဖွဲ့က ကြေညာချက်ထုတ်ပြန်ခဲ့သည်။

နဂျစ်ကို ဖမ်းဆီးခဲ့ခြင်းမရှိမီ လွန်ခဲ့သည့် ရက်သတ္တပတ်များအတွင်း သူ၏ဓနဥစ္စာများကို စီးနင်းရှာဖွေကာ သိမ်းဆည်းခဲ့ပြီးဖြစ်သည်။ ဇွန်လတွင်ပြုလုပ်သော စီးနင်းရှာဖွေမှုတစ်ရပ်တွင် ဒေါ်လာ ၂၇၃ သန်းတန်ဖိုးရှိ ဓနဥစ္စာများကို ရှာဖွေတွေ့ရှိခဲ့ရသည်ဟု ရဲတာပ်ဖွဲ့က ပြောကြားခဲ့သည်။

သိမ်းဆည်းရမိသောပစ္စည်းများတွင် လက်ဝတ်ရတနာများ ပါဝင်သည်။ ယင်းလက်ဝတ်ရတနာများအနက် အဖိုးအနှဲ့အထိုက်တန်ဆုံးပစ္စည်းမှာ ဒေါ်လာ ၁ ဒသမ ၆ သန်းတန် စိန်တစ်ပွင့်ဖြစ်ပြီး ရွှေ ဆွဲကြိုးများကိုလည်း အတူတကွ သိမ်းဆည်းရမိခဲ့သည်။

နဂျစ်ကို ဖမ်းဆီးထိန်းသိမ်းလိမ့်မည်ဟု ကြိုတင်ကောလာဟလများ ပေါ်ထွက်ခဲ့ပြီးဖြစ်ပေရာ သူအဖမ်းခံရမှုအတွက် ပြည်သူတို့မှာ အံ့သြဘနန်းကြီးစွာမဖြစ်ကြသော်လည်း ထိတ်လန့်တုန်လှုပ်မှုနှင့် မယုံကြည်ဖွယ်ရာဖြစ်ရပ်ဆိုးအဖြစ် သံဝေဂရသူများရှိနေကြ၏။ ပွဲလယ်ပြင်ပခရီးမွမ်းကြလည်း ရှုတ်ချနောက်ဆုံးရှိချေ၏ဟူသော သံဝေဂလက်ဘက်ကို အစဉ်အလာသဖွယ် ညည်းချင်းချကြ၏။

အဂတိလိုက်စားမှုများအပေါ် စိတ်ကုန်နေကြသော ပြည်သူများမှာမူ စပါးကြီးမြွေကို လင်းမြွေပတ်သည့်အလား 'ချကုန်ကြပြီ' ဟု ဆိုကြသည်။

နဂျစ်အား ထောက်ခံသူလူတစ်စုက သူ့အားထိန်းသိမ်းထားရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဌာနချုပ်ရုံး အပြင်ဘက်၌ စုဝေးခဲ့ကြပြီး ကန့်ကွက်ဆန္ဒပြခဲ့ကြကာသတင်းထောက်များ တအုန်းအုန်း၊ ရဲသားတွေတရုန်းရုန်းနှင့် ရှိခဲ့ကြလေသည်။

နဂျစ်အား ဇူလိုင် ၄ ရက်မှာပင် ရုံးထုတ်ခဲ့ပြီး စွဲချက်တင်ခဲ့ပေရာ ရှည်လျားပေများသည့် အမှုတွဲစတင်ချေပြီဟု ဆိုနိုင်သည်။

နဂျစ်သည် အာဏာရှိစဉ်အတွင်းမှာပင် အဂတိလိုက်စားမှုစွဲချက်များနှင့် ရင်ဆိုင်ခဲ့ရသော်လည်း အာဏာပိုင်များက အာဏာရှိသူမို့ အပြစ်မယူ လျစ်လျူရှုခဲ့၏။ သို့ရာတွင် သူပတ်သက်နေသော အရှုပ်တော်ပုံနှင့် ပတ်သက်၍ ကမ္ဘာ့နိုင်ငံအချို့တွင် စုံစမ်းစစ်ဆေးမှုများ ယနေ့တိုင်အောင် ပြုနေကြဆဲဖြစ်၏။

1MDB ရန်ပုံငွေကို နဂျစ်က ၂၀၀၉ ခုနှစ်တွင် ထူထောင်ခဲ့သည်။ နိုင်ငံတော်ဖွံ့ဖြိုးရေးရန်ပုံငွေဖြစ်သည့်အားလျော်စွာ မြို့တော် ကွာလာလမ်ပူကို ဘဏ္ဍာရေးအချက်အချာနယ်မြေအဖြစ် ပြောင်းလဲရန်ရည်ရွယ်ခဲ့ပြီး မဟာဗျူဟာမြောက် ရင်းနှီးမြှုပ်နှံမှုမှတစ်ဆင့်စီးပွားရေးဘဝတိုးတက်အောင် ကြိုးပမ်းရန် မျှော်မှန်းခဲ့သည်။

သို့ဖြစ်လင့်ကစား ၂၀၁၅ ခုနှစ်အစောပိုင်းအရောက်တွင် နဂျစ်မှာ မျှောက်မီးခဲကိုင်မိသလို ဖြစ်လာရ၏။ အကြောင်းမူကား ဘဏ်များနှင့် အစိုးရငွေချေးစာချုပ်ဝယ်ယူသူများထံ ပေးအပ်ရန်ရှိနေသော ဒေါ်လာ ၁၁ ဘီလီယံအနက် အချို့မှာ အပြေအလည်မရရှိဘဲ ပြဿနာပေါ်လာရာ အဂတိတရားတည်းဟူသောနွံကြောင့် ရေနောက်ရသည့်ကိန်း ဆိုက်ခဲ့ရ၏။

နိုင်ငံတော်ဖွံ့ဖြိုးရေးရန်ပုံငွေမှ ဒေါ်လာသန်း ၇၀၀ သည် နဂျစ်၏ ကိုယ်ပိုင်ဘဏ်စာရင်းများထဲသို့ ခြေထောက်ပေါက်သလို ဝင်ရောက်သွားခဲ့သည်ဟူ၍ စွပ်စွဲထားသည့် စာလွှာစာတမ်းတစ်ရပ်ကို ကိုးကားလျက် အမေရိကန်၏ အကျော်ဌေးယျသတင်းစာကြီး 'ဝေါစထရီဂျာနယ်' က ဖော်ကောင်လုပ် ဖွင့်ချလိုက်သည်တွင် ကမ္ဘာကျော်ငွေကြေးအရှုပ်တော်ပုံအဖြစ် ဘွားခနဲ ပေါ်လာခဲ့ရသည်ဟူပေ။

လွယ်လျှင်သူကြွယ်ပင်လက်ဆော့

'လွယ်လျှင် သူကြွယ်ပင်လက်ဆော့' ဟူဘိသို့ပင် နဂျစ်ကိုယ်တိုင်လက်ဆော့ခဲ့သလောဟု ဆိုကြကုန်၏။ သို့ရာတွင် နဂျစ်ကမူ 1MDB ရန်ပုံငွေ သို့မဟုတ် အခြားပြည်သူ့ရန်ပုံငွေတစ်ရပ်ရပ်မှ ငွေကြေးကို မသမာမှု မပြုခဲ့ပါဟု ဆို၏။

နိုင်ငံပိုင်ကုမ္ပဏီကြီး၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူကာ ၂၀၀၉ ခုနှစ်မှစ၍ စီးပွားရေးအသွင်ကူးပြောင်းမှုအစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော်ခဲ့ခြင်းမှာ မွန်မြတ်သန့်စင်သည့် ရည်မှန်းချက်ကို လှစ်ဟရာ ရောက်ခဲ့သည်။ သို့တစ်မူကား ကုမ္ပဏီလုပ်ငန်းလည်ပတ်မှု ခြောက်နှစ်မျှ သာကြာမြင့်သေးချိန်တွင် အမေရိကန်ရာထူးသက်တမ်းလယ်ကာလ ဝန်ကြီးအဖွဲ့တွင်း အပြောင်းအလဲပြုလုပ်ရာတွင် ဒုတိယဝန်ကြီးချုပ် ယာဆင်ကို လည်းကောင်း၊ နဂျစ်၏ ခေါင်းဆောင်မှုကို ဝေဖန်လေ့ရှိသူ ဝန်ကြီးများကိုလည်းကောင်း ဖြုတ်ချခဲ့သည်။

နဂျစ်၏ ပုဂ္ဂလိကငွေစာရင်းထဲသို့ ရင်းဂစ်ငွေ ၂ ဒသမ ၆ ဘီလီယံ (ဒေါ်လာသန်း ၇၀၀) ဝင်ရောက်သွားသည်ဆိုခြင်းမှာ နိုင်ငံတော်ရင်းနှီးမြှုပ်နှံရေးရန်ပုံငွေမှ ငွေကြေးများမဟုတ်မူ၍ အလှူရှင်များက ပေးအပ်ခဲ့သော ငွေကြေးများသာလျှင်ဖြစ်သည်ဟု ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည်။ သို့ရာတွင်အလှူရှင်များ မည်သူတို့ဖြစ်ကြသည်၊ အဘယ်အတွက်လှူခဲ့ကြသည်ဆိုသော အကြောင်းခြင်းရာများကိုမူ ထုတ်ဖော်ခဲ့ခြင်းမရှိပေ။

ရင်းဂစ်ငွေ ၂ ဒသမ ၆ ဘီလီယံကို လက်ခံရရှိခဲ့ခြင်းမှာ အစ္စလာမ္မစ်နိုင်ငံတော် ထူထောင်ရေးအဖွဲ့ ကျဆုံးစေရန် မလေးရှားအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုအတွက် ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် ဆော်ဒီအာရေဗျနိုင်ငံက လှူဒါန်းခဲ့ပါသည်ဟု အမ်နီ့ပါတီ အထက်တန်းတာဝန်ရှိသူတစ်ဦးက နောက်ပိုင်းတွင် ထုတ်ပြန်ကြေညာခဲ့သည်။ အလားတူလှူဒါန်းမှုများကို ဖိလစ်ပိုင်ရှိမွတ်စလင်အသိုက်အဝန်းနှင့် ထိုင်းတောင်ပိုင်းရှိ မွတ်စလင်အသိုက်အဝန်းတို့က ပြုလုပ်ခဲ့သေးသည်ဟု ဆိုသည်။

ယင်းလှူဒါန်းမှုများသည် နဂျစ်ထံသို့ ပုဂ္ဂိုလ်ရေးအရ လှူဒါန်းခြင်းဖြစ်သဖြင့် သူ၏ ကိုယ်ပိုင်ဘဏ်စာရင်းများအတွင်းသို့ ငွေကြေးများဝင်ရောက်ခဲ့သည်ဟု အကြောင်းပြခဲ့သည်။

ငွေကြေးအရှုပ်တော်ပုံမှာ ရင်လျှိုက်သည်းဖို ပွေလီလာခဲ့သည်။ နဂျစ်၏ပါတီမှ ကိုယ်စားလှယ်တစ်ဦးက နဂျစ်အား တရားစွဲဆိုခဲ့ရာမှ ပဋ္ဌိပက္ခ ကြီးထွားလာသည်။ အလှူငွေများလက်ခံရရှိခြင်းနှင့် ပတ်သက်၍ နဂျစ်က ဂေါပကဆိုင်ရာ တာဝန်ဝတ္တရားများအတိုင်း ဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည်ဟု စွပ်စွဲကာ တရားစွဲဆိုခြင်းဖြစ်သည်။

နဂျစ်ပါဝင်ပတ်သက်နေသော အဂတိလိုက်စားမှုနှင့်စပ်လျဉ်း၍ အမေရိကန်ပြည်ထောင်စုတွင် စုံစမ်းစစ်ဆေးလျက်ရှိသည်ဟု နယူးယောက်တိုင်းမ် သတင်းစာက ၂၀၁၅ ခုနှစ် စက်တင်ဘာလအတွင်းဖွင့်ဟလိုက်ရာ ကမ္ဘာကျော်အရှုပ်တော်ပုံကြီးသည်ကလောက် ရှုပ်ထွေးလှပါတကားဟု ပြည်သူတို့ စုတ်တသပ်သပ် ဖြစ်ခဲ့ကြရပြန်သည်။

နဂျစ်၏ ပုဂ္ဂလိကဘဏ်စာရင်းများထဝင်ရောက်သွားသော 'အလှူငွေများ' ဟုဆိုသော ငွေကြေးများကိစ္စကိုအကြောင်းပြု၍ လွှတ်တော်အတွင်း အချင်းများခဲ့ကြပြီး လျှင် အတိုက်အခံအမတ်များက နဂျစ်အား အယုံအကြည်မရှိ အဆိုတင်သွင်းခဲ့ကြသေးသည်။

ပုဂ္ဂလိကဘဏ်စာရင်းသို့ ငွေကြေးများ ဝင်ရောက်ခဲ့ပုံနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုကို ရှေ့နေချုပ်ရုံးက ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် ရုပ်သိမ်းခဲ့သည်။ နဂျစ်၏ ဖြုတ်ချမှုကိုခံခဲ့ရသော ရှေ့နေချုပ် ပါတီး၏နေရာတွင် အစားထိုးခန့်အပ်ခံရသူ အပန်ဒီက နဂျစ်ဘက်မှ အကာအကွယ် ပေးခဲ့သည်။

ဗြိုကွဲလေဗြီ

ရင်တမမဖြင့် စောင့်ကြည့်ခဲ့ကြရသော ကမ္ဘာကျော်အရှုပ်တော်ပုံကြီး၏ ပင်မဇာတ်ကောင်ကြီး နဂျစ်မှာ မေလတွင် ရွေးကောက်ပွဲရုံးနိမ့်မှုနှင့်အတူ သူ၏အာဏာများအစိတ်စိတ်အမြွှာမြွှာ ပြိုကွဲခဲ့ရလေပြီ။ နိုင်ငံရေးဇာတ်ခုံပေါ် နှစ်ပေါင်းရှည်ကြာရှိနေခဲ့ပြီးနောက် ပတ်စာခွာ ဖျာသိမ်းရချိန်တွင် နဂျစ်ရင်ဆိုင်လာရသည်မှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအာဏာပိုင်များဖြစ်၏။

'ပျိုးပင်ကောင်းလျက် ပိုးကဖျက်' ဟူဘိသို့ပင် ကောင်းမြတ်သောရည်မှန်းချက်များနှင့်အတူ အကောင်အထည်ဖော်ခဲ့သော နိုင်ငံတော်ဖွံ့ဖြိုးရေးရန်ပုံငွေသည် 'အဂတိတရား' တည်းဟူသော ပိုးဖ၏ဖျက်ဆီးမှုကြောင့် ပြည်သူ့ဘဏ္ဍာ ဆုံးရှုံးခဲ့ရခြင်းရှိ-မရှိ တရား ဥပဒေက အမှန်အကန် အဆုံးအဖြတ်ပေးမည့်အချိန်ကာလကို နဂျစ်စတင်ဖြတ်သန်းနေပြီဟု တွေးတောမိရင်း "ပျံလေတဲ့ဌက်ခါး နားခါမှသိ" ဟု ကျွန်ုပ် ကျူးရင့်မိပါသတည်း။

Ref: Malaysia 1MDB: EX-PM Najib arrested by anti-corruption officials.

သစ်တောဦးစီးဌာနနှင့် ဒိန်းမတ်နိုင်ငံသံရုံးတို့ ပူးပေါင်း၍ ဒီရေတောသစ်မျိုး သစ်ပင်စိုက်ပျိုးပွဲကျင်းပ

ကျောက်ဖြူ ဇူလိုင် ၇

ပင်လယ်ကမ်းရိုးတန်းနေ ပြည်သူလူထုက ရာသီဥတု ပြောင်းလဲမှုနှင့်အညီ လိုက်လျောညီထွေရပ်တည်နိုင်ရန်အတွက် သစ်တောဦးစီးဌာနနှင့် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံသံရုံးတို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သည့် "ပင်လယ်ကမ်းရိုးတန်းနေ ပြည်သူလူထုက ရာသီဥတုပြောင်းလဲမှုနှင့်အညီ လိုက်လျောညီထွေရပ်တည်နိုင်ရန်အတွက် ဒီရေရောက်သစ်တောများကို စနစ်တကျ စီမံအုပ်ချုပ်လုပ်ကိုင်ခြင်းစီမံကိန်း" မှ ကျင်းပသည့် ဒီရေတောသစ်မျိုး သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ရမ်းပြဲမြို့နယ် ပိန္နဲတောင်ခြေ မင်းကြောင်းတံတားအနီး မင်းကြောင်း တိုးချဲ့ကြိုးပြင်ကာကွယ်တော၌ ယနေ့ နံနက် ၉ နာရီတွင် ကျင်းပခဲ့သည်။

အခမ်းအနားကို အဆိုပါစီမံကိန်း၏ Adviser ဖြစ်သူ Mr. Andres Faaborg Poulsen နှင့် ရခိုင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်၊ ပြည်နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးအောင်ဝင်းထွန်း၊ ကျောက်ဖြူခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးသန်းအောင်၊ ရမ်းပြဲမြို့နယ် အုပ်ချုပ်ရေးမှူး ဦးရွှေလှအောင်နှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၀၀ တက်ရောက်ခဲ့ကြပြီး သမက်ခပြာပင်၊ ကန်မလာ(ခ)ပြားဇီး၊ ပြူးအုပ်ဆောင်း(ခ)တုပ်ပင်၊ ပြူးခြေထောက်အဖို၊ ပြူးခြေထောက်အမ စသော ဒီရေတောသစ်မျိုး အပင် ၁၂၀၀ စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၁) ရဲလေ့ကျင့်ရေးကျောင်း (ရမည်းသင်း)၏ အခြေခံရဲတပ်သားသစ်(အမျိုးသမီး)သင်တန်း အမှတ်စဉ် (၄၅/၂၀၁၈) အောင်ဆန်းတပ်ခွဲ သင်တန်းဆင်းပွဲကို ဇူလိုင် ၆ ရက်က ကျင်းပရာ ကျောင်းအုပ်ကြီး ရဲမှူးကြီး စန်းလွင်က ဆုရသင်တန်းသူတစ်ဦးအား ဆုချီးမြှင့်စဉ်။

ခရိုင်(ပြန်/ဆက်)

တစ်မြို့တစ်ရွာ နည်းပညာပေးဟောပြောပွဲ မော်ဘီ၌ ကျင်းပ

မော်ဘီ ဇူလိုင် ၇

ရန်ကုန်မြောက်ပိုင်းခရိုင် မော်ဘီမြို့နယ် ရိုးဝကျေးရွာတွင် တစ်မြို့တစ်ရွာ ဘက်စုံအဆင့်မြင့် နည်းပညာပေးဟောပြောပွဲနှင့် တောင်သူနည်းပညာပေး ဆွေးနွေးပွဲကို ဇူလိုင် ၆ ရက် မွန်းလွဲ ၁ နာရီတွင် အဆိုပါကျေးရွာရှိ SMU ခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေးဌာနမှ မြို့နယ်ဦးစီးမှူး ဦးထွန်းလွင်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန ဦးစီးမှူး ဦးဟန်နိုင်ကိုနှင့် တာဝန်ရှိသူများက လယ်ယာကဏ္ဍနှင့် သက်ဆိုင်သည့် မြေဆီလွှာစစ်ဆေးခြင်း၊ မျိုးကောင်းမျိုးသန့် သုံးစွဲခြင်း၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်ခြင်းတို့ကို ဆွေးနွေးဟောပြောပို့ချခဲ့ပြီး တောင်သူတစ်ဦးချင်းထားရှိရမည့် မှတ်တမ်းများကို စိုက်ပျိုးရေးနည်းပညာပေးဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့ကြသည်။

မြို့နယ် (ပြန်/ဆက်)

တိုက်ကြီးမြို့နယ် အဖျောက်နယ်မြေ အမှတ် ၃ ရပ်ကွက် ငွေဥဒေါင်းခန်းမအတွင်း၌ ဇူလိုင် ၄ ရက်တွင် အဖျောက်နယ်မြေရဲစခန်းမှူး ရဲအုပ်မျိုးခိုင်က သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေးနှင့် မှုခင်းလျှောနည်းကျဆင်းရေး အသိပညာပေးဟောပြောစဉ်။

ကြေးမုံ

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ၁၄ ရပ်ကွက် မဂ္ဂင်လမ်း အလက ၂ ၌ ဇူလိုင် ၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မှုခင်းပညာပေးယာဉ်ဖြင့် ရန်ကင်းမြို့မ ရဲစခန်းမှ စခန်းမှူးစိုးလှိုင်နှင့် အဖွဲ့က ကျောင်းသား ကျောင်းသူများအား မှုခင်းပညာပေးဆွေးနွေးဟောပြောစဉ်။

ကြေးမုံ

ရော်ဘာမိုးကာ အစေးလှီးနည်းစနစ် သရုပ်ပြ

တိုက်ကြီး ဇူလိုင် ၇

ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူး၍ ရော်ဘာမိုးကာအစေးလှီးနည်းစနစ်ဖြင့် အစေးလှီးသရုပ်ပြပွဲကို တိုက်ကြီးမြို့နယ် ဆင်စခန်းကျေးရွာ ဒေါ်မြခွာညို၏ ရော်ဘာခြံ၌ ဇူလိုင် ၅ ရက်တွင် ကျင်းပခဲ့ရာ စိုက်ပျိုးရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးမိမိစိုးက ရော်ဘာမိုးကာအစေးလှီးနည်းစနစ် ကျင့်သုံးခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးနှင့် ဆောင်ရွက်ရမည့်နည်းလမ်းများကို ရှင်းလင်းပြောကြားပြီး လက်တွေ့သရုပ်ပြ ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ တိုက်ကြီးမြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က တိုက်ကြီးမြို့နယ်အတွင်း ရော်ဘာစိုက်ပျိုးမှုနှင့်ပတ်သက်၍ ပညာပေးဆောင်ရွက်ခြင်းများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော ရော်ဘာခြံရှင်များ၏ မေးမြန်းချက်များကို ပြန်လည်ဆွေးနွေးခဲ့ကြသည်။

ကြေးမုံ

ဇူလိုင်မိသားစု မွေးနေ့ဆုမွန်လွှာ

❖ သားရေ . . .

❖ ဇူလိုင်မိသားစုဆိုတာ သားဘဝအတွက် အမြဲရှိနေမှာပါ . . . လူနာတွေအပေါ် ကိုယ်ချင်းစာတရားထားပြီး သနားကြင်နာစွာ ပြုစုကုသပေးခြင်းဖြင့် သားမေမေကြီးရဲ့ မွေးကျေးဇူးတွေကို ဆပ်နိုင်ပါစေ. . .

ဘွားဘွား - ဒေါ်နွဲ့နွဲ့အေး

သား - ဒေါက်တာကောင်းဆက်စိုး ဇူလိုင် (၈)

ဖေဖေ - ဦးမြင့်စိုး(ဒု-ညွှန်ချုပ်-နတလ) ဇူလိုင် (၂၅)

မေမေ - ဒေါ်လှိုင်လှိုင်မင်း(ကွယ်လွန်) ဇူလိုင် (၂၆)

ကချင်ပြည်နယ်အစိုးရအဖွဲ့ မြစ်ကြီးနားမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်အစိုးရအဖွဲ့၊ ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါငွေလုံးငွေရင်းလုပ်ငန်းများအတွက် (မြန်မာ)ကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ခေါ်ယူအပ်ပါသည်-

စဉ်	လုပ်ငန်းအမည်
၁	နည်းပညာတက္ကသိုလ်(မြစ်ကြီးနား)ကျောင်းဝင်း ခြံစည်းရိုးအုတ်တံတိုင်းကာရံခြင်း၊ (၃၂၉၀'×၆')
၂	မြစ်ကြီးနားတက္ကသိုလ်နယ်နိမိတ် အနောက်ဘက်ပတ်လမ်း ကတ္တရာခင်းခြင်း ပေ(၁၈၉၀'×၁၆')
၃	မိုးကောင်းမြို့နယ်၊ အထက(ခွဲ) နမ္မကျောင်းခြံစည်းရိုး Chain Link ကာရံခြင်း ပေ(၁,၂၀၀'×၅')နှင့် ကျောင်းအဝင်လမ်း ကွန်ကရစ်ခင်းခြင်း ပေ(၃၈၅'×၁၆'×၆")
၄	VIPညှဉ်ကြိုယာဉ်(၁)စီးဝယ်ယူခြင်း (Toyota Landcruiser 2015-2016 Model)

၂။ တင်ဒါပုံစံများစတင်ရောင်းချမည့်ရက် - ၃-၇-၂၀၁၈ရက် (ရုံးချိန်အတွင်း)

၃။ တင်ဒါပိတ်မည့်ရက် - ၂-၈-၂၀၁၈ရက် ၁၂:၀၀နာရီအထိ

၄။ တင်ဒါတင်သွင်းရမည့်နေရာ - ဘဏ္ဍာဌာနစု၊ ကချင်ပြည်အစိုးရအဖွဲ့ရုံး

၅။ သတ်မှတ်ချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ အသေးစိတ်သိရှိလိုပါက ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဖုန်းနံပါတ်-၀၇၄-၂၉၅၄၄၊ ၀၇၄-၂၅၂၄၂၃၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စီစစ်ရေးကော်မတီ
ကချင်ပြည်နယ်အစိုးရအဖွဲ့၊ မြစ်ကြီးနားမြို့

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ ပင်ရွှေညောင်လမ်း၊ မွန်မြတ်မေတ္တာအိမ်ရာဝင်းအတွင်းရှိ ဆပ်သွားဖူးကျောင်း၊ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၂၇၆) ဓမ္မရိပ်သာ၌ ဆရာတော် ဦးဆောင်မှုဖြင့် နှစ်စဉ်အမြဲ (၂)လ (၁)ကြိမ် ကျင်းပလျက်ရှိသော (၁၁၁)ကြိမ်မြောက် (၁၀)ရက်တရားစခန်းပွဲကြီးကို ၁၈-၇-၂၀၁၈ ရက်မှ ၂၇-၇-၂၀၁၈ ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ တရားစခန်း၀င်မည့် ယောဂီများ ၁၇-၇-၂၀၁၈ ရက် ညနေ ၅ နာရီ အရောက်ကြွရောက်ကြပါရန် နှိုးဆော်တိုက်တွန်းအပ်ပါသည်။

ဆက်သွယ်ရန်

ဖုန်း ၀၉-၄၄၈၀၀၇၈၄၃၊ ၀၉-၄၄၃၁၁၇၀၄၈၄၊
၀၁- ၄၀၀၁၈၀

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်ရဲကျော် CDC(No)60900၏ SIDစာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၂၀၂၉၈၃

အမည်မှန်

၇-၇-၂၀၁၈ရက်စွဲဖြင့် ကြေးမုံသတင်းစာ၏ အမှားသိစေရန်ကြေညာတွင်ပါရှိသည့် (အဖ) ဦးဆွဲခမ်းဟိန်း၏ သမီးဖြစ်သူ အမည်မှန်မှာ ဒေါ်နန်းထွေးခမ်း ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ဌေးဌေးလှိုင်၊ ဦးအောင်နိုင်

သင်ကြားပေးသည်

ရန်ကင်းနှင့် အနီးတစ်ပိုက်သာ စာသင်/စာကျက်-ပိုင်း Teaching & Guide ၄/၅/၆/၇/၈-တန်း၊ ဘာသာစုံ/ကြိုက်ရာဘာသာတွဲ။

ဖုန်း-၀၉-၃၃၀၂၅၅၉၃၊ ၀၉-၃၉၉၂၅၅၈၄၆

လူထု
Steel Structure
သံပန်း။ သံတံမြက်။ ဂဲပ်တံမြက်။ အလူမီနီယမ် စတီးလုပ်ငန်း
အမှတ်(၁၄)၊ ၁၆၇-လမ်း၊ တာမရွေ
Ph:09-5031107, 09-5028986, 09-5008411

ဖခင်အမည်မှန်

တောင်ဒဂုံမြို့နယ်၊ အထက အမှတ်(၅)၊ ဒဂုံမြို့သစ်တောင်ပိုင်းနေ မခင်သူဇာ [၁၂/ဒဂဆ(နိုင်)၀၁၇၈၂၇]၏ ဖခင်အမည်မှန်မှာ ဦးစန်းလွင် [၁၂/လကန(နိုင်)၀၃၃၀၈၆] ဖြစ်ပါသည်။

ဦးစန်းလွင်

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သယ်နင်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ ဘုရင့်နောင်လမ်းနှင့်ဘုရင့်နောင်(၁)လမ်းထောင့်၊ အမှတ်(၃/၀)၊ (၃)ခန်းတွဲ RC(၆)ထပ်တိုက်၏ စတုတ္ထထပ်၊ အခန်းအမှတ်(A-5)၊ ဧရိယာ(၁၄၀၄)စတုရန်းပေ၊ နှစ်(၆၀)မြေဌားဂရန်မြေပေါ်ရှိတိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဒေါ်စမ်းစမ်းလွင်[၁၂/မဂတ(နိုင်)၀၀၃၃၂၅]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဦးဇေယျာကို [၆/ဘပန(နိုင်)၀၄၉၇၀၅]၊ ဒေါ်အေးလယ်လယ် [၁၂/ရကန(နိုင်)၀၀၁၇၂]တို့က အပြီးအပိုင်ဝယ်ယူရန် အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဇေယျာကို၊ ဒေါ်အေးလယ်လယ်တို့၏ လွှဲအပ်ညွှန်ကြားချက်များအရ-

ဦးဝင်းမင်းဖိုး	**ဒေါ်သူဇာကျော်**
(LL.B),WIPO (Switzerland)	LL.B,D.B.L,D.LL,WIPO (Switzerland)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၆၆၄)	**အထက်တန်းရှေ့နေ (စဉ်-၄၆၀၅၁)**
Ph:01-246869, 09-450023651	Ph:09-254508917

Level (၅၆၇၊ဧ)၊ တာဝါ(၂)၊ HAGL Myanmar Center Tower၊
အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြို့နယ်(မြောက်ပိုင်း)၊ (၄၄)ရပ်ကွက်၊ ကျောက်စိမ်း(၇)လမ်း၊ အမှတ်(၈၈၈)တွင်ခေါ်တွင်သော အကျယ်အဝန်း ပေ(၄၀×၆၀)ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းတွင် အမည်ပေါက် ဦးညွှန့်စိန်အမည်ဖြင့် မှတ်သားတည်ရှိသည့် နှစ်(၆၀)ဂရန်မြေကွက်နှင့်အိမ်အား ဒေါ်ဝင်းမြင့်[၁၀/သထန(နိုင်) ၀၁၇၀ ၉၉၂]၏ တရားဝင်ကိုယ်စားလှယ်လွှဲစာအမှတ်(၄)အဖြစ် လွှဲစာရရှိထားသူ ဒေါ်ယဉ်မင်းပိုက် [၁၂/ဥကတ(နိုင်)၁၄၂၀၇၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှ(၅)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဒေါ်လွင်လွင်ထွေး
အထက်တန်းရှေ့နေ
(စဉ်-၃၈၅၀၉)
ဖုန်း-၀၉-၅၁၂၀၈၂၃

ဝန်ထမ်းအမြန်အလိုရှိသည်

- စာရင်းကိုင် မ(၃)ဦး
  ကွန်ပျူတာကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။
- ယာဉ်မောင်း ကျား/မ(၃)ဦး
  အသက်(၂၅-၅၅)အတွင်း
  လိုင်စင်သက်တမ်းအနည်ဆုံး(၃)နှစ်ရှိရမည်။

အမှတ်(၇၅)မြေညီ၊ ၁၄လမ်း(အလယ်)၊ လမ်းမတော်မြို့နယ်။
Ph:09 785122233,09 975122233

(ဒဂုံမြို့သစ်)

ဆိပ်ကမ်း၊တောင်ပိုင်း
မြေကွက်များ၀ယ်လိုသည်
Ph:09 43083879

မီးဘေးရှောင် မလောင်ခင်တား

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Terminal 2 ရှိ လေကြောင်းလိုင်းများ
ဇူလိုင်လ (၇)ရက်နေ့မှ စတင်၍ Terminal 1 သို့ ပြောင်းရွှေ့ပြောင်းထွေလွှားမည်ဖြစ်ပါသည်။

FROM 7 JULY 2018

Biman BANGLADESH AIRLINES	T1	B6 060	Arrival	15:30
		B6 061	Departure	16:15

Check-in	Row C Counter 11,12,13
Time	Open 13:45, Close 15:45

FOLLOWED PROGRESSIVELY BY:

AIR INDIA · 中華航空 CHINA AIRLINES · Jetstar · myanmar national airlines · malaysia AIRLINES · NOK AIR · QATAR AIRWAYS القطرية · THAI · THAI Smile · vietjetAir.com

For More Updates

www.facebook.com/yangonairport
01-9670777 (24 hrs Hotline)
Information Counter, T1 (Inside Gate 4)
Airport Assistance Officers

YANGON aerodrome

www.yangonairport.aero

Facebook လူမှုကွန်ရက် စံနှုန်းများ

မြန်မာပြည်က သုံးစွဲသူတွေဟာ နေ့စဉ်နေ့တိုင်း သူတို့အကြောင်းတွေကို သူငယ်ချင်းတွေနဲ့ မျှဝေဖို့၊ကမ္ဘာတစ်ဝန်းကအဖြစ်အပျက်တွေကို အခြားသူတွေရဲ့ အမြင်တွေနဲ့အတူ သိရှိနိုင်ဖို့၊ သူငယ်ချင်းတွေနဲ့ ဆက်သွယ်ဖို့၊ သူတို့ စိတ်ဝင်စားတဲ့ အကြောင်းအရာတွေဖတ်ရှုဖို့အတွက် Facebook ကို အသုံးပြုကြပါတယ်။ ဒီလိုမျှဝေတဲ့အခါ သုံးစွဲသူ အချင်းချင်း လုံခြုံစိတ်ချပြီး လေးစားမှုရှိတဲ့ ပတ်ဝန်းကျင်ဖြစ်နေဖို့ အလွန်ပဲ အရေးကြီးပါတယ်။ ဒါကြောင့် Facebook မှာ ဘယ်လိုအကြောင်းအရာတွေ ခွင့်ပြုတယ်၊ မပြုဘူးဆိုတာတွေကို လူမှုကွန်ရက်စံနှုန်းတွေ အနေနဲ့ ပြဋ္ဌာန်းထားပါတယ်။ Facebook ပေါ်မှာ မရှိသင့်ဘူးလို့ထင်တဲ့ အကြောင်းအရာတွေကိုလည်း Facebook ကို တိုင်ကြားနိုင်ပါတယ်။ တိုင်ကြားချက် အားလုံးကို အမည်လျှို့ဝှက်ထားမှာ ဖြစ်ပြီးတော့ သင်တိုင်ကြားထားတဲ့ အကြောင်းအရာက Facebook ရဲ့ မူဝါဒတွေကို ချိုးဖောက်၊မဖောက် ဆိုတာကိုလည်း ပြန်လည်အသိပေး ပြောကြားပေးသွားမှာ ဖြစ်ပါတယ်။

Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများကို သင်သိပါသလား။

ကျေးဇူးပြု၍ အမုန်းစကား မပြောပါနှင့်။

အွန်လိုင်းပေါ်တွင် အခြားသူများအား အနိုင်ကျင့်ခြင်းနှင့် နှောင့်ယှက်ခြင်းကို တားမြစ်သည်။

ကျေးဇူးပြု၍ အကြမ်းဖက်မှုများနှင့် ခြိမ်းခြောက်မှုများ Post မလုပ်ပါနှင့်။

Facebook စည်းမျဉ်း ချိုးဖောက်သည့် အကြောင်းအရာ အားလုံးကိုတိုင်ကြားနိုင်ပါသည်။ စည်းကမ်းချိုးဖောက်သည့် အကြောင်းအရာတွေ တိုင်ကြားနည်းကို သိနားလည်ရန် www.facebook.com/help/reportlinks ကိုဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

facebook

Learn more at: https://www.facebook.com/safety/resources/myanmar

Ma Thel Nu Soe
Ph : 099692252703

၁၉၆၈ တွင် တက္ကသိုလ်အသီးသီးသို့ ဝင်ခွင့်ရရှိပြီး RASU တွင်
ရူပဗေဒအဓိကဖြင့်ဘွဲ့ရရှိကြသည့်ကျောင်းသူ၊ကျောင်းသားများ၌ရေရတုဒေသိမ်းအမှတ်တွေ့ဆုံပွဲ

ခေါင်းစီးပါကျောင်းသူ၊ကျောင်းသားတို့ဝင်မင်သိကျွမ်းခဲ့ကြသည်မှာနစ်ငါးဆယ်(ရွှေရတု)တိုင်ခဲ့ပြီ ဖြစ်ပါသဖြင့်ပြန်လည်ဆုံဆည်းကြနိုင်ရန်အောက်ပါတွေ့ဆုံပွဲအစီအစဉ်ကိုဆောင်ရွက်နေပါသည်။

တွေ့ဆုံမည့် နေ့ရက်၊ အချိန်- ၉ ရက်၊ ဒီဇင်ဘာလ၊ ၂၀၁၈ ခုနှစ်၊ နံနက် ၁၀ ၊ ၃၀။
တွေ့ဆုံမည့်နေရာ - တက္ကသိုလ်များ မွေးရပ်။

အကျွေးအမွေးအစီအစဉ်ရှိပါသည်။ ရန်ပုံငွေထည့်ဝင်လိုသူများအောက်ဖော်ပြပါ ဘဏ်စာရင်း (သို့မဟုတ်) အောက်ပါ သူငယ်ချင်းများကို ဆက်သွယ်၍ (၃၀ ရက်၊ အောက်တိုဘာလ၊ ၂၀၁၈ ခုနှစ်) နောက်ဆုံးထားပြီး ဆန္ဒရှိသလောက် ထည့်ဝင်ကြပါရန် ပန်ကြားအပ်ပါသည်။

ဘဏ်စာရင်း - Kyaw Kyaw + 1 , AYA Bank, 0070222010014585

ဆက်သွယ်ရန်-မျိုးလွင်(Jack)-095018373, မျိုးအောင်-09425022587, ဝင်ကျော်-09421151280, မျိုးသင်း- 09252159080,သိန်းထိုက်-0943113295, ကျော်ကျော်-09443085902,ကြည်သာမြင့်-0943186009, အေးအေးအောင် - 0951866064, မေစန်း-09422382502,မွမ္ - 0973030339, သန္တာကျော် -095012520

LMA တိုင်းရင်းဆေးပါးမှတ်ပုံတင်အမှတ် TMR 006583 (0118)

လွှင်မြင့်အောင် အမှတ်တံဆိပ်

မြင်းခွာရွက် လက်စက်မြောက်

အကျိုးအကြိုးများ
- အသားအရောင်ရင်းလုပ်ပေခြင်း
- အရေးအကြောင်းများလျော့ပါးစေခြင်း
- အနာကျွက်မြန်စေခြင်း
- သွေးလည်ပတ်မှုအားကောင်းစေခြင်း
- သွေးကြောများကြွပ်ခိုင်မှုကိုကူညီပံ့ပိုးပေးခြင်း
- ဦးနှောက်ကြည်လင်မှတ်ဉာဏ်ကောင်းစေခြင်း
- ဗိုက်ဖိစီးမှုလျော့နည်းစေခြင်း
- လန်းဆန်းခွန်အားမြစ်ဝစေခြင်း
- ထီးရှည်ခြင်း

ခြင်းခွာရွက်စာရင်းထင်၊ ခြင်းခွာရွက်စာထီ၊ လက်ခတ်ခြောက်တို့ခြွင်းချန်ရုပ်ထားပါတည်း။

ISO 9001:2008 နှင့် GMP လက်မှတ်ရလွှင်မြင့်အောင် အင်ဒတ်စထရီရယ်(လ်) ကုမ္ပဏီလိမိတက် အမှတ် (၁၃၀/ဂ)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ် ရန်ကုန်မြို့၊ ဖုန်း- ၀၁-၅၄၈၈၄၄၊ ၀၁-၅၄ခ်ရ၄ဂ၄ မှထုတ်လုပ်သည်။

ကမ္ဘာ့ကြီးမားသော ကုန်စုံဆိုင်များ၊ City Mart (ဆေးကောင်တာ) နှင့် စီးပွားရေး အရောင်းဆိုင်များတွင်လည်း ဝယ်ယူရနိုင်ပါသည်။

မန္တလေးအသင်း (ရန်ကုန်) ဝါဆိုသက်နှီးဆက်ကပ်လျှုဒါန်းပွဲ ဖိတ်ကြားလွှာ

မန္တလေးအသင်း (ရန်ကုန်)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါဆိုသက်နှီးဆက်ကပ်လျှုဒါန်းပွဲကို ၁၅-၇-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အမှတ် (၆၂၈/၆၃၂) ပထမထပ် (Royal Riverview Condo) ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ အသင်းတိုက်ခန်းမဆောင်၌ နိုင်ငံတော်သံဃမဟာနာယကဆရာတော်များအား ပင့်ဆောင်ဆက်ကပ်လျှုဒါန်းမည်ဖြစ်ပါ၍ အသင်းသူ၊ အသင်းသားများ ကြွရောက်ကုသိုလ်ယူကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

လျှုဒါန်းလိုသော အသင်းသူ၊ အသင်းသားများ၊ အလျှုရှင်များ အသင်းရုံးဖုန်း-၃၈၈၆၀၃၊ ၃၇၅၅၉၄ တို့သို့ ဆက်သွယ်လျှုဒါန်းနိုင်ပါသည်။

အမှူဆောင်အဖွဲ့

ရန်ကုန်တိုင်းဒေသကြီး ပအိုင်း(PA-OH) အမျိုးသားဓမ္မာရုံ (၂၅)ကြိမ်မြောက် ဝါဆိုသက်နှီးကပ်လျှုပူဇော်ပွဲ

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပဓာနနာယက ပအိုင်း ဆရာတော်ကြီးများအားအမျှုထား၍ အမှတ်(၃၈)၊ ဗဟန်း၁လမ်း၊ မြို့မရပ်ကွက်၊ ဗဟန်းမြို့နယ်ရှိ ပအိုင်း(PA-OH) အမျိုးသားဓမ္မာရုံတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော (၂၅)ကြိမ်မြောက် ဝါဆိုသက်နှီးကပ်လျှုပူဇော်ပွဲကို (၁၃စဝခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၃ရက်) ၁၅-၇-၂၀၁၈(တနင်္ဂနွေနေ့) နံနက်(၈း၀၀)နာရီမှစ၍ ကျင်းပမည်ဖြစ်ပါသဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် လျှုဒါန်းလိုပါက (ပအိုင်းဓမ္မာရုံအုပ်ချုပ်ရေးမှူး) ဦးခွန်လှကျော်၊ ဖုန်း-၀၁၃၈၀၈၉၇၃၊ ၀၁-၃၇၃၁၁၇၀ ပအိုင်း(PA-OH) အမျိုးသားဓမ္မာရုံသို့ ဆက်သွယ်လျှုဒါန်းနိုင်ပါသည်။

ပအိုင်း(PA-OH) အမျိုးသားဓမ္မာရုံ
ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့
ဖုန်း-၀၁-၃၈၀၈၉၇၃၊ ၀၁-၃၇၃၁၁၇၀

ဦးရာဇမြေ-ပုဏ္ဏားကျွန်းမြို့နယ် လူမှုရေးအသင်း(ရန်ကုန်)

ဦးရာဇမြေ-ပုဏ္ဏားကျွန်းမြို့နယ် လူမှုရေးအသင်း(ရန်ကုန်)၏ (၁၈)ကြိမ်မြောက် သင်းလုံးကျွတ်အစည်းအဝေး၊ ဝါဆိုသက်နှီးကပ်လျှုပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးရ ကျောင်းသား/သူများအားဂုဏ်ပြုပွဲကို ၂၂-၇-၂၀၁၈ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသူ/သားများနှင့် မြို့နယ်သူ/သားများ မပျက်မကွက်တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

နေရာ - စတုဘုဇိုကစာသင်တိုက်၊ ဦးဘကျော်လမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်။
အချိန် - နံနက်(၈)နာရီ

ဂုဏ်ထူးရကျောင်းသား/သူများနှင့် တက္ကသိုလ်ဝင်တန်းအောင်သူများ ၁၅-၇-၂၀၁၈ရက် နောက်ဆုံးထားပြီး ဦးသိန်းလွင် ဖုန်း-၀၉-၉၇၇၂၃၃၃၃၊ ဦးထွန်းအောင်သိန်း ဖုန်း-၀၉-၅၁၀၈၈၅၄၁ ဦးခင်မောင်ရွှေ ဖုန်း-၀၉၅၁၃၇၃၄၄၂တို့ထံတွင် စာရင်းပေးသွင်းကြပါရန်။

ဦးရာဇတောင်စေတီတော်မြတ်ကြီး ဓာတ်လှေကားတည်ဆောက်ရေးလုပ်ငန်းများအတွက် ၎င်းနေ့ရက်တွင် ကုသိုလ်ပါဝင်လျှုဒါန်းနိုင်ပါကြောင်း ကြိုတင်အသိပေးအကြောင်းကြားအပ်ပါသည်။

အမည်မှန်

ပျဉ်းမနားမြို့၊ ပေါင်းလောင်းတို့ချဲ့(၃)၊ (၁၈)လမ်းထိပ်နေ ဦးခိုင်စိုးနှင့် ဒေါ်အေးအေးခိုင်တို့၏ သမီးဖြစ်သူ အထက(၃) သတ္တမတန်းမှ မယွန်းလဲ့နန္ဒာ၏ အမည်မှန်သည် မသွန်းလဲ့နန္ဒာဖြစ်ပါကြောင်း။

မသွန်းလဲ့နန္ဒာ

ပွဲတော်အုပ် ဆန်ဆိုင်
ဈေးဘိုတေါ် ဆန်းနေ့-၆၅၁၀၀ကျပ်
ဒုသိမ်တေါ် ဆန်းနေ့-၅၅၁၀၀ကျပ်
ဒီယာရယ် -၃၃၀၀၀ကျပ်
လက်လီအရောင်းပိုဈေးပါ
☎ :01512443, 0973017656, 095055574

အမြန်ငှားလိုပါသည်

ရွှေပြည်သာမြို့နယ်နှင့် လှိုင်သာယာမြို့နယ်တို့တွင် ဂိုဒေါင်အမြန်ငှားလိုပါသည်။ Container အဝင်အထွက် အဆင်ပြေရပါမည်။ ပိုင်ရှင်များကိုယ်တိုင် ဆက်သွယ်ပေးပါရန်။

ဖုန်း-၀၉-၉၅၀၅၂၀၄၉၉

Since 1986

KMD Institute

Call Now
09770867903

တက္ကသိုလ်ဝင်တန်း၊ IGCSE အောင်မြင်ပြီးသူ ကျောင်းသား၊ ကျောင်းသူများအတွက် University of Greenwich (UK) ကွန်ပျူတာသိပ္ပံဘွဲ့ ၏ ပထမနှစ် ဒီပလိုမာသင်တန်းများအတွက်ပညာတော်သင်ဆုများ ရရှိနိုင်မည့်အခွင့်အရေး .....

- UK နိုင်ငံတွင် Top Ranking University စာရင်းတွင်ပါဝင်သော University of Greenwich ၏ Busines IT Degree ဘွဲ့အတွက် ပထမနှစ် သင်တန်းဖြစ်ပါသည်။
- IT နှင့် Business နှစ်မျိုးစလုံးကို တစ်ပြိုင်နက် သင်ယူလေ့လာနိုင်ခြင်း။
- အလုပ်တစ်ဖက်နှင့် (သို့) အစိုးရတက္ကသိုလ်များမှ ဘွဲ့များနှင့် ပြိုင်တူ International Degree ကို မိမိနိုင်ငံတွင်းမှာပင် အိုးမကွာ အိမ်မကွာ တက်ရောက်နိုင်ခြင်း။
- UK နိုင်ငံရှိ University of Greenwich တွင်ဘွဲ့နှင်းသဘင်အခန်းအနားကို တက်ရောက်နိုင်ရန် စီစဉ်ပေးခြင်း။ Diploma ရရှိပြီးသည်နှင့် အလုပ်အကိုင်ရရှိမည့် အခွင့်အလမ်းများ ဖန်တီးပေးခြင်း။
- English Language ကို သီးသန့်သင်ကြားရန်မလိုပဲ ပထမနှစ်မှ ဘွဲ့ရှုသည်အထိ Assignment နှင့် Project များကို ရေးသားနိုင်ရန် ပါရင့် ဆရာ၊ဆရာမများမှသင်ကြားပြီး အချိန်ပြည့်ကျောင်းတွင် ရှိနေပေးခြင်း။
- CB BANK ဘဏ်၊ AYA Bank ဘဏ်များနှင့် ချိတ်ဆက်၍ သင်တန်းကြေးများကို အရစ်ကျပေးချေနိုင်ရန် စီစဉ်ပေးထားပါသည်။

Higher National Diploma (HND)	14-July-18 (Sat & Sun) 7:00AM - 1:00PM	First Year Diploma in Business IT (L4DBIT)	16-July-18 (Mon-Fri) 11:00AM - 3:00PM

UNIVERSITY of GREENWICH · SQA · NCC education · JAS-ANZ · ISO

၂၀၁၇ - ၂၀၁၈ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများရရှိနိုင်မည့် ပညာတော်သင်ဆုများမှာ

First Year Diploma in Computing (L4DC)
First Year Diploma in Business IT (L4DBIT)

- ဘာသာစုံ ဂုဏ်ထူးရှင် - (၁၅)သိန်း
- ၅ ဘာသာဂုဏ်ထူးရှင် - (၁၂)သိန်းခွဲ
- ၄ ဘာသာဂုဏ်ထူးရှင် - (၁၀)သိန်း
- ၃ ဘာသာဂုဏ်ထူးရှင် - (၇)သိန်းခွဲ
- ၂ ဘာသာဂုဏ်ထူးရှင် - (၅)သိန်း
- ၁ ဘာသာဂုဏ်ထူးရှင် - (၂)သိန်းခွဲ

Higher National Diploma (SQA, UK)
ပညာတော်သင်ဆု - (၉)သိန်းကျပ်

KMD (Myaynigone) : No.331, Pyay Road, Myaynigone, Sanchaung Township, Yangon.
☎ 01- 700895, 381776, 381035, 502233, 527436, 220555

နယ်မှလာသော ကျောင်းသား/သူများအတွက် အဆောင်စီစဉ်ပေးထားပါသည်။

Golden Floor

အဆင့်မြင့် Laminated ပါကေး အရောင်းခန်းမ

* 12 mm အထူရှိပြီး AC 3,4 Grade အပြည့်ပါရှိ၍ ရေစိုခံနိုင်ခြင်း။
* ကိုယ်တိုင်မှာယူတင်သွင်းသောကြောင့် **ဈေးနှုန်းချိုသာပြီး Quality မြင့်မားခြင်း**။
* ကျူခြင်း၊ ကြွခြင်းလုံးဝမရှိ၊ အပူဒဏ်ခံနိုင်၍ သန့်ရှင်းရေးလုပ်ရလွယ်ကူခြင်း၊ ဖြုတ်တပ်ရလွယ်ကူခြင်း။
* ဧရာတိမ်လုပကောင်းမွန်သော ဒီဇိုင်းအမျိုးမျိုးတို့ကို တစ်နေရာတည်းတွင် စုံလင်စွာရွေးချယ်ဝယ်ယူနိုင်ပြီး အိမ်တိုင်ရာရောက် **ခင်ကျင်းမှု အပြီးအစီး** ဝန်ဆောင်မှုကောင်းများဖြင့် လူကြီးမင်းတို့ စိတ်တိုင်းကျသည်အထိ **(နေရာ၊ ဒေသမရွေး)** တိုက်ရိုက်ခင်းကျင်းရောင်းချပေးနေပါသည်။

Hot Line - 09-51 87 887, 09 50 254 23 , 09-51 40 655

အရောင်းခန်းမ (၁) B1-009 ဗညားဒေလလမ်းမကြီး၊ ယုဇနပလာဇာအနီး၊ တာမွေမြို့နယ်။
အရောင်းခန်းမ (၂) လမ်း(၈၀)× (၂၄လမ်း) ထောင့်၊ မန္တလေးမြို့။ 09 40 25 99 800
အရောင်းခန်းမ (၃) ၁၃ × ၁၄ ကြား၊ ညဘော၊ ပြင်ဦးလွင်မြို့။ 09 515 90 60

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၀-ရပ်ကွက်၊ ထွန်းသီရိ(၅)လမ်း၊ အမှတ်(၁၅)ဟုခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့် အရပ်ရပ်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၀၊ မြေကွက်အမှတ်-၂၈၉၊ အုတ်ကျယ်(၅၉ × ၆၀)ပေအနက် တရားဝင်မခွဲမစိတ်ရသေးသောမြေ၏ အရှေ့ဘက်အခြမ်း(၃၉ ×၆၀)ပေ၊ မြေအမျိုးအစား-နှစ်(၆၀)ဂရန်မြေနှင့်ယင်းမြေပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်း၏အမည်ပေါက်ပိုင်ရှင် ဦးကျော်လင်း[၁၂/ဥကမ(နိုင်)၀၂၉၄၆] (CF-087300)ရင်း၏ကိုယ်စား ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်နံ့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၂၂၉၄၁/၂၀၁၃) (၁၄-၁၁-၂၀၁၃)ရရှိသူ ဒေါ်ကြူကြူ[၁၃/လရန(နိုင်)၀၆၉၇၅၈]မှ မိမိတရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုနိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းဦး — **ဦးသန်ဇော်**
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၇၅) — **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)**

အမှတ်(၄၆)၊ ပထမထပ်(၀)၊ မဟာပန္ထလေပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သယံနှီးကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၀၊ လူနေရပ်ကွက် အမှတ်- သုဝဏ္ဏ၊ မြေကွက်အမှတ် - ၁၄၆၊ ရေပိုယာ (၀.၁၁၈) ဧက၊ မြေအမျိုးအစား -နှစ် (၆၀) ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ် (၁၄၆)၊ နှင်းဆီပြုလမ်း၊ ၃၀-ရပ်ကွက်၊ သုဝဏ္ဏ၊ သယံနှီးကျွန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်တို့၏ အမည်ပေါက်ပိုင်ရှင် ဦးတင်မောင်ဝင်း (၁၂/ဗဟန (နိုင်) ၀၃၇၀၈၄)ထံမှ ကျွန်ုပ်တို့မိတ်ဆွေကဝယ်ယူရန် စရံငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုနိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီအရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးကောင်းမြတ်ဇော် (စဉ်-၁၂၇၉၂) — **ဦးသန့်ဇော် (စဉ်-၇၃၄၁)**
တရားလွှတ်တော်ရှေ့နေ — **တရားလွှတ်တော်ရှေ့နေ**

အမှတ် (၄၆)၊ ပထမထပ် (၀)၊ မဟာပန္ထလေပန်းခြံလမ်း။
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်သွယ်ရေးဦးစီးဌာန
B.O.T စနစ်ဖြင့် လူထုအခြေပြုဗဟိုဌာန (Community Centre)
ဆောက်လုပ်ရန် စိတ်ဝင်စားမှုအဆိုပြုလွှာ(EOI)ခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်သွယ်ရေးဦးစီးဌာန၊ ကယားပြည်နယ်၊လွိုင်ကော်မြို့အမှတ်(၃၆)သုခလမ်း၊ မင်းစုရပ်ကွက်ရှိ မြေအကျယ်အဝန်း(၀. ၅၆.၂)ဧကပေါ်တွင် လူထုအခြေပြုဗဟိုဌာန (Community Centre)အဆောက်အအုံ ဆောက်လုပ်ပေးရန်နှင့် ကျန်ရှိမြေနေရာအား B.O.T စနစ်ဖြင့် ဆောင်ရွက်နိုင်ရန်အတွက် ပြည်တွင်းလုပ်ငန်းရှင်များအား စိတ်ဝင်စားမှု အဆိုပြုလွှာ(EOI) တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ လွိုင်ကော်မြို့ မြေနေရာပေါ်တွင် လူထုအခြေပြုဗဟိုဌာန (Community Centre) အဆောက်အအုံဒီဇိုင်းပုံစံကို အခြားအိမ်ရာ အဆောက်အအုံများနှင့် ပုံစံမတူဘဲ ကွဲပြားဆန်းသစ်သည့် ခေတ်မီအဆောက်အအုံ ဒီဇိုင်းပုံစံဖြင့် ဆောက်လုပ်ပေးရမည်ဖြစ်ပါသည်။ သို့ရာတွင် စိတ်ဝင်စားသူ လုပ်ငန်းရှင်အနေဖြင့် ကျန်ရှိမည့် မြေနေရာပေါ်၌ မိမိတို့ ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများတွင် ထိုင်ခုံ (၂၅၀)ဆံ့ DCI Standard တွင် ပါဝင်သော Digital ရုပ်ရှင်ပြစက်ဖြင့် ပြသနိုင်သည့် Digital Cinema Package-DCP ရုပ်ရှင်ရုံ(၁)ရုံကိုပါ ထည့်သွင်းအကောင်အထည်ဖော်ပေးရန် ဖြစ်ပါသည်။

၃။ စိတ်ဝင်စားမှု အဆိုပြုလွှာ(EOI)ပုံစံများကို (၂-၇-၂၀၁၈) ရက်နေ့မှ (၁-၈-၂၀၁၈) ရက်နေ့အထိ ရုံးဖွင့်ရက် (၀၉း၃၀)နာရီမှ (၁۶း၃၀) နာရီအတွင်း အောက်ပါလိပ်စာတွင် တစ်စောင်လျှင် ငွေကျပ် ၁၀၀၀၀်/-နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။ စိတ်ဝင်စားမှု အဆိုပြုလွှာ(EOI)ပုံစံ လာရောက်ဝယ်ယူရာတွင် ကုမ္ပဏီ၏ မှတ်ပုံတင်ကတ်ပြား(သို့မဟုတ်) လုပ်ငန်းလိုင်စင်မိတ္တူ တင်ပြရမည်။

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သရက်တောလမ်း၊ လင်း/မြောက်၊ အမှတ်(၂)၊ မြေညီထပ်နေ (ဦးလှကျော်-ဒေါ်မမြဦး)တို့၏ သားလတ်၊ [ဦးစိန်ထွန်းဦး (ကျန်းမာရေးပြတိုက်မှူး)-ဒေါ်သန္တာဖြူ]တို့၏သားသမက်၊ ဦးဖြူထွန်းစိန်-ဒေါ်ဦးခင်သိန်း(အထပြ-ငြိမ်း)]၊ ဦးသိန်းဝင်း (အလယ်တန်းကျောင်းအုပ်-ငြိမ်း)-ဒေါ်သန်းတင်(အထပြ-ငြိမ်း)တို့၏မောင်၊ (ဦးသံတိုင်)-ဒေါ်မသာနုတို့၏ညီ၊ (ရွှေနေဦးထွန်းဝင်း)-ဒေါ်သိန်းဟန် (အလပြ-ငြိမ်း)၊ ပါမောက္ခ ဒေါက်တာဦးတင့်ဆွေလတ်-ဒေါ်နွဲ့တင်၊ ဦးထွန်းတင်၊ ဦးဝင်းညွှန့် (U.S.A)-ဒေါ်သိန်းညွှန့်(U.S.A)တို့၏ အစ်ကို၊ ဒေါ်သန်းသန်းနွဲ့၏ ခင်ပွန်း၊ ဦးကျော်ခင်(Chief Engineer)သည် ၅-၇-၂၀၁၈ ရက်တွင် စင်ကာပူနိုင်ငံ Farrer Park Hospital ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၁၈ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးကြည်အောင်

အသက် (၆၅)နှစ်

ရန်ကုန်မြို့၊ ကြည်မြင့်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ သိမ်ကြီးလမ်း၊ အမှတ် (၁၀-က)နေ ဒေါ်ခင်ခင်ပြုး(ခ)ဖိုးချိုမ၏ ချစ်လှစွာသောခင်ပွန်း၊ မနှင်းအိဖြူ၊ ကိုသူရအောင်တို့၏ ချစ်လှစွာသော ဖခင်သည် ၇-၇-၂၀၁၈ (စနေနေ့) နံနက် ၇ နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုဿာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၇-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အင်းစိန်မြို့နယ်၊ မြို့သစ် (၈)လုပ်ကွက်၊ ရွှေဝါ (၂)လမ်း၊ အမှတ် (၁၆၂/ခ)၊ ပထမထပ်နေ ဒေါ်ပြုံးပြုံးကြည်၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အနိဋ္ဌ

ပုလောမြို့နယ်အသင်း(ရန်ကုန်)

ဒေါ်ကြင်ထွေး(ပုလော)

အသက် (၈၂) နှစ်

အသင်းဝင်အမှတ်-၂၀၂၃

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ရဲရန်အောင် (၃)လမ်း၊ အမှတ်(၆၂)နေ ဦးစိုးလွင်၏ဇနီးသည် ၆-၇-၂၀၁၈ (သောကြာနေ့) ည ၈း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၇-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (အသင်းမှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

ဦးမြင့်ငွေ(B.A-Philosophy)

တပ်မတော်ချည်မျှင်နှင့်
အထည်စက်ရုံ (ငြိမ်း)၊ သမိုင်း

အသက် (၆၃) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကြီးခရောင်တိုမြို့နယ်နေ (ဦးအေး)-ဒေါ်လှမြင့်တို့၏သားထွေး၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးမောင်ရွှင်-ဒေါ်ခင်ကြည်)တို့၏သားသမက်၊ [ဦးစန်းမြင့်(ဒု-ညွှန်မှူး)၊ ငြိမ်း)၊ ရွှေကောက်ပွဲကော်မရှင်ရုံး)]-ဒေါ်ခင်သန်းဦး၊ (ဦးမြတ်ဌေး)-ဒေါ်မြင့်မြင့်အေး(မှူ/မြ-ငြိမ်း)၊ ခနောင်တို့) တို့၏ညီ/မောင်၊ တူ/တူမ လေးယောက်တို့၏ဦးလေး၊ အင်းစိန်မြို့နယ်၊ မြို့သစ် (၇)ရပ်ကွက်၊ ရွှေဝါ(၂)လမ်း၊ အမှတ် (၁၆၂-ခ)၊ ပထမထပ်နေ ဒေါ်ပြုံးပြုံးကြည်၏ချစ်လှစွာသောခင်ပွန်း၊ မခိုင်ဇာလင်း (Principal of Sumire @ KZL Japanese Language Centre)၊ မောင်ကောင်းထက် ဆက်(B.E Civil, WYTU)၊ မဖူးသဠာမြင့်(6 B.E-E.P, WYTU)တို့၏ချစ်လှစွာသောမွေးသဖခင်သည် ၆-၇-၂၀၁၈ (သောကြာနေ့) နံနက် ၂း၂၀နာရီတွင် သီရိစန္ဒာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၇-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အင်းစိန်မြို့နယ်၊ မြို့သစ် (၇)လုပ်ကွက်၊ ရွှေဝါ (၂)လမ်း၊ အမှတ် (၁၆၂/ခ)၊ ပထမထပ်နေ ဒေါ်ပြုံးပြုံးကြည်၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာကြီး

ဦးကိုကိုကြီး(သံအမတ်ကြီး-ငြိမ်း)

အသက် (၉၂)နှစ်

နာယက-ဇိဝိတဒါနသံဃာ့ဆေးရုံ

ရန်ကုန်မြို့၊ အမှတ်(၁၁-က)၊ သီရိ လမ်း၊ ပါရမီရိပ်သာ၊ ရန်ကင်းမြို့နယ်နေ (ဦးခင်မောင်-ဒေါ်ထွေး)တို့၏ သားကြီး၊ (ဦးစံထွန်း-ဒေါ်ရွှေ)တို့၏ သားသမက်၊ (ဒေါ်ရင်ရင်မြ)၏ခင်ပွန်း၊ ဦးနေဝင်းကြီး-Dr.ချိုချိုကြည်(ခေတ္တ-ဂျာမနီ)၊ Dr.ခင်မကြီး-Dr.နေဝင်း(ခေတ္တ-အင်္ဂလန်)၊ ဒေါ်ခင်လေးကြီး-ဦးကျော်ဆွေတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မောင်ဇာနည်ဝင်းကြီး၊ မကေသီဝင်းကြီး၊ မအေးမြဆွေတို့၏အဘိုးသည် ၇-၇-၂၀၁၈(စနေနေ့) နံနက် ၈း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၇-၂၀၁၈(သောကြာနေ့) နံနက် ၇နာရီမှ ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၇-၂၀၁၈(စနေနေ့) နံနက် ၈း၁၀နာရီတွင် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၇-၂၀၁၈(သောကြာနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးကျော်ဝင်း(ဘဟော်)

အသက် (၈၈) နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ အမှတ်(၆၅/၇၀)၊ သံသုမာလမ်း၊ ချမ်းသာဂုဏ်ရောင်ကွန်ဒို၊ အခန်း (၆၀၅)နေ (ဦးကြိုင်-ဒေါ်မြဆင့်)တို့၏သားကြီး၊ (ဦးခင်-ဒေါ်သန်း)တို့၏ သားသမက်၊ (ဒေါ်မြင့်မြင့်)၏ခင်ပွန်း၊ ဦးညိုဝင်း၏အစ်ကို၊ ဦးဥာဏ်ဝင်း-ဒေါ်စမ်းသီတာ၊ ဦးမြင့်ဝင်း-ဒေါ်သင်းသင်း၊ ဦးဝင်းဌေး-ဒေါ်ခင်မိမိဝင်း၊ ဦးဆွေဝင်း-ဒေါ်မာမာဆွေ၊ ဦးဆွေငြိမ်း-ဒေါ်သီတာကျော်ဝင်းတို့၏မွေးသဖခင်၊ မြေးကိုးယောက်၊ မြစ်ခြောက်ယောက်တို့၏အဘိုး ဦးကျော်ဝင်းသည် ၇-၇-၂၀၁၈ (စနေနေ့) မွန်းလွဲ ၁း၂၀၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၇-၂၀၁၈ (သောကြာနေ့) နံနက် ၆ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာကြီး

ဗိုလ်မှူးခိုင်ဦး(ငြိမ်း) OTS-73 (တန်ဆည်)

အသက် (၅၅) နှစ်

စက်ရုံမှူး၊ အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)

စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နယ်၊ သဲစားကျေးရွာနေ (ဦးလှမောင်-ဒေါ်အုန်းစိန်)တို့၏သား၊ အမှတ်(၁၇)၊ မြို့သစ်(၁)လမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့နေ ဦးသောင်းစိန် (ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း၊ ကုန်သွယ်ရေး)-ဒေါ်ညိုညိုတို့၏သားသမက်၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့၊ ရေနံအရာထမ်းအိမ်ရာ၊ မ-၈၈၁ (ဆင်ကျုံ)နေ ဒေါ်စုစုစိန်၏ချစ်လှစွာသောခင်ပွန်း၊ ဦးဟိန်းဇော်လင်း-ဒေါက်တာအေးစုခိုင်ဦး၊ ကိုရာဇာရှင်းသန့်-မနှင်းစုခိုင်ဦး၊ မမေသင်းခိုင်(စတုတ္ထနှစ်၊ သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်)၊ လှိုင်နယ်မြေ)တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေး သုံးယောက်တို့၏အဘိုးသည် ၆-၇-၂၀၁၈ ရက် ညနေ ၄း၃၀ နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံ၊ မင်္ဂလာဒုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၇-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် သန်လျင်အမိုးနီသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၂၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

မှီးယမ်ကိုပမ်ပန်းတိုင်သမ်စိတ်သမ်လူသမ်ဘဝသမ်

ကန်တော်ကားပြိုက ပြင်ဆင်သော မှတ်တိုင်ကားရပ်စာတမ်းများ၊ တရားရုံးအထောက်အထားဆောင်ရမည်ဖြင့် ဤကြော်ငြာပါသည်နေ့မှစ၍ (၇)ရက်အတွင်း ကန်တော်ကိုင်းခိုးကြောင့်နှင့် ကန်တော်ကမ္ဘာမြိုးက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

စဉ်	လျှောက်ထားသူ		လျှောက်ထားသည်						လျှောက်ထားသည့် အကြောင်းအရာ
	အမည်	မှတ်ပုံတင်	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လိပ်စာ		
၁။	ဦးဝင်းမျိုး	၁၂/လတန(နိုင်)၀၇၅၇၀	အုံကြောက်	၃၁	၇၉၃	ဦးရဲဝင်း	၇၉၃ကိုလိပ်ဧလလမ်း(၁၁)ရပ်ကွက်၊အုံကြောက်		အယူခံပြောင်း
၂။	အေးသင်းသင်းနိုင်	၁၂/ရုကန(နိုင်)၀၇၆၁	အုံကြောက်	၄၀	၉၉၇	အေးမြင့်	၉၉၇ကအောင်သိပ်ပွဲလမ်း(၄၀)ရပ်ကွက်၊အုံကြောက်		အယူခံပြောင်း
၃။	အေးမြင့်မြင့်ကြူ	၁၄/လပတ(နိုင်)၀၇၉၇၃	အုံကြောက်	၁၄၀	၆၄၀	ဦးညွန့်ဆွေ	၆၄၀(၁၄၃)ရပ်ကွက်၊အုံကြောက်မတမ်း		ဂရန်သစ်
၄။	ဦးအောင်ဘောသန်း	၁၂/ဧရန(နိုင်)၀၇၃၇၉	အုံကြောက်	၄၀	၁၁၉/က	အေးမြင့်ညိုစမ်း	၁၁၉/ကဆုယမ်ရိုး(၁၁)လမ်းအရှေ့(၁/ထုပမ်ရိုး)ရပ်ကွက်		အယူခံပြောင်း
၅။	အေးလဲလဲဝင်း	၁၂/ဥတက(နိုင်)၀၆၂၅၀	အုံကြောက်	၄၀	၁၁၁/ခ	အေးညိုညိုစမ်း+၁	၁၁၁/ခစမ်သိုလမ်း(၄၀)ရပ်ကွက်၊အုံကြောက်		ဂရန်ပို့
၆။	အေးသိန်းညိုစမ်း	၁၂/အဂမ(နိုင်)၀ ၆၉၃၅၅	အုံကြောက်	၄၀	၁၁၁/က	အေးညိုညိုစမ်း+၁	၁၁၁/ကမင်းသိုလမ်း(၄၀)ရပ်ကွက်၊အုံကြောက်		ဂရန်ပို့
၇။	အေးတော်ရောက်ဖွန်း	၁၃/ကလတ(နိုင်)၀၃၁၀ရ	အုံကြောက်	၄၂	၄၆၄	ဦးဝင်းစိုး	၄၆၄ဝိုလ်ပင်းဆောင်လမ်း(၄ ၂)ရပ်ကွက်၊အုံကြောက်		အယူခံပြောင်း
၈။	ဦးစိုးကြည်	၁၂/တမန(နိုင်)၀၇ကသ၂	အုံကြောက်	၆၄.စက်မှုရုန်	၇၆	ဦးစိုးလိုင်	၇၆ပမန်းလိုင်လမ်း(၆၄)စက်မှုရုန်ရပ်ကွက်		ဂရန်ပို့
၉။	ဦးမောင်ငယ်ပြင်	၁၂/ရုကန(နိုင်)၀၅၄၀၂	အုံကြောက်	၆.စက်မှုရုန်	၇၅	ဦးစိုးလိုင်	၇၅ရုပမန်းလိုင်လမ်း(၆၄)စက်မှုရုန်ရပ်ကွက်		ဂရန်ပို့
၁၀။	အေးအေးအေး	၁၃/သပန(နိုင်)၀ ၆၃၃၁	အုံအရှေ့	၅	၆၀၅	ဦးတင်ရွှေ	၆၀၅ဝမင်းရဲကျော်စွာလမ်း(၉)ရပ်ကွက်၊အုံအရှေ့		အယူခံပြောင်း
၁၁။	အေးလင်းလင်းဦး	၅/ကလတ(နိုင်)၁၁ကမ္ဘာ	ပြောက်ဥက္ကလာ	၂၂.ရွှေပေါက်ကံ	၅၃	အေးသင်ကျော်	၅၃(၂ ၂)ရပ်ကွက်၊ရွှေပေါက်ကံ၊ပြောက်ဥက္ကလာ		အယူခံပြောင်း
၁၂။	ဦးသန်းမိုး	၆/ကသန(နိုင်)၀၀ရ၅ရ	သာကေတ	၄/ပြောက်	၇၀/ခ	အေးပင့်	၇၀/ခမြို့မ(၁၃)လမ်း(၄.ပြောက်)ရပ်ကွက်		အယူခံပြောင်း
၁၃။	အေးစိုမိုမိုသန်း	၁/ကမတ(နိုင်)၀ရ၅ရ၅	အုံအရှေ့	၃	၆	၆၀၅	၆၀၅(ခ)ရပ်ကွက်၊အုံအရှေ့		အယူခံပြောင်း
၁၄။	ဦးတင်ထိန်ရွှင်+၁	၅/ကလတ(နိုင်)၀၇၆ဂ၅	အုံကြောက်	၄၂	၁၀၅၂	အေးတက်ရွှေ့	၁၀၅ ၂တင်းခန်(၃)လမ်း(၄ ၂)ရပ်ကွက်၊အုံကြောက်		အယူခံပြောင်း
၁၅။	အိန္ဒစုဝင်း	၁/ဗတက(နိုင်)သရ ၂၂	အုံဆိပ်တမ်း	၇၀	၉၀၀+၉၀၁	ဦးစိုးဝင်း	၉၀၀+၉၀၁(၇၀)ရပ်ကွက်၊အုံဆိပ်တမ်း		ဂရန်သစ်
၁၆။	အေးအေးသောက်	၁၄/ပအန(နိုင်)၀၁ရ၅ရ	အုံတောင်	၂၄	၅၀၃	ဦးအောင်ကျော်လင်း+၁	၅၀၃ဝမိုလ်ပန်းလမ်း(၂ ၂)ရပ်ကွက်၊အုံတောင်		အယူခံပြောင်း
၁၇။	အေးခင်ဝိုင်	၁/ကမရ(နိုင်)၀ ၆၉၀	အုံပြောက်	၄၀	၂၄၀	အေးမြင့်+၁	၂၄၀ဝန်သိုလမ်း(၄၀)ရပ်ကွက်၊အုံပြောက်		အယူခံပြောင်း
၁၈။	ဦးမောင်မောင်ပြည်	၁/ဥကမ(နိုင်)၀၆ရ ၂ရ၅	အုံတောင်	၂၄	၁၃၄	ဦးစိုးပြင်	၁၃၄ဘောမဝန်လမ်း(၂ ၂)ရပ်ကွက်၊အုံတောင်		အယူခံပြောင်း
၁၉။	အေးအွှေလိတန်	၁/မဝတ(မြို့)၀၀ဝ၅ဂ၅	အုံဆိပ်တမ်း	၅၀	၅.၂၄	ဦးတင်ဝင်း	၅.၂၄ဗိုမြတ်ကျော်လမ်း(၅၀)ရပ်ကွက်၊အုံဆိပ်တမ်း		အယူခံပြောင်း

ဌာနမှူး၊ မြေပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်ဧည့်ပင်သာယာရေးကော်မတီ

ကန်တော်ကားပြိုက ပြင်ဆင်သော မှတ်တိုင်စာရင်းကတမ်းများ၊ တရားရုံးအထောက်အထားတင်ရမည်ဖြင့် ဤကြော်ငြာပါသည်နေ့မှစ၍ (၇)ရက်အတွင်း ကန်တော်ကိုင်းခိုးကြောင့်နှင့် ကန်တော်ကမ္ဘာမြိုးက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြင့်ပါသည်။

စဉ်	လျှောက်ထားသူ		လျှောက်ထားသည်						လျှောက်ထားသည့် အကြောင်းအရာ
	အမည်	မှတ်ပုံတင်	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လိပ်စာ		
၁။	ဦးသက်လွင်၏SPဦးဒေးစစ်	၁၃/လရန(နိုင်)၀ရ၃ရ၀	အုံတောင်	၁၆၆	၈၀/က	ဦးသက်လွင်	၈၀/က(၁၆၆)ရပ်ကွက်၊အုံတောင်		မြေပုံကူး(အရောင်း)
၂။	အေးဘုံးရင်၏GPရသူဦးထွန်းထွန်း	၁/ဗတန(နိုင်)၀ရ၃ရ၅	ဗဟန်း	၃၅	၄၅	ဦးဘုံးရင်	၄၅ဘဘသနခုလိပ်သာလမ်း(ခ)ဘဘသနခုဝိုလ်သာရပ်ကွက်		ဘဏ်ချေး
၃။	ဦးမြင့်ဝိုး၏SPဒေါ်ယင်မင်းဌေး	၁၀/သထန(နိုင်)၁၆ဂ၁ရ	အုံအရှေ့	၈	တ/၃၅/၃	ဦးမြင့်ဝိုး	တ/၃၅/၃မင်

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း အာဇာနည်ပုံရိပ်လွှာပန်းချီပြိုင်ပွဲ တက်ရောက် ဆုချီးမြှင့်

ရန်ကုန် ဇူလိုင် ၇

ဝန်ကြီးများရုံးဟောင်းပြုပြင်ထိန်းသိမ်းရေးအဖွဲ့က ကြီးမှူးကျင်းပသည့် အာဇာနည်ပုံရိပ်လွှာပန်းချီပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ဝန်ကြီးများရုံး၌ ကျင်းပသည်။

တက်ရောက်ကြ

ဆုပေးပွဲအခမ်းအနားသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် တာဝန်ရှိသူများ၊ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များ၊ ဝန်ကြီးများရုံးဟောင်း ပြုပြင်ထိန်းသိမ်းရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ကျောင်းသားမိဘများနှင့် ဆုရ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ကလေးများအတွက်များစွာအကျိုးရှိ

အခမ်းအနားတွင် ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက လူတိုင်းသည် မိမိနိုင်ငံ၏ သမိုင်းကို သိရှိရမည်ဖြစ်ပြီး ကလေးများ သမိုင်းကိုသိအောင် အကောင်အထည်ဖော်သည့်နေရာတွင် များသောအားဖြင့် ပုံပြင်များနှင့် စတင်အကောင်အထည်ဖော်ရပါကြောင်း၊ နောက်တစ်ဆင့် ပန်းချီရုပ်ပုံ၊ စာဖတ်ခြင်းဖြင့် အကောင်အထည်ဖော်ရမည်ဖြစ်ပြီး စာမတိုင်ခင် သမိုင်းကို ကလေးစိတ်ဝင်စားအောင် ရုပ်ပုံနှင့် ပုံပြင်များသည် အဓိကကျပါကြောင်း၊ ဤပန်းချီပြိုင်ပွဲပြုလုပ်ခြင်းဖြင့် ကလေးများအတွက် များစွာအကျိုးရှိပြီး အမှန်တရားကို သိရှိရန် လိုအပ်ပါကြောင်း၊ ကလေးများ၏ အမှန်တရားလမ်းကြောင်းပေါ်ကို ပညာသားပါပါနှင့် **စာမျက်နှာ ၄ ကော်လံ ၁ သို့ ✻**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ပန်းချီပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသားတစ်ဦးအား ဂုဏ်ပြုဆု ချီးမြှင့်စဉ်။

မြန်မာအမျိုးသမီးအသင်း စင်ကာပူကို ခုနစ်ဂိုးပြတ်အနိုင်ရ ဆီမီးဖိုင်နယ် တက်ရောက်

ပလန်ဘမ် ဇူလိုင် ၇

၂၀၁၈ အာဆီယံအမျိုးသမီးပြိုင်ပွဲ အုပ်စု(ခ) စတုတ္ထနေ့ကို ယနေ့ညနေပိုင်းက အင်ဒိုနီးရှားနိုင်ငံ ပလန်ဘမ်မြို့၌ ကျင်းပရာ မြန်မာအမျိုးသမီးအသင်းသုံးပွဲဆက်အနိုင်ရပြီး ဆီမီးဖိုင်နယ် တက်ရောက်သွားသည်။ မြန်မာအသင်းသည် စင်ကာပူအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ခုနစ်ဂိုးပြတ် အနိုင်ရခဲ့သည်။

အနိုင်သုံးမှတ်ယူ

မြန်မာအမျိုးသမီးအသင်းသည် စင်ကာပူအသင်းကို သက်သောင့်သက်သာကစားပြီး ဂိုးပြတ်နိုင်ပွဲရယူနိုင်ခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် သုံးပွဲစလုံး ကစားသမားအပြောင်းအလဲ ပြုလုပ်ခဲ့သော်လည်း ကစားပုံပျက်မသွားဘဲ လိုအပ်နေသည့် အနိုင်သုံးမှတ်ရယူနိုင်ခဲ့သည်။ ထို့ကြောင့် မြန်မာအသင်းသည် ဗီယက်နမ်နှင့် နောက်ဆုံးပွဲတွင် ပထမနေရာအတွက်သာ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

စင်ကာပူအသင်းသည် မြန်မာအသင်းကို အဘက်ဘက်မှ ယှဉ်ကစားနိုင်ခြင်းမရှိသောကြောင့် ပွဲစကတည်းက ခံစစ်အသားပေးပုံစံဖြင့် ကစားခဲ့ရသည်။ မြန်မာအသင်းသည် ၁၂ မိနစ်တွင် အဖွင့်ဂိုးရခဲ့ပြီး တိုက်စစ်မျှားရိရိဦးက သွင်းယူခဲ့သည်။ **စာမျက်နှာ ၄ ကော်လံ ၆ သို့ ❖**

(၂၃)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ အတွင်းရေးမှူးများအစည်းအဝေး ကျင်းပ

နေပြည်တော် ဇူလိုင် ၇

(၂၃) ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှ ပူးတွဲကော်မတီ အတွင်းရေးမှူးများ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ ကျင်းပသည်။

တက်ရောက်

ဆွေးနွေးပွဲသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှ ပူးတွဲကော်မတီ အတွင်းရေးမှူးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(ငြိမ်း)၊ ဦးအောင်စိုး၊ ဗိုလ်ချုပ်စိုးနိုင်ဦး၊ ဦးဇော်ဌေး၊ ဦးလှမောင်ရွှေ၊ ပဒိုစောတာဒိုမူး၊ ဦးမျိုးဝင်း၊ ဦးစိုင်းငင်း၊ စောမြရာဇာလင်း၊ ဦးမြင့်စိုး၊ ဦးနိုင်ငံလင်း၊ စိုင်းကျော်ညွှန့်နှင့် မင်းကျော်ဇေယျာဦးတို့ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ကဏ္ဍအလိုက် မူဝါဒစာတမ်းများဆွေးနွေးခြင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေးနှင့် မြေယာနှင့်သဘာဝပတ်ဝန်းကျင်ကဏ္ဍ ဆွေးနွေးခြင်း၊ ညီလာခံသဘာပတိကိစ္စ၊ ညီလာခံအတွင်း ကဏ္ဍအလိုက် အစည်းအဝေးနှင့် အစုအဖွဲ့အလိုက် အစည်းအဝေးအခင်းအကျင်းကိစ္စ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေး၏ သဘောတူဆုံးဖြတ်ချက်ချမှတ်ရေးကိစ္စ၊ (၁၆)ကြိမ်မြောက် UPDJC Agenda ကိစ္စ၊ UPDJC Agenda အလိုက် တင်ပြမည့်ပုဂ္ဂိုလ် သတ်မှတ်ရေးကိစ္စတို့ကို ဆွေးနွေးကြသည်။

အဆုံးအဖြတ်ဖြစ်လာ

ယနေ့ဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက "ညီလာခံမှာ နိုင်ငံရေးအရလည်း တစ်ချက်သဘောတူပါတယ်။ ကျန်တဲ့ခြောက်ချက်ကို Option အနေနဲ့ တက်လာတယ်။ အတွင်းရေးမှူးမှာတော့ ဖြတ်လို့မရဘူး။ အဓိက အရေးကြီးတာကတော့ **စာမျက်နှာ ၅ ကော်လံ ၁ သို့ ☆**

(၂၃)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ အတွင်းရေးမှူးများအစည်းအဝေး ကျင်းပစဉ်။

မျိုးဆက်သစ်ရှုထောင့်

ကြေးမုံ

အထူးကဏ္ဍ

ဇူလိုင် ၈၊ ၂၀၁၈ (တနင်္ဂနွေ)

ဝတ္ထုတို

■ မြတ်မင်း(ခြုံကြီး)

သူ စာလေးတစ်စောင် ရေးလိုက်သည်။ တစ်သက်နဲ့တစ်ကိုယ် စာရေးပြီးပြောရလောက်အောင် မိသားစုချင်းမတွေ့ကြ၊ မဆုံကြသည်တော့ မဟုတ်ပါ။ တကယ်တော့ သူ့ဘက်က သာလျှင် မတွေ့ဆုံမိအောင် ဖန်တီးခဲ့မိခြင်းဖြစ်သည်။ သမီးကြီးသည်လည်း သူနှင့်တွေ့ဆုံဝံ့မည်မထင်။

"ခင်မေ သမီးကြီးနှင်းနုလာရင် ဒီစာလေး ပေးလိုက်ပါ"

"ကိုထွန်းငွေရယ် စာတစ်တန်ပေတစ်ဖွဲ့ လုပ်ရလောက်အောင် ဘာအရေးကြီး ကိစ္စမို့လဲတော်" သူခေါင်းရမ်းပြလိုက်သည်။ သူရေးထားသော စာကို သမီးကြီးမှလွဲ၍ ဘယ်သူမှ နားလည်နိုင်မည်မဟုတ်ပါ။ သူနှင့် သမီးကြီး နှင်းနုသာ သိထားသည်။ ဘယ်သူမှ ပြန်ပြောပြဖို့လည်း စိတ်မကူးမိ။ စိတ်ကူးမိသည်ထားဦး သူပြန်ပြောပြမည်မဟုတ်ပါ။

"ထမင်းချိုင့်က မီးဖိုထဲမှာ မေ့နေဦးမယ်"

"အေးပါ ခင်မေရယ်။ နင်သာ သမီးကြီး လာရင် စာပေးဖို့မေ့မနေနဲ့" မိသားစု အပေါ် သိတတ်နားလည်သော သမီးကြီး နှင်းနုကိုလည်း သနားမိသည်။ အရွယ်ရောက်ပါပြီ ဆိုကတည်းက မိသားစုဝန်ကို သူနိုင်သမျှ လုပ်ဆောင်ပေးခဲ့သည်။ ပင်ပန်းစွာ လုပ်ကိုင်နေသော သမီးကြီးအကြောင်းတွေးလိုက်စဉ် သူမျက်ဝန်းထဲမှာ မျက်ရည်တွေ လျှံတက်လာတော့သည်။

× × × × ×

"ကိုထွန်းငွေ နည်းနည်းပါးပါး ကြံပါဦးတော်။ ဒီလကုန်လို့မှ အိမ်လစာ မသွင်းနိုင်ရင် ကျုပ်တို့ ဘယ်မှာသွားနေရမှာလဲ" ခင်မေ စိုးရိမ်တကြီးပြောသော်လည်း သူ ဆေးလိပ်ဖွာမပျက်။ ဆေးလိပ်မီးခိုးတွေကို ကြောင်ငေးကြည့်နေသည်။ မီးခိုးငွေ့တွေက လေထဲမှာ ဝဲလို့ပျံလို့။ သူ့အတွေးတွေလည်း မီးခိုးငွေ့နဲ့အတူ ပျံ့လွင့်နေ၏။

"ကိုထွန်းငွေ။ တော် ကျုပ်ပြောတာကို ကြားရောကြားရဲ့လား" ခင်မေစိတ်မရှည်သည့် လေသံဖြင့် ထပ်မေးရသည်။

"ကြားပါတယ် ခင်မေရာ" သူ့အသံသည် တိုးလျစွာထွက်ပေါ်လာသည်။ ထိုအသံကို မကြိုက်သဖြင့် ခင်မေ မျက်စောင်းထိုးလိုက်ပြီး "ကြားရင်လည်း စကားပြန်လေးဘာလေး ပြောဦးပေါ့။ ကျုပ်ဖြင့် ရူးချင်လာပြီ"

"ငါလည်း အိမ်လခအတွက်ပဲ စဉ်းစားနေတာပါ ခင်မေရာ"

"တော်ပဲ စဉ်းစားသိလား။ နောက်လ အတွက် စာချုပ်မချုပ်နိုင်ရင် တခြားတစ်ယောက်ကို တင်လိုက်တော့မယ်လို့ ဒေါ်အေးစိန်လာပြောသွားပြီ"

ခင်မေပြောမှ သူစဉ်းစားမိပြန်သည်။ အိမ်ငှားတဲ့စာချုပ်က ဒီလနောက်ဆုံး။ ဒီလ အတွက် လစာကိုပင် မပေးနိုင်ဖြစ်နေ၏။ နောက်ထပ် တစ်နှစ်စာအတွက် ခြောက်လစာ သွင်းဖို့ဆိုတာ မလွယ်။ သူစိတ်အိုက်လာသည်။ စောစောက မီးခိုးငွေ့တွေကိုလည်း မငေးနိုင်တော့။

သက်မ ခပ်ပြင်းပြင်းချပြီး ရပ်ကွက်ထဲ ထွက်ခဲ့သည်။ ဘယ်သွားလို့ ဘာလုပ်ရမည်ကို မသိ။ ခြေဦးတည့်ရာ လျှောက်လာမိသည်။ ဝင်းသိန်း အိမ်ဘက်သွားဖို့ စိတ်ကူးမိသည်နှင့် ချက်ချင်းပြန်လှည့်လာသည်။ ရပ်ကွက်သည် တိတ်ဆိတ်ငြိမ်သက်နေ၏။

"ဝင်းသိန်း၊ ဝင်းသိန်းရေ"

သူခြံဝင်းဝက လှမ်းအော်လိုက်သည်။ သို့သော် လူရိပ်လူယောင်ပင်မတွေ့ရ။ လေးငါးခွန်းလောက် ဆက်ခေါ်လိုက်မှ ဝင်းသိန်း၏အိမ်သူဖြစ်ဟန်တူသော မိန်းမ တစ်ယောက်ထွက်လာသည်။ ထို့နောက် ဝင်းသိန်းမရှိကြောင်း၊ အလုပ်သစ်လက်မခံရ သေးကြောင်း ဆက်ပြောသည်။ သူလည်း စကားကြောမရှည်ချင်တာနဲ့ ခေါင်းညိတ်ပြကာ ပြန်ခဲ့သည်။

သူအိမ်ရောက်တော့ သမီးကြီးနှင်းနု ရောက်နေသည်။ သမီးကိုတွေ့မှ ဒီနေ့ သမီးကြီး အလုပ်နားရက်မှန်းသိတော့သည်။ ၁၅ ရက် ပြည့်မှ တစ်ရက်သာ နားရသောအလုပ်။ တစ်လ နှစ်ကြိမ် နားခွင့်ရသော်လည်း အလုပ်နားရက် ရောက်တိုင်း အိမ်အလုပ်တွေနဲ့ လုံးပန်းနေ တတ်သော သမီးကြီးနှင်းနု။ သူ နှင်းနုကို ချစ်သည်။ ချစ်သည်ဟုဆိုခြင်းထက် သနား သည်ဟုဆိုလျှင် ပို၍မှန်ပါလိမ့်မည်။

"ကိုထွန်းငွေ အဆင်ပြေရဲ့လား" ခင်မေ လောဆော်၍ မေးလိုက်သောကြောင့် သူဘာပြန်ပြောရမည်မသိ ဖြစ်သွားသည်။ အိမ်အပူကို သမီးကြီးအား မကူးစက်စေချင်။ ထို့ကြောင့် သမီးကြီးနှင်းနု မရိပ်မိစေရန် သူ၏ နွမ်းလျသော မျက်နှာကို အပြုံးရွှင်ဆုံးဖြစ်အောင် ပြင်လိုက်ရသည်။

"ခင်မေရယ် ပူမနေပါနဲ့ ငါလုပ်ပေးပါ့မယ်။ ဝင်းသိန်းကလည်း အလုပ်သစ်လက်ခံထားပြီ ပြောတာပဲ။ ခုပဲ သူ့ဆီကပြန်လာတာ" သူ့စကားကို နှစ်သက်ဟန်မတူသော မျက်လုံး များဖြင့် ခင်မေကြည့်နေသည်။

"ဒီလအတွက် အိမ်လခရော ကြိုသွင်း ရမယ့် ခြောက်လစာပါ နောက်တစ်ပတ်သမီး ပြန်လာရင် ပေးပါ့မယ်။ အဖေတို့ဘာမှမပူ ပါနဲ့" သမီးစကားကြောင့် သူမျက်လုံးတွေ အရောင်တောက်ပလာသည်။ ခင်မေ့မျက်နှာ ပေါ်တွင်လည်း သောကရိပ်တို့ကင်းဝေးသွား သည်ကို သူသတိပြုမိလိုက်သည်။

× × × × ×

သူ ဝင်းသိန်းအိမ်သို့ ထွက်လာမိသည်။ မျှော်လင့်ချက်ရောင်ခြည်တို့ လင်းလက်နေ သော ခြေလှမ်းများဖြင့် လျှောက်လာမိခြင်း ဖြစ်သည်။ခြံဝင်းတံခါးကို အသာဖွင့်၍ အိမ်ထဲ ဝင်လိုက်သည်။

"ဟာ ကိုထွန်းငွေ လာဗျာ"

ဝင်းသိန်းနှင့် မျက်နှာချင်းဆိုင်နေရာဝင် ထိုင်သည်။

"ကိုထွန်းငွေ အလုပ်သစ်လက်ခံထားတယ် ပြောတာပဲ။ အဲဒါ သွားကြည့်မလို့ ခင်ဗျားလိုက် ခဲ့ပေါ့"

ဝင်းသိန်းက ဆောက်လုပ်ရေးမန်နေဂျာ ဖြစ်သလို သူ့ဌေး၏ လူယုံတစ်ယောက်လည်း ဖြစ်သည်။ အဆောက်အအုံဆောက်လုပ်ဖို့ သူ့ဌေး ကိုယ်တိုင်ပင် လက်ခံထားသော်လည်း ဆောက်လုပ်ရေးအင်ဂျင်နီယာနှင့် ဝင်းသိန်း ကသာ အဆောက်အအုံကြီးရုပ်လုံးပေါ်သည် အထိ တာဝန်ယူလုပ်ကိုင်ရစမြဲ။

သူကို ဝင်းသိန်းနှင့် အင်ဂျင်နီယာကအစ ရင်းရင်းနှီးနှီးဆက်ဆံခြင်းခံရသည်။ ညနေတွင် ဆောက်လုပ်မည့် အဆောက်အအုံနေရာကို သူတို့ သွားရောက်ကြည့်ရှုကြသည်။ သူနှင့် အားလုံးပေါင်း ငါးယောက်ဖြစ်သည်။ ဝင်းသိန်းနှင့် အင်ဂျင်နီယာကိုစောထွန့်က ကားရှေ့ခန်းမှာ စီးသည်။

ပန်းရန်ဆရာနှစ်ယောက်က သူနှင့်အတူ ကားနောက်ခန်းမှာစီးသည်။ လုပ်ကွက်ကြည့်ပြီး အပြန်မှာ ကိုစောထွန့်က အဆိုပြုသည်။

"အလုပ်သစ်ရတဲ့ အထိမ်းအမှတ်နဲ့ ဘီယာဆိုင်သွားပြီး တစ်ခွက်တစ်ဖလား လောက် သောက်ကြရအောင်ဗျာ"

"ကောင်းတာပေါ့။ ဘယ်ဆိုင်ဝင်မလဲ" ဝင်းသိန်းက ထိုအဆိုပြုချက်ကိုထောက်ခံသလို သူနှင့်ပန်းရန်ဆရာ နှစ်ယောက်ကလည်း မငြင်းမိကြ။ သို့နှင့် ဘီယာဆိုင်သို့ရောက်လာ တော့သည်။

× × × × ×

"ကိုစောထွန့် ကျုပ်တို့တွေပင်ပန်းလှပြီဗျာ။ အညောင်းအညာဖြေကြရင် ကောင်းမယ်"

ယခု တစ်ခါအဆိုပြုသူမှာ လူယုံတော် မန်နေဂျာ ဝင်းသိန်းဖြစ်သည်။

"ဒါဆို တံတားဘက်သွားကြတာပေါ့။ လေကောင်းလေသန့်လည်း ရတယ်"

"မဟုတ်ဘူးဗျ။ ကျွန်တော်ပြောတာက အနှိပ်ခန်းကိုပြောတာ။ အလန်းလေးတွေနဲ့။ ကိုစောထွန့်ပြောတဲ့နေရာထက် အများကြီးကွာ တယ်" ဝင်းသိန်းက ဘီယာအရှိန်နဲ့ သူ့ဖန်တီးခဲ့ သမျှဇာတ်လမ်းကို ဖောက်သည်ပြန်ချသည်။ သူလည်းနားစွန့်နေမိသည်။

"အခု လေးငါးရက်လောက်ပဲရှိဦးမယ်။ ကောင်းမလေးတစ်ယောက်နဲ့ အပေးအယူ မျှနေတာပဲ။ ကျုပ်ကလည်း ရှင်းရှင်းပြောထား တာ။နောက်တော့ ဇယားတွေရှုပ်လာမှာစိုးလို့။ နင်လည်းငါ့ကို ကြွေတာမဟုတ်ဘူး။ ငါလည်း နင့်ကို ရင်မခုန်ဘူးဆိုတော့ သူလည်းလက်ခံ တယ်"

"ကိုဝင်းသိန်း ခင်ဗျားက အမိုက်သားပဲဗျ။ ဒါနဲ့ဘယ်ကကောင်မလေးလဲ။ပြောလို့ရလား"

ပန်းရံဆရာ တင့်လွင်ကမေးခြင်းဖြစ်သည်။ သူလည်း အဖြေကိုစိတ်ဝင်တစားရှိသည်မို့ နားထောင်နေလိုက်သည်။

"အနှိပ်ခန်းကဗျ။ သူ့နာမည်က နှင်းနုတဲ့။ ချစ်စရာကောင်းလိုက်တာ။ အာဝါးမဟုတ်ဘူး။ ဟိုရောက်မှ ပြမယ်။ ငါလိုချင်တာပေးမလား။ နင်လိုချင်တာငါပေးမယ်။ မရရင် သွားတော့ပဲ။ သူလည်း လက်ခံတယ်။ ဒါပေမယ့် အဲဒီမှာ ရှိတဲ့ မိန်းကလေးတိုင်း မရဘူး။ ခပ်မာမာပဲ ပြန်ပြောကြတာ။ သူတစ်ယောက်လေးပဲရ တယ်ဆိုပါတော့"

ဝင်းသိန်းစကားလုံးများသည် သူ့ရင်ကို မြားအစင်းပေါင်းများစွာ စူးနစ် တာထက် ခံပြင်းလှသည်။ နှင်းနုဆိုတာ သူ့ သမီး။ သို့သော် သူ့သမီးကြီးနှင်းနုက ဆံပင် အလှပြင်ဆိုင်မှာ။ အခုနှင်းနုက အနှိပ်ခန်း။ ဘာမျှ မဆိုင်။ လူတူမရှား နာမည်တူမရှားဖြစ်တတ် သည်မို့ သူအငယ်နည်းငယ်ဖြေသာသေး သည်။ ရင်ထဲမှာ သမီးကြီးဖြစ်နေမလားဆိုတဲ့ စိုးရိမ်စိတ်ကအပြည့်။

× × × × ×

"အစ်ကိုတို့ အားလုံးဝင်မှာလား။ တစ်ယောက်ကို. . . "

"အင်း တစ်ယောက်တစ်ဆက်ရှင်ပဲ ယူလိုက်မယ်" ညီ့ကြိုကောင်မလေး၏ စကားကို ဝင်းသိန်းကဖြတ်ပြောလိုက်သည်။

ထို့နောက် အသံကိုနှိမ့်၍ တစ်စုံ တစ်ခု ကို မေးပြန်သည်။ အသံက တိုးလွန်း၍ ကောင်မလေးနားလည်ဟန်မတူပါ။

"နည်းနည်းကျယ်ကျယ် ပြောပါလား။ နားမလည်ဘူးရှင့်"

"နှင်းနုရှိလား" ဝင်းသိန်း ပြုံးစစလုပ်ပြီး မေးသည်။ သူလည်း ဝင်းသိန်းပြောသည့် နှင်းနုကိုသိချင်၍ ကောင်မလေး၏အဖြေကို ငုံ့လင့်နေမိတာအမှန်ပင်။

"နှင်းနုက နှစ်ယောက်တောင်ရှိတာ။ တစ်ယောက်က နှင်းနုခင်။ တစ်ယောက်က နှင်းနု။ ဘယ်ပုံစံလေးလဲ ပြောပြပါလား"

ဝင်းသိန်း စဉ်းစားဟန်ပြုပြီးမှ ဖြေသည်။

"မျက်နှာဝိုင်းလေးနဲ့။ ဆံပင် အဖျားပိုင်းက တွန့်ထားတယ်။ ကျောလယ်လောက်တော့ ရှိလိမ့်မယ်"

"ဩော် အဲဒါနှင်းနုခင်ပါ။ သူက ဒီနေ့ အနားယူထားတယ်"

ဧည့်ကြိုကောင်မလေး၏ အဖြေကြောင့် သူပျော်ရသည်။ ဘာမဆိုင်ညာမဆိုင် စိုးရိမ်နေ သော သူ့စိတ်တို့သည်လည်း ပြေလျော့သွား တော့သည်။

ဝင်းသိန်းပြောသည့် နှင်းနုက သူ့သမီး မဟုတ်။ သူကသာစိုးရိမ်ပိုနေခြင်း ဖြစ်သည်။ သူ့သမီးကြီးနှင်းနုက ဆံပင်အလှပြင်ဆိုင်မှာ လုပ်နေမှန်းသိလျက်နဲ့ စိတ်ပူမိခြင်းပင်။

"အန်တီ အဆင်ပြေလား။ နောက်လည်း လာခဲ့နော်" အခန်းငယ်တစ်ခုအတွင်းမှ ထွက် လာသောအသံ။ ထိုအသံကို သူသိသည်။ အသံ လာရာ ကြည့်နေမိသည်။ ထိုအခန်းလေးထဲမှ အသက် ၄၀ မျှရှိသော အမျိုးသမီး တစ်ဦး ထွက်လာသည်။ ထို့နောက်မှာတော့ ခန္ဓာကိုယ်အချိုးအစားကျ၍ လှပသော မိန်းကလေးတစ်ဦး ကပ်ပါလာသည်။

ထိုမိန်းကလေးကို ကြည့်နေမိသည်။ သူမကလည်း သူ့ကိုပြန်ကြည့်လာသည်။ မိန်းကလေးရဲ့လှပသော မျက်လုံးလေးများက အရောင်တလက်လက်ဖြစ်မနေ။ သူ့ကို ကြောင်ငေးပြီးကြည့်နေ၏။

"သမီး နှင်းနု"

သူ့ပါးစပ်မှ ရုတ်တရက်ရေရွတ်လိုက်မိ သော်လည်း အသံက လည်ချောင်းထဲမှာပင် ပျောက်ကွယ်သွားသည်။ ထိုမိန်းကလေး သည်လည်း သူ့ကိုကြည့်၍ ပါးစပ်လှုပ်လိုက် သည်။ ထို့နောက် သူ့မျက်ဝန်းအမှာ အရောင်တွေ လက်လာပြီး တစ်ဖက်အခန်းထဲ ဝင်သွားတော့သည်။ သူမ ပါးစပ်လှုပ်ရုံသာ ပြောသွားသော အသံသည် သူ့နားထဲလွင့်ပျံ့ လာသည်။

"အဖေ. . . "

ထို့နောက် ဝင်းသိန်း၏စကားသံများ။ သူဝင်းသိန်းကို လှမ်းကြည့်လိုက်သည်။ ဧည့်ကြို ကောင်မလေးနှင့် စကားမပြတ်သေး။ သူ့ အဖြစ်တွေကိုလည်း ဘယ်သူမှ သိပုံမရလိုက်။ သူဘယ်သူ့ကိုမှ နှုတ်မဆက်တော့ဘဲ ချက်ချင်း ပြန်ခဲ့သည်။

"အဲဒီမှာရှိတဲ့မိန်းကလေးတိုင်း မရဘူး။ ခပ်မာမာပဲပြန်ပြောကြတာ။ သူတစ်ယောက် လေးပဲ ရတယ်ဆိုပါတော့" ဝင်းသိန်းပြောသလို သမီးကြီးနှင်းနုက လေဆန်မှာပျံ့နေရသော်လည်း လွယ်လွယ်ကူကူ ကြွေလွင့်မည် မဟုတ်မှန်း သူကောင်းကောင်းသိသည်။

× × × × ×

"ကိုထွန်းငွေ ဘာတွေတွေးနေတာလဲ။ သမီးအတွက်ရေးထားတာဆို။ ပေး အဲဒီစာ။ တော်ကြာမေ့သွားဦးမယ်"

ခင်မေ့စကား ကြောင့် စာရွက်ခေါက်လေး ကို ပြန်ဖြေပြီး နောက်ဆုံးတစ်ခေါက်အနေဖြင့် ပြန်ဖတ် လိုက်သည်။

"သမီး လေဆန်မှာပျံ့သန်းနေရပေမယ့် လေဒဏ်ကိုကြံ့ကြံ့ခံနိုင်မှ လုပတဲ့ ခရီးတစ်ခု ကိုရောက်ပါလိမ့်မယ်။ အမြင့်ဆုံးသစ်ပင်တွေ က အားကြီးတဲ့ လေဒဏ်မိုးဒဏ်ကို ရင်ဆိုင်ရင်း သူတို့အရိပ်မှာ ခိုတဲ့သူအပေါင်းအတွက် အေးမြ မှုကိုပေးစွမ်းတယ်ဆိုတာကိုတော့ သမီး နားလည်မှာပါ။ အချိန်မလွန်ခင် ကြွေလွင့် မသွားအောင် သတိထားပါသမီးရယ်"

သမီးကြီး ဒီစာကိုဖတ်ပြီးရင်တော့ သူ ဘာကို ပြောချင်တယ်ဆိုတာ ကောင်းကောင်း နားလည်နိုင်ပါသည်။ ။

ဆောင်းပါး

စိတ်ကို အလှပြင်စေချင်သည်

မောင်ထက်ဝေ(ငှါတရော်)

(တစ်)

ညီမလေးရေ. . .

ညီမလေး ၁၁ နှစ်သမီး အရွယ်လောက်က ဖြစ်မယ်ထင်ပါတယ်။ အစ်ကိုတို့ ရွာမှာ အလျူပွဲတစ်ပွဲက ငှားရမ်းထားတဲ့အတွက် ဇာတ်ပွဲတစ်ပွဲလာကတယ် ညီမလေးရဲ့။ အဲဒီဇာတ်ပွဲကို ငှားတဲ့အလျူရှင်အမည်ကိုရော ဇာတ်ပွဲရဲ့အမည်ကိုပါ ခုထိမှတ်မိနေပါသေးတယ်။

ဒါပေမယ့် မပြောတော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ပုဂ္ဂိုလ်ရေးအရ လူတစ်ဦးတစ်ယောက်ကို ထိခိုက်သွားစေမယ့် အရာမျိုးကို အစ်ကိုမပြောချင်လို့ပါပဲ။ ဇာတ်ပွဲတစ်ပွဲလာကတယ်လို့ပဲ ထားပါတော့လေ။

အဲဒီဇာတ်ပွဲဟာ ပထမတစ်ည ကပြီးတော့ နောက်တစ်နေ့ နေ့လယ်မှာ ဇာတ်ထဲက ခေါင်းဆောင်မင်းသားက မန္တလေးကို ပြန်မလို့ထင်ပါရဲ့။ ဘာအမျိုးအစားလဲတော့ အစ်ကိုလည်းမသိပါဘူး။ ကားအပြာရောင်လေးကို စက်နှိုးနေတယ်။ ကားကို စက်နှိုးနေပေမယ့်လည်း နိုးမလာတာကြောင့် အနီးနားရှိ ရွာက ကလေးတွေကိုခေါ်ပြီး ကားကိုတွန်းခိုင်းတယ်။ ကလေးတွေကလည်း ကားကိုပိုင်းပြီး တွန်းကြပေမယ့်လည်း ကားကစက်နိုးမလာတာကြောင့် မင်းသားက ကားခေါင်းထဲကနေပြီး နောက်ကိုလှည့်ပြီးတော့ ကလေးတွေကို "မတွန်းကြနဲ့တော့"လို့ အော်ပြီး ပြောတယ်။

ဒါပေမယ့် ကလေးဆိုတာ သိတဲ့အတိုင်းပဲလေ. . .

"မတွန်းနဲ့တော့"လို့ အော်နေပေမယ့်လည်း ဆက်ပြီးတော့ တွန်းနေတဲ့အခါမှာ မင်းသားက ကလေးတွေကို မင်း. . . လားလို့ ဆဲလိုက်တယ်။ အဲဒီလို ဆဲလိုက်တဲ့အသံကို အစ်ကို့နားနဲ့ စပ်စပ်ကြားခဲ့ရတယ်။အဲဒီမြင်ကွင်းကို အစ်ကို့မျက်စိနဲ့ မျက်ဝါးထင်ထင်မြင်တွေ့ခဲ့ရတယ်။

(နှစ်)

အဲဒီနေ့ညမှာပါပဲ။

အစ်ကိုပွဲသွားကြည့်တော့ ပြဇာတ်ခန်းကို ရောက်နေပြီ။ တိုက်တိုက်ဆိုင်ဆိုင်ပါပဲ။ မင်းသားကပြနေတဲ့ ပြဇာတ်ကလေးထဲမှာ သူကဘယ်နေရာက သရုပ်ဆောင်လဲဆိုတော့ နယ်စပ်ဒေသက ရွာလေးတစ်ရွာမှာ အသိပညာမဖွံ့ဖြိုးသေးတဲ့ ကလေးတွေ စာသင်ပေးနေတဲ့ ကျောင်းဆရာတစ်ယောက်၊ ကလေးတွေကို စာနာနားလည်တတ်တဲ့ ကျောင်းဆရာတစ်ယောက်အဖြစ် သရုပ်ဆောင်နေတယ်။ မင်းသားရဲ့ သရုပ်ဆောင်မှုဟာ အင်မတန်မှ ကောင်းပါတယ်။ ဒါပေမယ့် သူ့ရဲ့ သရုပ်ဆောင်ပုံကို အစ်ကို အနုပညာမျက်စိနဲ့ ခံစားလို့ မရတာတော့ အမှန်ပဲ ညီမလေးရေ။

ဘာဖြစ်လို့လဲဆိုတော့ နေ့လယ်က ကလေးတွေအပေါ်မှာ ရိုင်းပျစွာ ဆက်ဆံခဲ့တဲ့ သူ့ရဲ့ အပြုအမူတွေကို အစ်ကိုကိုယ်တိုင် မြင်တွေ့ခဲ့ရတဲ့အခါမှာ ခုသူသရုပ်ဆောင်နေတဲ့ သူ့ရဲ့သရုပ်ဆောင်မှုတွေဟာ ဟန်ဆောင်နေတာ၊သရုပ်ဆောင်နေတာပါလို့ သိနေတဲ့အတွက် အစ်ကိုက အနုပညာမျက်စိနဲ့ ခံစားလို့မရနိုင်ခြင်းဖြစ်တယ် ညီမလေးရဲ့။

(သုံး)

အစ်ကိုတို့ ပတ်ဝန်းကျင်မှာ မြင်တွေ့နေရတဲ့ ကောင်လေး၊ ကောင်မလေးတွေကိုလည်း အစ်ကိုက အဲဒီလိုပဲမြင်မိတယ် ညီမလေးရေ။ မိန်းကလေးတစ်ယောက် ဘယ်လောက်ပဲ လှနေပါစေ။ သူ့ရဲ့ ယုတ်မာကောက်ကျစ်တဲ့စိတ်ဓာတ်ကို သိလိုက်ရတဲ့အခါမှာ သူ့ရဲ့ အလှကိုပါခံစားလို့ မရနိုင်တော့ဘူး ညီမလေးရေ။ ညီမလေးလည်း အစ်ကို့လိုပဲ ဖြစ်မယ်လို့ ထင်မိပါတယ်။

အဲဒါကြောင့် ညီမလေးကို အစ်ကိုပြောချင်တာက ရုပ်ကိုအလှပြင်သလို စိတ်ကိုလည်း အလှပြင်စေချင်တယ်ဆိုတာပါပဲ။ ရုပ်က ဘယ်လောက်ပင်လှနေပါစေ စိတ်ကမလှရင် အပေါ်က မောင့်ကျက်သရေ ခေါင်းပေါင်းနဲ့ တိုက်ပုံအကျီနဲ့ ဝတ်စားထားပေမယ့် အောက်က ပုဆိုးမပါတဲ့ လူတစ်ယောက်လို ဖြစ်နေပါလိမ့်မယ်။

အဲဒါကြောင့် အမရပူရမြို့ ကျေးဇူးတော်ရှင်မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး အရှင်ဇနကာဘိဝံသက "ကိုယ်ကျင့်အဘိမဓာ" ဆိုတဲ့စာအုပ်ကလေးထဲမှာ စိတ်ကောင်းရှိဖို့က ပထမလို့ ရေးသားတော်မူခဲ့တာ ညီမလေးလည်း အသိပဲဖြစ်တယ်။

(လေး)

ခုခေတ် မိန်းကလေး၊ ယောကျ်ားလေး တော်တော်များများက ရုပ်ကိုပဲ အလှပြင်နေကြတယ်။ ဘယ်ကိုရီးယားကားထဲမှာ ဘယ်မင်းသားက ဘယ်လိုဝတ်စားထားတာ။ ဘယ်မင်းသမီးက ဘယ်လိုဝတ်စားထားတာ။ ဘယ်ဆံပင်ပုံစံလေးက ဘယ်လို စသည်ဖြင့်ပေါ့လေ။ ဒါလောက်ကိုပဲ အတုယူနေကြတယ်။ ဒါလောက်ပဲ ပြောနေကြတယ်။

ဘယ်ဆရာတော်ဟောတဲ့ တရားလေးကဘယ်လို၊ ဘယ်တရားစာအုပ်ကလေးက ဘယ်လိုရယ်လို့ ပြောတာတော့ အစ်ကိုမကြားဖူးသေးဘူး ညီမလေးရေ။ မနက်လင်းလာရင် မျက်နှာသစ်ပြီး သနပ်ခါးလိမ်းတတ်တဲ့အကျင့် မိန်းကလေးတော်တော်များများမှာ ရှိပေမယ့်လည်း ဘုရားသောက်တော်ရေကပ်၊ ဆွမ်းတော်တင်၊ ပန်းတော်ကပ်တဲ့ မိန်းကလေးများမှာ မရှိသလောက်ပင် ဖြစ်နေပါတယ်။

အဲဒီတော့ ညီမလေးကို အစ်ကိုပြောချင်တာက အထက်မှာ ပြောခဲ့သလိုပါပဲ ရုပ်ကို အလှပြင်သလို စိတ်ကိုလည်း အလှပြင်စေချင်ပါတယ်။ ရုပ်ကလေးကလည်းလှ စိတ်ကလေးကလည်း လှနေမယ်ဆိုရင်တော့ အတိုင်းထက်အလွန်ပါပဲ။ ရုပ်ကလေးက မလှပေမယ့်လည်း စိတ်ကလေးက လှနေတဲ့အခါမှာ စိတ်ရဲ့ရောင်ပြန်ဟပ်မှုကြောင့် မျက်နှာလေးကလည်း ကြည့်ကောင်းနေပါလိမ့်မယ်။

အဲဒါကြောင့် ညီမလေးကို အစ်ကိုက ရုပ်ကိုအလှပြင်သလို စိတ်ကိုလည်း အလှပြင်စေချင်ပါတယ်လို့ ပြောခြင်းဖြစ်ပါတယ်။

ဆောင်းပါး

သီရိဂေဟာ

ဇင်မင်း(မြို့သာ)

လူတိုင်းလူတိုင်းအတွက် နေထိုင်ရေးသည် အလွန်အရေးကြီး၏။ မိသားစုတိုင်းအတွက် နေထိုင်ရန်အိမ်သည် အရေးကြီး၏။ အဘယ်ကြောင့်ဆိုသော် အိမ်သည် အပူအအေး၊ လေဒဏ်၊ မိုးဒဏ် ရာသီဥတုဒဏ် အမျိုးမျိုးတို့မှ ကာကွယ်ပေးသည့်အပြင် မိသားစုများ လုံခြုံစိတ်ချစွာ နေထိုင်စားသောက် အိပ်စက်အနားယူဖို့ မိမိတို့နေထိုင်ရာ အိမ်သည်သာ မိမိတို့အတွက် လက်ရှိနိဗ္ဗာန်တစ်ခုသာ ဖြစ်သည်။ အိမ်သည် လူမျိုးတိုင်း လူသားတိုင်းအတွက် လိုအပ်သည်။

သို့ပါသောကြောင့် အိမ်ကို လူတိုင်းလူတိုင်း ခင်တွယ်ကြ၏။ တန်ဖိုးထားကြ၏။ မိသားစုများ တစုတစည်းတည်း နေထိုင်ရာအိမ်သည် နွေးထွေးမှုများ၊ တစ်ဦးနှင့်တစ်ဦး ကူညီရိုင်းပင်းမှုများ၊ တစ်ဦးနှင့်တစ်ဦး သနားညှာတာမှုများ၊ အဖြူစင်ဆုံးဖြစ်သည့် ၅၂၈ မေတ္တာများ ကိန်းအောင်းပြည့်နှက်နေသည့်နေရာမှာ မိမိတို့ လက်ရှိနေထိုင်ရာ အိမ်ဖြစ်ပါသည်။ ထို့ကြောင့် အိမ်သည် လူတိုင်းလူတိုင်းအတွက် မရှိမဖြစ် အဓိကလိုအပ်သော အရာဖြစ်သည်။

ကမ္ဘာပေါ်တွင် နိုင်ငံပေါင်းများစွာရှိ၏။ ၎င်းနိုင်ငံပေါင်းများစွာတွင် လူမျိုးပေါင်းမြောက်မြားစွာရှိ၏။ ၎င်းလူမျိုးပေါင်း လူသားတိုင်းမှာ မိမိတို့နေထိုင်ဖို့အတွက် အိမ်များ ဆောက်လုပ်နေထိုင်ကြရ၏။ မိမိတို့နေထိုင်ရာ မြန်မာနိုင်ငံသည်လည်း အင်မတန်မှ ကျယ်ဝန်းလှ၏။ ထိုကဲ့သို့ ကျယ်ဝန်းလှသည့်အတွက် တစ်နေရာနှင့် တစ်နေရာ၊ တစ်ဒေသနှင့် တစ်ဒေသ ရာသီဥတု၊ ဓလေ့၊ ဘာသာစရိုက်နှင့် အယူအဆများစွာ ကွဲလွဲနေသည်မှာ အမှန်ပင်ဖြစ်သည်။

ထိုကဲ့သို့ ဒေသအလိုက် လူမျိုးအလိုက် ဘာသာအလိုက် နေထိုင်ဖို့ အိမ်များဆောက်လုပ်ကြရာတွင်လည်း ပုံစံအမျိုးမျိုးတွေ့မြင်ရသည်မှာ မျက်မြင်ကိုယ်တွေ့သာဖြစ်သည်။ အိမ်များဆောက်လုပ် နေထိုင်ကြရာတွင် ချမ်းသာသောသူများက တိုက်ကြီးများဆောက်၍ နေထိုင်ကြ၏။ သာမန်လူတန်းစားများက အများအားဖြင့် ဝါးထရံကာအိမ်များ ဆောက်လုပ်နေထိုင်ကြ၏။ ထန်းတောများတွင် ထန်းတက်ရင်း လုပ်ကိုင်စားသောက် နေထိုင်သူများက ထန်းရွက်တဲ ဆောက်လုပ် နေထိုင်ကြ၏။ ထိုကဲ့သို့ သာမန်အားဖြင့် နေထိုင်ကြသော်လည်း ဘာသာကိုးကွယ်မှုအလိုက်၊ နေရာအရပ်ဒေသအလိုက် အိမ်ပုံများလည်း ကွဲပြားသည်မှာ အမှန်ပင်ဖြစ်သည် ။

မြန်မာနိုင်ငံတွင် တိုင်းဒေသကြီး၊ ပြည်နယ်များစွာရှိသည့်အတွက် အူပိုင်း၊ အအေးပိုင်း၊ ကုန်းမြင့်ဒေသ၊ ချိုင့်ဝှမ်းဒေသ၊ တောင်ပေါ် မြေပြန့်ဟူ၍လည်းကွဲပြားသေး၏။ ထိုကဲ့သို့ ကွဲပြားမှုများအလိုက် အိမ်ဆောက်ပုံများလည်း ကွဲပြားလာခဲ့၏။ အင်းအိုင် ချောင်းမြောင်းနှင့်နီးသောမြို့၊ အရပ်ဒေသများတွင် ခြေတံရှည်အိမ်များဆောက်လုပ်နေထိုင်ကြ၏။ မိမိတို့မြန်မာနိုင်ငံသည် ကျွန်းသစ်များနှင့် ဝါး၊ အခြားသစ်အမျိုးမျိုးတို့ ထွက်ရှိသောကြောင့် အိမ်များကိုဆောက်လုပ်ရာတွင် အသုံးပြုကြသည်။ အိမ်ခေါင်မိုးပိုင်းကို သွပ်၊ ဝါးကပ်၊ နီး၊ သက်ငယ်များဖြင့် အများဆုံးမိုးလေ့ရှိသည်။

အုတ်ဖြင့်ဆောက်လုပ်သော တိုက်အိမ်၊ ဝါးဖြင့်ဆောက်လုပ်သော ဝါးအိမ်၊ ထန်းရွက်ထန်းသားတို့ဖြင့် ဆောက်လုပ်သော ထန်းရွက်တဲအိမ်၊ သက်ငယ်များဖြင့် ဆောက်လုပ်သော သက်ငယ်အိမ်၊ ထိုကဲ့သို့ အမျိုးမျိုးကွဲလွဲနေသော်လည်းအိမ်ဆိုသည့်အဓိပ္ပာယ်မှာ ပြောင်းလဲခြင်းမရှိပေ။ အိမ်ဆိုသည်မှာ မိသားစုတိုင်း တစုတစည်းတည်းတည်ရှိကာ နွေးထွေးချစ်ခင်စွာနဲ့ သာယာသော အဓိပ္ပာယ်ကိုဖော်ညွှန်း၏။ လူသားတိုင်း အဝေးတစ်နေရာမှ ကိုယ့်အိမ်သို့ ကိုယ်ပြန်လာချိန်တွင် စိတ်ထဲ၌ပျော်ရွှင်ကြသည်။ ကိုယ့်အိမ်ကို ပြန်ရောက်လျှင်စိတ်ထဲ၌ လုံခြုံသည်ဟုခံစားရ၏။

ကိုယ့်အိမ်ကိုနေထိုင်ရခြင်းသည် အင်မတန်လွတ်လပ်၏။ အင်မတန်ပေါ့ပါး၏။ ကိုယ့်နေထိုင်ရာအိမ်ကို ခွဲ၍ ခရီးသွားရသည့်အခါမျိုးတွင် အဖေ၊ အမေတို့၏ မေတ္တာများနှင့် အစစအရာရာ ပြီးပြည့်စုံနေသော မိမိတို့၏အိမ်ကို လူတိုင်းလူတိုင်းလွမ်းကြ၏။ သတိရကြ၏။ အိမ်သည် မိမိတို့ပိုင်ဆိုင်သည့်ငွေကြေးဥစ္စာများစွာကိုလည်း သူခိုးဓားပြ အစရှိသည့် ခိုး၊ ဆိုး၊ လု၊ နှိုက် ဒုစရိုက်သမားများရန်မှလည်း ခိုင်ခိုင်မာမာ လုံခြုံစွာ ကာကွယ်ပေးထား၏။

ရာသီဥတု လေဒဏ် မိုးဒဏ်နှင့် အပူဒဏ်အအေးဒဏ်များကိုပါ ခိုင်ခိုင်မာမာ ကာကွယ်ပေးထားသောအရာသည် မိမိတို့နေထိုင်စားသောက် အိပ်စက်အနားယူနေကြသည့် အိမ်သည်သာ အိမ် အစစ်အမှန်ဖြစ်သည်။ အိမ်ဆိုသည့် ဝေါဟာရ၏အောက်တွင် မိဘညီအစ်ကို မောင်နှမများ၏ ချစ်ခင်မှု၊ ဂရုစိုက်မှု၊ အလိုလိုက်မှု၊ သည်းခံမှု၊ နားလည်မှု အဖြူစင်ဆုံးသော မေတ္တာများ ကိန်းအောင်းနေသောနေရာသည်အိမ်ဖြစ်သည်။ လူတိုင်းလူတိုင်း ပျော်ရွှင်ဖွယ်ရာကောင်းသော အိမ်ကလေးများကို ပိုင်ဆိုင်နိုင်ကြပါစေလို့ ဆုတောင်းလျက်ပါ။ ။

ငါးပိရည်ချို

ငါးမျိုးစုံ ရောစပ်ထားလို့
လူအများ စားသုံးတယ်။
တို့မြန်မာမျိုးနွယ်တစ်သိုက်
ကြိုက်သည့်ဟင်းနယ်။
သတ္တု၊ ပရိတိန်း ပြည့်စုံကြွယ်
သံဓာတ်တစ်သွယ် ပေါင်းစပ်ထား။
နေ့စဉ်လို
ထမင်းကို မြိန်ရှက်ဖို့
ကျိုချက်လိုစား။ ။

ခွန်စိုးလှိုင်(သထုံ)

စာကြည့်တိုက်သို့

ကျောင်းသို့စောရ၍ ရောက်တဲ့ခါ
စာကြည့်တိုက်သို့ သွားကြပါ။
စာတွေဖတ်ကာ အသိပွား
မှတ်ဖွယ်သုတ လွန်ပေါများ။
ကြားမြင်ရဖို့ တို့တစ်တွေ
စာဖတ်နာဖို့ လိုပြီလေ။
ပညာရပ်တွေ ပြည့်စုံရေး
စာဖတ်ခြင်းကို အလေးပေး။
တို့ကျောင်းလေးမှာ စာဖတ်ဖို့
စာကြည့်တိုက်သို့ သွားကြစို့။

ရွှေမန်း(ပညာရေး)

လန်းလျှင်လည်းပြုံး နွမ်းလျှင်လည်းပြုံး

❖ ဘဝခရီး တစ်ကိုယ်တည်းလျှောက်
သင်ရောက်ရှိလာ လောကီရွာတွင်
မှန်စွာပင်တည့် ဉာဏ်ယှဉ်ကြည့်လျှင်
သိမြင်လာရ သင့်ဘဝ. . .
❖ သင့်ဘဝလမ်း ကံဆိုးလွှမ်းခြုံ
ကမ်းကုန်ဒုက္ခ မမြင်ကြဘဲ
ကံနမ္ပဓိကင်း ထွန်းလင်းလာသော်
ပေါင်းဖော်စုံညီ ဝန်းရံမည်. . .
❖ သင့်အနီးမှာ ဖော်သဟာဆွေ
ဝိုင်းကာနေကြ ပေါလေလှ၍
ချမ်းမြေ့သာယာ ပျော်စရာဟု
ကြုံရှိလာမှုက တစ်ခဏ. . .
❖ သင့်ခရီးမှာ ဖော်သဟာနည်း
တစ်ကိုယ်တည်းည မှောင်မည်းလှ၍
နွမ်းလျသွေ့ရှိ ချောက်ချားဘိဟု
ကြုံရှိမှုက တစ်ခဏ. . .
❖ သင့်ဘဝလမ်း လျှောက်နိုင်စွမ်းခါ
ချမ်းသာစစ်မှန် ပိုင်ရန်တွေးဆ
မာန်မာနအား စဉ်ဖယ်ရှားလျက်
မေတ္တာဖတ်ကာ ရှုမြင်ပါလျှင်
လန်းဗြာစဉ်လည်း ပြုံးနိုင်သည်
နွမ်းပါလျှင်လည်း ပြုံးနိုင်မည်. . . ။

မောင်အေးချမ်း(တောင်ကြီး)

ဝတ္ထုတို

■ ရိုးရာ(မကန)

(၁)

"ကြည့်စမ်း" ဆင်ပြာတစ်ခဲလုံး ညစ်ပတ်နေတာ အမြင်မတော်ရင် ဆေးကြေပါဦးလား။ စည်းကမ်းကို မရှိကြဘူး"

အိမ်ရှေ့ရေကပြင်မှာ မျက်နှာသစ်နေသည့် ဒေါ်တင်စိန်၏ ကမ္ဘာပျက်မတတ် အော်လိုက်သံကြောင့် နံနက်ခင်းအလှသည် အကျည်းတန်၍ သွားသည်။ မိုးလင်းလာသည်နှင့် ဇနီးဖြစ်သူ ဒေါ်တင်စိန်အသံက စီစီညံနေသဖြင့် ဦးထွန်းတောက် သတင်းစာကို ကောက်ကိုင်လိုက်ကာ မသိချင်ယောင်ဆောင်နေလိုက်သည်။ ပတ်ဝန်းကျင်ကိုတော့ အားနာဖို့ ကောင်းနေပါပြီဟု တွေးမိကာ ဦးထွန်းတောက် သက်ပြင်းချလိုက်သည်။

ပွစိပွစိဖြင့် အိမ်ပေါ်တတ်လာသည့် ဒေါ်တင်စိန်ကို မြင်လိုက်သည်နှင့် ကိုယ့်ဘက်မြှားဦး လှည့်လာမည်စိုးသောကြောင့် မျက်နှာကို သတင်းစာနှင့်ကာ၍ ဖတ်နေလိုက်သည်။

"အမေကလည်း မနက်စောစောစီးစီး ဆူညံနေတာပဲ၊ အိပ်လို့ကိုမရဘူး။ စိတ်ညစ်ပါတယ်"

"အမလေး. . မယ်မင်းကြီးမ. . ညည်းကများ ငါ့ကို ပြောရတယ်ရှိသေး၊ ဘယ်အချိန်ရှိနေပြီလဲ၊ ထတော့. . သွား. . ထမင်းသွားချက်ချေ" ဒေါ်တင်စိန်၏ ပစ်မှတ်သည် အိပ်ခန်းထဲမှ သမီးငယ်နှင်းမှုံထံ ရောက်ရှိ၍ သွားပြီမို့ ဦးထွန်းတောက် ခုမှပင် သက်ပြင်းရဲရဲချဝံ့တော့သည်။

"အန်တီတင်စိန်. . . အန်တီတင်စိန်"

"ဟေ ဘယ်သူလဲဟေ့ မနက်စောစောစီးစီး"

"မိလှိင်ပါ အန်တီ"

"ပြော. . ဘာကိစ္စတုန်း"

"ကျွန်မ ပိုက်ဆံလေး နည်းနည်းလောက် လိုချင်လို့ပါ"

"ဘာ. . ပိုက်ဆံ ဟုတ်လား၊ ညည်းက လည်းအေ. . စောစောစီးစီး ငါ့အိမ်လာပြီး ပိုက်ဆံချေးနေသေးတယ်။ အရင်အကြွေးတောင် ကျေအောင်မဆပ်ရသေးဘဲ နောက်ထပ်လာချေးရဲတဲ့ ညည်းသတ္တိကိုတော့ ငါအံ့ဩလို့ မဆုံးဘူး၊ ဒီမှာ. . ကျုပ်က အတိုးရချင်လွန်းလို့ ငွေချေးစားနေတာအေ့၊ ပေါ်လွန်းလို့ အလျှုလုပ်နေတာ မဟုတ်ဘူး၊ ညည်းအရင်ယူထားတဲ့ အတိုးကော အရင်းကော လာပြန်မဆပ်သေးဘဲ နောက်ထပ်မချေးပေးနိုင်ဘူးအေ"

မိလှိင်မျက်နှာကတော့ ပြိုတော့မည့်မိုးနှယ်။ မိလှိင်၏ အမျိုးသားမှာ ဖားကန့်မှော်ထဲတွင် အလုပ်လုပ်နေကြောင်း ဦးထွန်းတောက် သိထားပြီးဖြစ်၏။ ခင်ပွန်းသည် အနာမှာမရှိသဖြင့် မိလှိင်မှာ ကလေးတစ်ဖက်နှင့် ဒုက္ခရောက်၍ နေရှာသည်။

"ဒီတစ်ခါတော့ ကူညီပါနော် အန်တီ၊ သားလေးညကတည်းက နေမကောင်းဖြစ်ပြီး အပြင်းဖျားနေလို့ ဆေးခန်းသွားမှ ဖြစ်မှာမို့လို့ပါ အန်တီရယ်၊ ဒီလကုန်ရင် အကုန်ပြန်ဆပ်ပါ့မယ်၊ အတိုးလည်း အန်တီ တောင်းသလောက် ပေးပါ့မယ်"

"ညည်းတို့က လာချေးတုန်းတော့ ဒီလိုပဲ၊ ဘယ်တော့ပေးပါ့မယ်၊ ဘယ်ခါပေးပါ့မယ်နဲ့၊ ပြီးရင် အတိုးလေးတောင် မှန်မှန်လာဆပ်ကြတာ မဟုတ်ဘူး"

"ကိုငွေမောင်းလည်း ဒီလကုန်ရင် ပိုက်ဆံလွှဲမှာပါ၊ လကုန်ရင် အတိုးရော၊ အရင်းပါ အကုန်ပြန်ဆပ်ပါ့မယ် အန်တီရယ်၊ အခုလည်း ကျွန်မ တကယ်ခက်ခဲနေလို့ပါ"

စကားပြောရင်း မိလှိင်အသံသည် တိမ်ဝင်သွားလေ၏။

"အရင်အကြွေးက အတိုးပေါ် အတိုးဆင့်လို့ အတိုးက အရင်းထက် များနေပြီအေ့၊ ညည်းတို့က ချေးတုန်းဆိုမျက်ရည်လေး ကလယ်ကလယ်နဲ့၊ တောင်းပြီဆို မျက်နှာတစ်မျိုးနဲ့၊ တကတည်း" မယ့်ကာရွဲ့ကာပြောနေသည့် ဒေါ်တင်စိန်ကြောင့် မိလှိင်ကို ဦးထွန်းတောက် အားနာနေမိသည်။

"ကျွန်မ ဒီလကုန်ရင် သေချာပြန်ဆပ်ပါ့မယ်၊ ဒီတစ်ခါတော့ ကျွန်မကို ကူညီပါနော် အန်တီ"

"အေး ဒီတစ်ခါတော့ ချေးပေးလိုက်မယ်၊ လကုန်လို့မှ ညည်းကတိအတိုင်း ညည်းပြန်လာမဆပ်လို့ကတော့ ကျုပ်အဆိုးမဆိုနဲ့နော်"

"ဟုတ်. . ဟုတ် ကျေးဇူးကြီးလှပါတယ် အန်တီရယ်"

"ညည်းမပြန်ခင် ဟိုစာကို ဖတ်ကြည့်သွားဦး"

ဒေါ်တင်စိန် မေးငေါ့ကာ ပြသည့်နေရာသို့ ဦးထွန်းတောက် ယောင်ရမ်း၍ ကြည့်လိုက်မိသည်။ မိလှိင်ခမျာ ဖတ်ကြည့်ပြီး ဟုတ်ကဲ့ဟုဆိုကာ အလျင်အမြန်ပင် အိမ်ပေါ်က ဆင်းသွားလေတော့၏။ ငွေလာချေးသူတွေ အတွက် ဒေါ်တင်စိန် ရည်ရွယ်ချက်ရှိရှိနှင့် ကပ်ထားသည့် ဆောင်ပုဒ်က အိမ်ရှေ့ခန်းတွင် ထီးထီးကြီးရှိ၍နေသည်။

"ကြွေးယူတော့ပြုံးပြုံး၊ တောင်းတော့မုန်း"

(၂)

"ဟယ်လို. . . သားလား. . . ဘာ ပိုက်ဆံလိုပြန်ပြီ. . ဟုတ်လား၊ ဟိုတလောကမှ အမေ နှစ်သိန်းပို့ပေးထားတယ်လေ"

သားတော်မောင်၏ ဖုန်းဆိုကတည်းက ဘာအတွက်ဆက်သည်ကို ဦးထွန်းတောက် သိပြီးဖြစ်၏။ သားတော်မောင်သည် ငွေမလို ဘဲနှင့် ဘယ်သောအခါမှ ဖုန်းမဆက်တတ်။

"နည်းနည်းပါးပါးလည်း စည်းကမ်းရှိရှိ ရိုရိုသေသေလေး ကိုင်ဦးမှပေါ့၊ အဲဒီဖုန်းက ဝယ်ပေးထားတာမှ မကြာသေးဘူး၊ ခုပျက်ပြန်ပြီ၊ ပိုက်ဆံကို သုံးကောင်းတိုင်း သုံးမနေကြနဲ့ဦးဟဲ့၊ ကိုယ့်အမေ ဘယ်လိုရှာရ၊ ဖွေရတယ်ဆိုတာလည်း ခေါင်းထဲ ထည့်ထားဦး"

သိပ်မကြာခင်မှာပင် ဒေါ်တင်စိန်ထံမှ "အေးအေး အမေလွှဲပေးလိုက်မယ်"ဟူသည့် စကားကို ကြားလိုက်ရသည်။ ဇနီးသည်မှာ သားသမီးတွေ ပညာရေးအတွက်ဆို လိုလေသေးမရှိအောင် ဖြည့်ဆည်းပေးနိုင်သည့် အတွက် ဦးထွန်းတောက် ခိုးကျူးမိသော်လည်း ကလေးတွေကို အလိုလိုက်လွန်းသည်ဟု ထင်သည်။ သားငယ်ရန်ပိုင်မှာ တက္ကသိုလ် ကျောင်းသားမို့ ကျောင်းပိတ်ရက်များ၌သာ အိမ်ပြန်လာတတ်သည်။ ပြန်မလာသည်က များ၏။ ငွေလိုသည့် အချိန်များ၌သာ အိမ်သို့ ဖုန်းဆက်တတ်သည်။

(၃)

"ဟဲ့. . အေးမြ. . အေးမြ"

ဒေါ်တင်စိန်အသံကြောင့် အေးမြ အိမ်ရှေ့သို့ အလျင်အမြန်ပြေးထွက်လာခဲ့လိုက်သည်။ မထွက်လို့လည်းမရ။ ဒေါ်တင်စိန် အကြောင်း အေးမြသာမက တစ်ရပ်ကွက်လုံး ပိုင်းပြင်ထားပြီးပြီ၊ အမေ ပြန်မလာသေးလို့ စောင့်နေတာ"

"မစားသေးဘူးအေ ညည်းတို့ဘာသာ စားနှင့်ကြ"

ဆူဆူအောင့်အောင့် ပြောနေသည့် ဇနီးသည်အသံကြောင့် ဦးထွန်းတောက် ထမင်းပိုင်းတွင် ထိုင်ဖို့ ဟန်ပြင်နေသည်ကိုပင် ရပ်တန့်သွားတော့သည်။ ဖြစ်လာပြန်ပြီ။ တစ်နေ့တစ်မျိုး မရိုးနိုင်အောင် စိတ်ဆိုးဒေါသ ဖြစ်နေတတ်သည့် ဒေါ်တင်စိန်ကိုကြည့်ကာ ဦးထွန်းတောက် သနားစိတ်ဝင်လာမိသည်။

ဦးထွန်းတောက် ထမင်းစားပြီးသည့်အချိန်ထိ ဒေါ်တင်စိန်ခမြာ ဂဏန်းပေါင်းစက်တစ်ဖက်၊ စာအုပ်ကြီးတစ်ဖက်နှင့် အလုပ်ရှုပ်နေဆဲ။ သမီးဖြစ်သူက သူ့အမေအကြောင်း သိပြီးဖြစ်၍ ထမင်းပန်းကန်တွင် ဟင်းများ ပုံထည့်ကာ သူ့အမေအနား လာချပေးသည်။ ထိုအခါမှ ဒေါ်တင်စိန် ထမင်းတစ်ဇွန်း နှစ်ဇွန်းစားလိုက်၊ ဂဏန်းပေါင်းစက်ကြီး တစ်ချက်ချက်လုပ်လိုက် ဖြစ်နေလေသည်။ ဒေါ်တင်စိန်၏အဖြစ်ကိုကြည့်ကာ ဦးထွန်းတောက် သက်ပြင်းမောတစ်ခု ချလိုက်ပြီး ခေါင်းအုံးတစ်လုံးယူကာ ကျောဆန့်၊ ခြေဆန့်လဲနေရင်းက မှေးခဲ့ အိပ်ပျော်သွားတော့၏။

မီးအလင်းရောင်ကြောင့် ဦးထွန်းတောက် ခဏခဏနိုးရ၍နေသည်မှာ ဘယ်နှစ်ကြိမ်၊ ဘယ်နှစ်ခါမှန်းပင် မသိတော့။ ဒေါ်တင်စိန်ကတော့ စားပွဲပေါ်တွင် အလုပ်ရှုပ်နေဆဲ။

"တင်တင်ရယ် ညဉ့်နက်နေပြီ အိပ်ပါတော့လား"

"မအိပ်နိုင်သေးပါဘူးတော် အကြွေးစာရင်းတွေ တွက်နေတာ မပြီးနိုင်သေးလို့၊ မှားလို့မဖြစ်ဘူး"

"လုပ်တာကလည်းလုပ်ပေါ့ ခုအိပ်ချိန်ရောက်နေပြီလေ"

"ကျုပ်မှာ သေသေချာချာ တွက်ချက်ပြီး တောင်းနေတာတောင် မပေးကြဘူး တော်ရေ။ ရှင့်သားတော်မောင်ကလည်း ဖုန်းဝယ်ပေးဖို့ ပူဆာထားတာ၊ လလည်းကုန်နေပြီဆိုတော့ မုန့်ဖိုးပါ ပေါင်းလွှဲပေးရတော့မှာ၊ ပိုက်ဆံက လည်း ရှာသလောက် လောက်တယ်မရှိပါဘူး ကိုထွန်းတောက်ရယ်၊ ကျုပ်လည်း ကျုပ်သား သမီးတွေရဲ့နောင်ရေး စိတ်အေးရအောင် ရှာနေရတာ၊ ကျုပ်ရှာနေသမျှ ကျုပ်သားသမီး တွေ အတွက်ပဲ"

"အေးပါ မင်းစေတနာကို ငါနားလည်ပါတယ် တင်တင်ရာ၊ လုပ်တာက လုပ်ပေါ့၊ မင်းဟာက နေ့တိုင်းလိုဖြစ်နေပြီ၊ ကျွန်းမာရေးထိခိုက်မှာစိုးလို့ ငါပြောနေတာ၊ ခုလည်း တအားနောက်မကျစေနဲ့ပေါ့ကွာ၊ မင်းမှာ လည်း သွေးတိုးရောဂါကြီးနဲ့"ဟု ပြောပြီး အိပ်ခန်းထဲဝင်ကာ အိပ်ရာဝင်လိုက်သည်။

ဂဏန်းတွက်စက်ဆီက တစ်ချက်ချက်အသံ မှအပ ညသည် တိတ်ဆိတ်ငြိမ်သက်၍နေ၏။

(၅)

"အဖေရေ အဖေ လာပါဦး၊ ဒီမှာ အမေ ဘာဖြစ်တာလဲ မသိဘူး၊ ခေါ်လို့လည်း မရတော့ဘူး"

သမီးငယ်၏ စူးစူးဝါးဝါးအသံကြောင့် ဦးထွန်းတောက် လန့်နိုးလာခဲ့သည်။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခဲ့သည်မို့ ဘယ်အချိန်ရှိသွားပြီလဲဆိုတာမသိ။ သမီးငယ်၏အသံ ထပ်မံကြားလိုက်ရသောကြောင့် ဦးထွန်းတောက် အိမ်ယာထက်မှ အလန့်တကြား ထလိုက်သည်။ နာရီကိုကြည့်လိုက်တော့ နံနက် ၂ နာရီသာ ရှိသေး၏။

တင်တင်။ ညဉ့်နက်သည်ထိ စာရင်းစာရွက်များနှင့် အလုပ်ရှုပ်နေသည့် ဇနီးသည်ကို သတိရမိတော့ စိုးရိမ်စိတ်တို့ ငယ်ထိပ်တက်လာ၏။ အိပ်ခန်းထဲမှ ကမန်းကတန်း ထွက်လိုက်သည်။

"ဟာ သမီးအမေ ဘာဖြစ်တာလဲ၊ တင်တင်၊ တင်တင်"

ဦးထွန်းတောက် ဒေါ်တင်စိန်ပခုံးကို အသာလှုပ်ကာ ခေါ်ကြည့်လိုက်သည်။ ဒေါ်တင်စိန်က မလှုပ်။

"မသိဘူး အဖေ၊ သမီးလည်း ဒုန်းခနဲ အသံကြားလို့ ထလာတာ၊ အမေလဲနေတာ တွေ့တာပဲ၊ အမေ အမေ ဟီး"

သမီးငယ်က ပြောရင်း ဟီးခနဲ ငိုချလိုက်၏။ ဦးထွန်းတောက်က ဒေါ်တင်စိန်၏ နှာခေါင်းနား လက်တေ့ကြည့်သည်။ လေတိုးသည်ကို ခံစားရ၏။

"သမီး မငိုနဲ့တော့ စိတ်အေးအေးထား၊ သမီးအမေကို ဆေးရုံချက်ချင်းပို့ရမယ်၊ အဖေ ကားသွားဌားလိုက်မယ်"

သမီးကို စိတ်အေးအေးထားရန် မှာခဲ့ပြီး ကားဌားဖို့ရန် ထွက်ခဲ့လိုက်၏။

ဒေါ်တင်စိန်ကို ညတွင်းချင်း ဆေးရုံပို့လိုက်နိုင်သောကြောင့် အသက်ကယ်လိုက်နိုင်၏။ တစ်ညလုံး သတိလစ်နေပြီး နောက်တစ်နေ့ ညနေပိုင်းမှ သတိပြန်ရလာသည်။

"လူနာကို အချိန်မီဆေးရုံပို့နိုင်ခဲ့လို့ အသက်အန္တရာယ်တော့ စိုးရိမ်စရာ မရှိတော့ပါဘူး၊ ဒါပေမယ့် သွေး ရုတ်တရက်ဆောင့်တိုးလိုက်တော့ ဦးနှောက်ရဲ့အဓိက သွေးကြောတွေ ပေါက်သွားပြီး ဘယ်ဘက်တစ်ခြမ်း လေဖြတ်သွားပါတယ်"

ဆရာဝန်ကြီး၏စကားက ဦးထွန်းတောက် နားထဲ ပိုးကြိုးပစ်ချလိုက်သလို မြည်ဟည်းသွား၏။ ဖြစ်မှဖြစ်ရလေ တင်တင်ရယ်။ ကျန်းမာရေးဂရုစိုက်ပါလို့ ငါအတန်တန်မှာနေ တဲ့ကြားကကွာ မင်းက စနေသမီးပီပီ ခေါင်းမာတယ်။ တဇတ်ထိုးလုပ်တတ်ပြီး စိတ်ကြီးတဲ့ မင်းရဲ့အကျင့်တွေက အခုတော့ မင်းကို ဒုက္ခပေးပြီလေ။

တစ်လကျော် ဆေးရုံတက်ခဲ့ရပြီး ဒေါ်တင်စိန့်ကို အိမ်ခေါ်ခဲ့လိုက်သည်။ ဘယ်ဘက်တစ်ခြမ်း လေဖြတ်ကာ လှုပ်မရတော့ပေ။ ပါးစပ်က ညာဘက်သို့ရွဲ့ကာ စကားမပြောနိုင်တော့။ ဝူးဝူးဝါးဝါးသာ အသံထွက်၏။ ဆန်ပြုတ်တိုက်လျှင် အကုန်မဝင်။ နှုတ်ခမ်းထောင့်မှ စီးကျနေ၏။

ဒေါ်တင်စိန် ဘယ်ဘက်တစ်ခြမ်း လေဖြတ်သည့်သတင်းက ရပ်ကွက်ထဲ၌ မေးငေ့ါ စောင်းချိတ်စရာဖြစ်လာသည်။

"ဖြစ်တာတောင်နည်းသေး၊ အဲဒီမိန်းမကြီးက စာနာစိတ်ရှိတာ မဟုတ်ဘူး၊ ချေးထားတာ များ မပေးရင် ရှိသမျှအကုန် သိမ်းချင်နေတာ" ဟူသည်က တစ်မျိုး။

"ဦးလေးထွန်းကိုတော့ သနားပါတယ်အေ၊ ဒေါ်တင်စိန်ကိုတော့ ကြည့်လို့ကိုမရဘူး၊ မနှစ်က အကြွေးလေးတစ်သိန်းကိုဟယ် တစ်ရပ်လောက် ဆိုင်းပေးပါဦးဆိုတာ မရဘူး၊ အိမ်ကရေစုပ်စက်ကိုသိမ်းသွားတာ နင်တို့အသိပဲ၊ ချစ်တီးမကြီး အခုဘာတတ်နိုင်သေးလဲ" ဟူသည်က တစ်ဖုံ။

အမျိုးမျိုးသော ကိုယ်ချင်းမစာနာသည့် စကားတို့က ဦးထွန်းတောက် မကြားချင်သော်လည်း ကြားနေရ၏။ ဇနီးသည်အတွက် စိတ်မကောင်းဖြစ်ရုံမှတစ်ပါး ဘာမှမတတ်နိုင်။

"ဒီတစ်ဇွန်းလောက် ကုန်အောင်သောက်လိုက်ပါအမေရယ်၊ အမေက လိမ္မာပါတယ်နော် အမေ"

သမီးငယ်၏ ချော့မော့သံ၊ ဇနီးသည်၏ ဝူးဝူးဝါးဝါး အသံများကြောင့် အတွေးလွန်နေရာမှ ဦးထွန်းတောက် လှည့်ကြည့်မိသည်။ ဒေါ်တင်စိန်မှာ ဆံပင်တို့ ဖွာလန်ကြေနေ၏။ ရွဲ့စောင်းနေသော နှုတ်ခမ်းထောင့်စွန်းမှ ဆန်ပြုတ်တို့ စီးကျနေ၏။ လုံးဝမလှုပ်နိုင်တော့သည့် ဘယ်ဘက်လက်ကို ညာဘက်လက်ဖြင့် ဆွဲထား၏။ ဇနီးသည်အဖြစ်ကို မြင်ရသည်မှာ ဦးထွန်းတောက် ရင်ထဲဆို့နစ်သွားရသည်မို့ ဆက်ပြီး မကြည့်ရက်သောကြောင့် မျက်နှာလွှဲလိုက်မိစဉ် အိမ်ရှေ့ရေကပြင်ရှိ ဆပ်ပြာခွက်ထဲတွင် ရွဲ့တို့ဖြင့်ပေကျံလျက် ဆေးကြောသူ ကင်းမဲ့နေသည့် ဆပ်ပြာခဲလေးကို တွေ့လိုက်လေသည်။

"တင်တင်ရယ်၊ တကယ်တော့ မင်းအဖြစ်က ဆပ်ပြာခဲလေးလိုပါပဲကွာ၊ မင်းဟာ မင်းရဲ့ မိသားစုအတွက်၊ သားသမီးတွေအတွက် မင်းငွေတွေရှာခဲ့တယ်၊ တခြားသူတွေရဲ့ အညစ်အကြေးတွေ သန့်စင်ဖို့၊ ဘဝ အနာဂတ်တွေ လှပဖို့အတွက် မင်းကိုယ်တိုင် အညစ်အကြေးတွေ အစွန်းပေခံပြီး လုံးပါးပါးခဲ့ရတယ်၊ အခုတော့ မင်းကို လူတွေကပြောနေကြပြီ၊ မင်းဟာ ကိုယ်ချင်းစာတရားမရှိတဲ့သူကြီးတဲ့၊ ချစ်တီးမကြီးတဲ့၊ ငါ့ရင်ထဲမှာ မခံချင်ဘူး တင်တင်ရယ်"

ဦးထွန်းတောက်ရင်ထဲမှ စကားများကို ဒေါ်တင်စိန်မကြားနိုင်။ သမီးငယ်ချော့မော့ကျွေးသည့် ဆန်ပြုတ်ကိုသာ ခက်ခက်ခဲခဲ သောက်နေရရှာတော့သည်။ ။

ဆောင်းပါး

အချိန်မီ ကမ္ဘာကြီးကို ကယ်တင်ကြပါစို့

■ လွပ်လပ်ရွှေပြည်

"တစ်သက်ပျော်ချင်လျှင် အပင်စိုက်"။ ဤစကားရပ်သည် မှန်ကန်ပါ၏လော။ လူ၏သဘာဝသည် ကတ္တိပါမြဿား အသွင် အကိုင်းအလက်၊ အပွင့်အခက်များဖြင့် စိမ်းစိမ်းစိုစိုနှင့် သစ်ပင်ပန်းပင်တို့ကို တွေ့မြင်ရလျှင် အလိုလို နေရင်းပင် အမောအပန်းပြေကာ စိတ်ချမ်းမြေ့ကြည်းနူးမှုကို ခံစားရလေ့ရှိတတ်သည်။ တောရိပ်တောင်ရိပ်များဖြင့် မှိုင်းညို့ဆိုင်းဆို့နေသော တောတောင်ရှုခင်းရှုကွက်တို့ကို တွေ့မြင်ရပြန်လျှင်လည်း တမေ့တမော ကြည့်ရှုငေးမော ခံစားတတ်ကြပြန်သည်။ ထိုအချက်များကို ချင့်ထောက်သော် လူ၏သဘောသဘာဝ အမှန်သည် သစ်ပင်သစ်တောများကို တန်ဖိုးထား မြတ်နိုးတတ်သည့် စိတ်ဓာတ်အခံကြီးမားစွာ ရှိတတ်ကြသည်ကို တွေ့ရသည်။ ထို့ကြောင့် လူသားတို့သည် သစ်ပင်စိုက်ပျိုးခြင်းဖြင့် ပျော်ရွှင်ချမ်းမြေ့မှုကို ရရှိစေနိုင်သည်မှာ အသေအချာ မှန်ကန်သော အချက်ပင် ဖြစ်ပါသည်။

"လူတစ်ယောက်ဖြစ်လာလျှင် သစ်ပင်တစ်ပင်စိုက်ခဲ့ရမည်၊ ရေတွင်းတစ်တွင်း တူးခဲ့ရမည်၊ သားတစ်ယောက် မွေးခဲ့ရမည်" ဟူသော အာရေဗျစကားပုံကလည်း သစ်ပင်စိုက်ပျိုးခြင်းကို လူသားတစ်ဦး၏ တာဝန်တစ်ရပ်အနေဖြင့် အတိအကျ ညွှန်းဆိုခဲ့ပါသည်။ မှန်လှပေ၏။ လူဟူ၍ ဖြစ်လာလျှင် မိမိတို့နေထိုင်ရှင်သန်သော ကမ္ဘာကြီးအတွက် အနည်းဆုံး သစ်ပင်တစ်ပင်တော့ စိုက်ပျိုးခဲ့ဖို့ သင့်လှပါသည်။

အကြောင်းကိုဆိုရသော် သစ်ပင်သစ်တောနှင့် လူသား၊ သစ်ပင်သစ်တောနှင့် ကမ္ဘာကြီးသည် ခွဲခြားရပ်တည်၍ မရနိုင်ကောင်းပေ။ အကယ်၍ သစ်ပင်သစ်တောများ မျိုးသုဉ်းပျောက်ကွယ် သွားခဲ့လျှင် လူသားနှင့် ကမ္ဘာမြေကြီးတို့သည်လည်း ဆက်လက်ရှင်သန်ရပ်တည်နိုင်ခြင်းငှာ စွမ်းသာတော့မည် မဟုတ်ပေ။ သစ်ပင်သစ်တောများ လုံးဝပျောက်သွားခြင်း မဟုတ်သေးဘဲ တဖြည်းဖြည်း ပြုန်းတီးလာနေသော ယခုခေတ်အခါ သမယမှာပင်လျှင် ကမ္ဘာကြီးသည် တစ်စတစ်စ ပိုမိုပူနွေးလာနေသည်။ ရာသီဥတုများ ပုံမှန်လည်ပတ်နေကျအတိုင်း မဟုတ်တော့ဘဲ ဖောက်လွဲဖောက်ပြန် ဖြစ်လာသည်။မြေဆီလွှာများ ပျက်စီးလာသည်။ အချို့ဒေသများတွင် ရေထိန်းသိမ်းနိုင်စွမ်းအားများ နည်းပါးလာကာ ရေဓာတ်ခန်းခြောက်ပြီး သောက်သုံးရေအခက်အခဲများ ကြုံတွေ့လာနေသည်။ ဒေသအချို့တွင်မူ အထက်ပါဖြစ်ရပ်နှင့် ဆန့်ကျင်ဘက်အဖြစ် ရေကြီးရေလွှမ်းမိုးမှုဒဏ်များ မကြာခဏ ဖြစ်ပေါ်ခံစားလာရသည်။ပင်လယ်ရေ မျက်နှာပြင်များလည်း တဖြည်းဖြည်းမြင့်တက်လာကာ ကမ္ဘာကြီး၏ ကုန်းမြေရေယာများ ဆုံးရှုံးလာနေသည်။ သစ်ပင်သစ်တောများ ပြုန်းတီးလာ၍ သစ်ပင်သစ်တောများကို မှီတင်းနေထိုင်နေကြသော သက်ရှိဇီဝမျိုးနွယ်များ ပျက်သုဉ်းလာနေသည်။လေထုများ အဆမတန် ညစ်ညမ်းလာမှုနှင့်အတူ လူသားတို့၏ အသက်ရှင်ရပ်တည်နိုင်ရေးကိုပါ တိုက်ရိုက် ခြိမ်းခြောက်လျက် ရှိနေပေပြီ။

ထိုကြောင့်လည်း ဆရာဇော်ဂျီက

"တောပင်ကို တော်တော်ခုတ်ကြပါ
တောပြုန်းလိမ့် နောက်နောင်။
တောခုတ်လို့ တောပြောင်
မိုးခေါင်တော့မှာပဲ။
မိုးခေါင်လို့ ရေမကြွယ်
သဲပင်လယ် ဖြစ်လိမ့်မလွဲ"

ဟူ၍ သစ်ပင်သစ်တောခုတ်ခြင်းကို တပ်လှန့်သတိပေးရေးသားခဲ့သည်။

ထို့အပြင် သစ်ပင်နှင့်လူသားသည် တစ်ဦးနှင့်တစ်ဦး ကိုင်းကျွန်းမှီ၊ကျွန်းကိုင်းမှီ အပြန်အလှန် အမှီသဟဲပြုနေကြရသည့် မိတ်ဆွေအရင်းအချာကြီးများ ဖြစ်ကြသည်။ အဘယ်ကြောင့်ဆိုသော် သစ်ပင်များသည် လူသားများ စွန့်ပစ်ရှူထုတ်လိုက်သော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို စုပ်ယူကြပြီး လူသားတို့အတွက် အောက်ဆီဂျင်ဓာတ်ငွေ့ကို ပြန်လည်စွန့်ထုတ်ပေးသောကြောင့် ဖြစ်သည်။ ထို့ကြောင့် သစ်ပင်တစ်ပင်ကို ခုတ်လှဲခြင်းသည် မိမိ၏ကျေးဇူးရှင်မိတ်ဆွေကို ရက်ရက်စက်စက် သတ်ဖြတ်ရာရောက်ပြီး သစ်ပင်တစ်ပင်ကို စိုက်ပျိုးခြင်းကတော့ မိမိ၏ကျေးဇူးရှင် မိတ်ဆွေများကို တိုးပွားစေခြင်းပင် ဖြစ်သည်။

ယနေ့ကမ္ဘာကြီးတွင် လူဦးရေထူထပ်များပြားလာခြင်းနှင့်အတူ မိမိတို့၏ကျေးဇူးရှင် သစ်တောသစ်ပင်များကို စည်းမရှိကမ်းမရှိ ခုတ်လှဲမှုများ အဆမတန် များပြားလာသည်။ ထို့ကြောင့် သစ်တောကြီးများမှ သစ်တောငယ်၊ သစ်တောငယ်အဖြစ်မှ လုံးလုံးလျားလျား ပျောက်ကွယ်ရသည့်အဖြစ်သို့ ရောက်ရှိနေပေသည်။ ဤသို့သော ကျေးဇူးရှင်ကို ကျေးစွတ်သော လုပ်ရပ်အတွက် ကျွန်တော်တို့ ကမ္ဘာသူကမ္ဘာသားတို့ ပြန်လည်ရရှိသည့် အကျိုးဆက်မှာ သဘာဝဘေးအန္တရာယ်အမျိုးမျိုးကို အဆက်မပြတ် ရင်ဆိုင်ကြုံတွေ့ခံစားလာရခြင်းဖြစ်သည်။ ထို့အပြင် ကမ္ဘာကြီးသည်လည်း သဘာဝဂေဟစနစ်များ ပျက်ယွင်းလာကာ နာတာရှည်ရောဂါဝေဒနာသည် တစ်ယောက်လုပ်နီးလိုလာသည်။ ဤအတိုင်း ဆက်လက်သွားနေမည်ဆိုလျှင် ပညာရှင်များ ကြိုတင်ဟောကိန်း ထုတ်ထားသည့်အတိုင်း ကျွန်တော်တို့ ကမ္ဘာကြီးသည် မကြာမီ နှစ်အကန့်အသတ် အချိန်အတိုင်းအတာတစ်ခုအတွင်း ကုန်းမြေအားလုံးကို ရေလွှမ်းမိုးကာ လူသားမျိုးနွယ်ဆက်များလည်း ပျောက်ကွယ်သွားရတော့မည်ဖြစ်သည်။

ကျွန်တော်တို့ မှီတင်းနေထိုင်သော ကမ္ဘာကြီးနှင့် လူသားမျိုးနွယ်များ ပျက်သုဉ်းမည့် အခြေအနေမှ အချိန်မီ ကယ်တင်နိုင်ရန် တစ်ခုတည်းသော နည်းလမ်းတစ်ခုမှာ သစ်ပင်သစ်တောများ စိုက်ပျိုးခြင်း၊ ရှိပြီးသားဖြစ်သော သစ်ပင်သစ်တောများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ သစ်ထုတ်လုပ်မှုကို စနစ်တကျစီမံခန့်ခွဲခြင်းတို့ကို နိုင်ငံ၏ အချုပ်အချာ အာဏာပိုင်များကသာမက လူတစ်ဦးချင်းစီ တိုင်းကပါ စွမ်းအားရှိသမျှ လုပ်ကိုင်ဆောင်ရွက်ကြရန် ဖြစ်သည်။ ထို့ကြောင့်လည်း ကမ္ဘာ့နိုင်ငံတိုင်းသည် မိမိတို့ကမ္ဘာကြီးကို ကယ်တင်နိုင်ဖို့ "မြေဆီစိုခိုက် သစ်ပင်စိုက်"၊ "စိုက်ကြပျိုးကြ သစ်ပင်လ"၊ "သစ်ပင်စိုက်ပါ တို့ကမ္ဘာ" ဟူသော ဆောင်ပုဒ်များကို လက်ကိုင်ပြုကာ ဤဇူလိုင်လကို သစ်ပင်စိုက်ပျိုးရေးလအဖြစ် သတ်မှတ်စိုက်ပျိုးနေကြပြီဖြစ်သည်။

သစ်ပင်တစ်ပင်ကို စိုက်ပျိုးခြင်းသည် ဇရပ်တစ်ဆောင်ကို ဆောက်ခြင်းနည်းတူ ကုသိုလ်အကျိုးထူးကို ရရှိနိုင်သည်။ "ဥတုရာသီ တောကိုမှီ" ဟုဆိုထားသည့်အတိုင်း ရာသီဥတုသည် သစ်ပင်သစ်တောများကို တည်မှီဖြစ်တည်နေခြင်းဖြစ်ရာ သစ်ပင်စိုက်ပျိုးခြင်းသည် ဖောက်ပြန်ပျက်စီးနေသော ရာသီစက်ဝန်းကို မိမိနိုင်သည့်အားဖြင့် တည့်မတ်ပြုပြင်ရာရောက်သည်။ "ရွှေပင်ရွှေခက် တောမှာထွက်၏" ဟူသော စကားအတိုင်းဆိုရလျှင်မူ သစ်ပင်စိုက်ပျိုးခင်းသည် မိမိရှင်သန်ရာ ဝန်းကျင်အတွက် ရွှေပင်ငွေပင်များကို ပက်ကြဲစိုက်ပျိုးထားခဲ့ခြင်းနှင့်လည်း အလားသဏ္ဌာန်တူပေသည်။

"ကျေးဇူက်သားရဲ တောမှာမြေ၏။ တောတောင်ခြောက်ခန်း လယ်ယာနွမ်း၏။ရတနာသစ်တော ပြည်သွေးကြော" ဟူသော စာသားများအတိုင်း ဆက်လက်ဆိုရသော် သစ်ပင်တစ်ပင်ကို စိုက်ပျိုးခြင်းသည် ကျေးဇူက်သားရဲ တိရိစ္ဆာန်များကို မျိုးသုဉ်းပျောက်ကွယ်ခြင်းမှ ကာကွယ်ထိန်းသိမ်းရာ ရောက်သည်။ တောတောင်လယ်မြေများကို သာယာစိမ်းမြ လှလှပပဖြစ်စေရန် ပြုစုပျိုးထောင်ခြင်းလည်း မည်သည်။ မိမိတို့ နေထိုင်ကြီးပြင်းရာ တိုင်းနိုင်ငံအတွက် အသက်သွေးကြောကို အားကောင်းမောင်းသန်ဖြစ်အောင် ထောက်ပံ့ဖြည့်ဆည်းရာလည်း ကျပေသည်။ အမှန်တကယ် သစ်ပင်တစ်ပင်ကို စိုက်ပျိုးရုံမျှနှင့်ပင် အထက်ပါ အကျိုးရလဒ်များကို ရရှိခံစားနိုင်ကြမည်ဖြစ်သည်။

ထို့ကြောင့် သစ်ပင်များကို စိုက်ပျိုးပြုစု၊ ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် ကမ္ဘာကြီးကို ကယ်တင်ရာရောက်စေသည်။ မိမိတို့၏ အသက်ရှင်သန်ရေးအတွက် အကောင်းဆုံးစောင့်ရှောက်ခြင်းလည်း မည်ပေသည်။ မိမိတို့၏ အနာဂတ်မျိုးဆက်သစ်များအတွက် တန်ဖိုးမဖြတ်နိုင်သော အမွေကို လက်ဆင့်ကမ်း ပေးကမ်းခြင်းလည်း ဖြစ်ပေလိမ့်မည်။

ထို့အတွက် စိုက်ကြပျိုးကြ သစ်ပင်လဟု တင်စားခေါ်ဝေါ်သည့် ဤဇူလိုင်လ၏ အလှကို သစ်ပင်သစ်တောများ စိုက်ပျိုးကြခြင်းဖြင့် လုပ်ကိုင်ဖော်ဆောင်ကြပါစို့ဟု အားလုံးကို တလေးတစား အလေးထားကာ ရေးသားတိုက်တွန်းနှိုးဆော်လိုက်ရပါတော့သည်။ ။

ဆောင်းပါး

အတ္တကို ထမ်းပိုးထားသူများ

■ သက်မွန် (မော်ကျွန်း)

လူနေမှုပတ်ဝန်းကျင်၌ တချို့သောသူများသည် မိမိကိုယ် မိမိ ငါတော်သည်၊ ငါတတ်သည်၊ ငါလုပ်တာမှ အမှန်ဟု မှတ်ယူလေ့ရှိကြပါသည်။ ထိုသူများသည် မိမိကိုယ်မိမိ အထင်ကြီးနေခြင်းပင် ဖြစ်ပေသည်။ သို့သော် လိုတာထက်ပို၍ မိမိကိုယ်မိမိ အထင်ကြီးစိတ်လွန်ကဲနေခြင်းသည် ကောင်းသောအရာတစ်ခုဟု မဆိုနိုင်ချေ။ တစ်နည်းအားဖြင့် အတ္တစိတ် လွန်ကဲနေခြင်းပင် ဖြစ်ပေသည်။

မိမိကိုယ်မိမိ ယုံကြည်မှုရှိခြင်းသည် ကောင်းမွန်သော်လည်း ယုံကြည်မှုလွန်ကဲခြင်းမှတစ်ဆင့် အတ္တကြီးသူအဖြစ်သို့ အသွင်ကူးသွားနိုင်ပေသည်။ တစ်ခါတစ်ရံ မိမိ၏ မသိစိတ်ကပင် အတ္တကြီးမှန်းမသိ အတ္တကြီးနေတတ်ပေသည်။

ကျွန်မတို့ နေ့စဉ်ကျင်လည်နေရသော ပတ်ဝန်းကျင်တွင်လည်း အတ္တကြီးစိုးမှုများ ပြည့်နှက်နေလေသည်။ မိမိ အကျိုးစီးပွားအတွက်သာ ရှေးရှု၍ သူတစ်ပါးကို လျစ်လျူရှုတတ်သော လူတချို့ကြောင့် ထိခိုက်နစ်နာမှုများလည်း ကြုံတွေ့နေကြရလေသည်။

အတ္တကြီးသူတို့သည် တစ်ပါးသူအတွက် အဆင်ပြေသည် မပြေသည်ကိုမသိ။ မိမိ ကိုယ်ကျိုးအတွက်သာ အလေးထားတတ်ကြသည်။ အားနာမှုဟူ၍လည်းမရှိကြပေ။ အတ္တကိုအဖော်ပြု၍ မကောင်းမှုဌ် သာယာနေသူများသည် မိမိ၏ ဖိုက်မဲမှုဟူ၍ မတွေးမိကြပေ။ မိမိ၏ စိတ်အလိုကို သာလိုက်၍ သာယာနေတတ်ကြသည်။ အတ္တကြီးသူတို့၏ တစ်ဖက်သတ်ဆန်သော အပြုအမူများကိုခံရသူများသည် အရာရာကို တွေးတောဆင်ခြင်ကာ ပြောခွင့်မသာ၍သာ ပြန်မပြောခြင်း ဖြစ်ပေမည်။ စိတ်ထဲတွင်တော့ ကျေနပ်နေလိမ့်မည် မဟုတ်ပေ။

"စိတ်အစဉ် အတ္တကဲပါလို့
ဘဝထဲ မလှပေ
ပြုပြင်ကြစေ။
စိတ်မှာလေ
အစွဲတွေ ကြီးစိုး။
ဆင်ခြင်ကာ မနေသမျှ
ဒုက္ခတွေတိုး။"

ဟူသော ကဗျာကဲ့သို့ပင် မိမိတို့ရရှိလာသော ဘဝအချိန်တိုလေးအတွင်းမှာ မိမိ၏စိတ်ကို မိမိအတတ်နိုင်ဆုံး ထိန်းချုပ်ကာ အတ္တနည်းနိုင်သမျှနည်းအောင် နေထိုင်သင့်ပေသည်။ အရာရာကို ဆင်ခြင်မှုမရှိဘဲ ငါစွဲအတ္တများသာ ကြီးစိုးနေမည် ဆိုပါလျှင် မိမိ၏ပတ်ဝန်းကျင်၌ မိတ်ဆွေစစ်မိတ်ဆွေမှန်ဟူ၍ နည်းပါးကာ အလိမ်အညာ ဆက်ဆံမှုများနှင့်သာ ကြုံရပေမည်။ ထို့ပြင် လူအများ၏ ပစ်ပယ်ခြင်းကိုလည်း ခံရနိုင်ကာ မိတ်ဆွေကောင်းများရှားပြီး ဘဝသည်လည်း ပျော်ရွှင်စရာမကောင်းတော့ပေ။

ထို့ကြောင့် အရာရာကို ဆင်ခြင်ဉာဏ်ဖြင့် စဉ်းစားချင့်ချိန်ကာ သူရောကိုယ်ပါ မထိခိုက်စေသည့် အမှုအကျင့်များဖြင့် ပြုမူနေထိုင်လျက် အတ္တကိုထုပ်ပိုးသူများ မဖြစ်ကြစေရန်ရည်ရွယ်၍ ရေးသားအကြံပြုလိုက်ရပါသည်။ ။

သစ်ပင်စိုက်ပါ

❖ ကမ္ဘာမြေ သာယာရေး
စာနာဖေး တွယ်ချစ်ခင်
ညှာတာတွေး နွယ်သစ်ပင်ကို
သွယ်ရစ်ငင် စိုက်ပျိုး။
❖ သစ်ပင်တို့ အေးရိပ်ဆွယ်လျင်
ဘေးဆိပ်ပြယ် ကြွယ်ဝတန်ခိုး။
❖ နွေဘဝ သွေ့ကြလေမည်
ဂေဟာညီ ဆင့်တိုး။
❖ ဒေသမှီ ဖွံ့ဖြိုးလို့
မြင့်အကျိုး ဝေဆာ
မြေဝင္ဘာ အရိပ်မိုးတော့
နိမိတ်ဆိုး ပြယ်တတ်ပေတာ။
